
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


မျက်နှာဖုံးဒီဇိုင်း
ယမုံစိုး
အတွင်းသရုပ်ဖော်
ကျော်ဦး
ကွန်ပြူတာစာစီ
တနည်းဖော်
မျက်နှာဖုံးဖလင်
EAGLE
အတွင်းဖလင်
ရာဇာမျိုးဝင်း
စာအုပ်ချုပ်
တနည်း
အုပ်ရေ
၁၀၀၀ အုပ်
တန်ဖိုး
၁၃၀၀ ကျပ်

ထုတ်ဝေသူ
ဦးအောင်မောင်မြင့်အေး
(မြ-၀၄၁၀၀)
လာဘ်မိုးရွှေစာပေ
ပုံနှိပ်သူ
ဦးဇည်သူကိုကို
(မြ-၁၀၉၈၁)
တော်ဝင်ထွန်းပုံနှိပ်တိုက်

ဖြန့်ချိရေး

အရှေ့ဘက်ကောင်းကင်

အမှတ်(၂၈၂)၊ ပထမထပ်၊ လမ်း–၄၁၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်
ဖုန်း–၀၉၇၃၁၇၁၃၈၁၊ ၀၉၄၂၁၀၅၆၁၃၅၄



www.burmeseclassic.com

# မာတိကာ


၁။ တစ္ဆေလန့်အားနှင့် ကျွန်တော် ..................

၂။ တစ္ဆေသူပုန် ..................................၁

၃။ ရေငံရိုးက တစ္ဆေထိပ်နီ ..........................

၄။ တစ္ဆေရိုက်လို့ သေတဲ့သူ ........................

၅။ တစ္ဆေမွေးသည့် ဒေါ်နန်းအိမ် ....................

၆။ တစ္ဆေပြောသော တရားခံ .........................

၇။ တစ္ဆေတောကြီး မဟာမြိုင် .......................

၈။ သွေးစုပ်ဖုတ်ကောင် မောင်ညီ ...................

၉။ သချိုင်းစောင့် မဖဲဝါနှင့် တွေ့ဆုံခြင်း .............

၁၀။ အပမှီ ဖုတ်ဝင်ခြင်း ............................

၁၁။ သားကိုရှင်ပြုလိုသည့် တစ္ဆေ ....................

၁၂။ တမလွန်ရွာသူ ................................

၁၃။ ကျတ်ကုန်းသို့ အလည်ရောက်ခဲ့သူ .............၁

၁၄။ ဘုန်းကြီးတစ္ဆေ ...............................၁

၁၅။ ကြောက်အောင်ခြောက်တော့ ကြောက်တာပေါ့ ....၁

၁၆။ ကြည်စယ်တတ်တဲ့ တစ္ဆေမ .......................၁

၁၇။ တစ္ဆေရုပ်ဆိုး ..................................၁

၁၈။ ပျံကျတစ္ဆေ ..................................၁







ကျွန်တော်သရဲခြောက်ခံလိုက်ရသည်က ရန်ကုန်-ပြည် ကွန်းလမ်းမကြီးပေါ်၊ သရဖီလမ်းထိပ်၌ဖြစ်၏။ သရဖီလမ်း သည် ယခင်က မှတ်တိုင်တစ်ခု။ ဘီအိုစီနှင့် မြေနီကြား၌ရှိသည့် မှတ်တိုင်တစ်ခု။ (ယခု ထိုမှတ်တိုင်မရှိတော့ပေ)။

အရှေ့အောက်ကောင်းကောင်

www.burmeseclassic.com



၁၉၉၀ ခုနှစ်။

ကျွန်တော်သည် သံလမ်းကျူးကျော်ရပ်ကွက်တစ်ခုမှ အိမ်ကို ဝယ်လိုက်မိသဖြင့် ၁၉၈၈ အရေးအခင်းအပြီး နဝတမှ နိုင်ငံတော် တာဝန်ယူတော့ ပေ ၂၀ ပေ ၆၀ မြေကွက်တစ်ကွက် ကျပ်ငွေ ၁၅၀၀ိ/ကျပ် (တစ်သောင့်ငါးရာကျပ်) တိတိနှင့်ဝယ်ယူခွင့်ရခဲ့၏။ လှိုင်သာယာသို့ပြောင်းရွှေ့ရ၏။ ကျွန်တော်တို့ကျူးကျော်ရပ်ကွက်သည် ပညာရေးဌာနပိုင်မြေပေါ်မှ ရပ်ကွက် ဖြစ်သဖြင့် ပညာရေးဌာနမှ ပြောင်း ရွှေ့ရန် ကား အမင်းစရိတ်ပြန် ပေးခဲ့သည်။

ကိုယ်ပိုင်မြေကွက်ရသဖြင့် လှိုင်သာယာသို့ပြောင်းရွှေ့ရသော်လည်း အလုပ်အကိုင်သည် ရန်ကုန်တွင်ရှိသဖြင့် နေ့စဉ် မနက် ရန်ကုန်မြို့သို့လာပြီး ညသော်နှင့် လှိုင်သာယာပြန်ရ၏။ ထိုစဉ်က လမ်းများလည်းမကောင်းသေး။ ကားလည်း မပေါ်သေး။ ဘသော်ကိုသာ အစိကအားကိုးနေရသည့်အချိန်။ ညကိုးနာရီ နောက်ဆုံးသဘော်အဆိုက်ကို ကြိုကြသည့် ဒိုင်နာကားများ မတိုးနိုင်လျှင် ကိုယ့်ခြေထောက်ကို အားကိုးရ၏။

ထိုအချိန်က ကျွန်တော်လမ်းလျှောက်ပြန်သည်ကများ၏။

◆ ◆ ◆ ◆ ◆

မှတ်မှတ်ရရ ထိုတစ်ညက လရောင်ဝင်းလက်သည့် ဆောင်းတစ်ည။ လရောင်သည် ဖွေးလက်နေပြီး ပတ်ဝန်းကျင်ကို အလင်းရောင်များ ဖြန့်ကျက်ထားသလားထင်ရ၏။





နှင်းပွင့်ဖြူဖြူတို့ကခပ်ပါးပါးကျနေ၏။ ကတ္တရာလမ်းက ခင်းပြီးစမြစ်ပြီး ဘေးတစ်ဖက်တစ်ချက်ရှိ မြောင်းများ၌ ရေမရှိ။ မြေသားတို့က ဖွေးနေ၏။ ဒီနေ့က ည(၉)နာရီသဘော်သာရှိသဖြင့် ကားတစ်တန် ဆိုက္ကားတစ်တန်နှင့် ကမ်းနားအရောက်လာပြီး သမ္မာန် နှင့် မြစ်ကူးရ၏။ သမ္မာန်နှင့်ကူးရသည်က အန္တရာယ်ကြီး၏။

ဒီမှာဘက်ကမ်း၌ လူရှင်းနေပြီ။ ကျွန်တော်သည် လွယ်အိတ်စလွယ်သိုင်းပြီး တွံ့တေးသိန်းတန်၏ မေတ္တာမီးအိမ်သီချင်းနှင့် ခရီးပြင်းနှင်ခဲ့၏။ တံတားဖြူအရောက် နာရီကြည့်လိုက်တော့ ည(၁၂)နာရီကျော်ပြီ။ လမ်းမပေါ်၌ကျွန်တော်တစ်ယောက်တည်း။ ညသည်အိမ်မင်းနေပြီ။ ညည့်ငှက်အော်သံ၊ ပိုးမွှားကောင်ပေါ်၏အော်သံမှလွဲ၍ ဘာသံမှ မကြားရ။

ခပ်သွက်သွက်ခရီးနှင်လာသည့်ကျွန်တော်က မီးခွက်ဈေး၊ ငါးထိပ်၊ စနေမံတို့ကျော်ခဲ့ပြီ။ ကျွန်တော်နေသည့်(၁၁)ရပ်ကွက်က ဘီအိုစီမှ ဖြတ်ရမည်ဖြစ်သဖြင့် သရဖီကျော်လျှင် ဘီအိုစီရောက်ပြီ။ လေအဟေ့တွင် အအေးဓာတ်ကိုခံစားရ၏။ ဖိန်းကာနဲ ဖြစ်သွားသည်။

‘ချစ်သူလာသောညက… ရွှေလသာပါတယ်…

ချစ်သူမလာသောညက… ရွှေလဘယ်မှာ ရောက်နေသလဲကွယ်….’

ကျွန်တော် အသံနည်းနည်းကျယ်သွားသည်ကို သတိထားလိုက်မိသည်။ ကျွန်တော့်အကြည့်က ဆိုင်းဘုတ်တစ်ခုဆီရောက်



www.burmeseclassic.com

www.burmeseclassic.com



သွားသည်။ သရဖီ…

သရဖီဆိုင်းဘုတ်ဆီမှ မျက်လုံးအရွှေ၊ ကျွန်တော့် ခြေလှမ်းတို့ တုန့်ကနဲ ဖြစ်သွား၏။ ကတ္တရာလမ်းမပေါ်မှ မြင်ကွင်းတစ်ခုကြောင့်ပင်။ ကတ္တရာလမ်းမပေါ်မှာ လူတစ်ယောက်မှောက်လျက်လဲနေ၏။ သူက ဘာဖြစ်လို့လဲ။ ကားတိုက်သွားသည်လား ဒါလဲမဖြစ်နိုင်။ ကျွန်တော်လျှောက်လာစဉ် ကားတစ်စီးတစ်လေ ဖြတ်သွားဖြတ်လာသည်ကို မမြင်ရ။

တန်တော့ မူးတစ်ယောက်များလား။

ဒါဆိုရင်တော့ ကျွန်တော်လူသားချင်းစာနာရမည်။ မူးပြီး ကားလမ်းပေါ်အိပ်နေလျှင် အအေးဒဏ်ကြောင့် အနိစ္စသဘောနှင့် ကိစ္စချောသွားနိုင်သည်။

ဤသို့ဆိုလျှင် ကျွန်တော် ကူမှ…။

♦ ♦ ♦ ♦ ♦

ကျွန်တော့်အတွေးမဆုံးခင် သူထလိုက်သည်ကိုတွေ့ရသည်။ ပုတ်အဲ့အဲ့ အနံ့တစ်ခုရှူရှိုက်လိုက်ရ၏။ ကျွန်တော်တအံ့တသြရှေ့ရှုတ်လိုက်၏။ မှန်သည်။ ဒီငနဲ့အရုပ်ကရှည်လွန်းပါ့။ ကျွန်တော် မော့ကြည့်ရသည်။

ထို့အတူ ကြက်သီးမွေးညင်းတွေ ထသွား၏။ သူကမူ ကျွန်တော့်ကို လှည့်မကြည့်။ ဘယ်ဘက်မြောင်းထဲ ဆင်းသွားသည်။ ကျွန်တော်လမ်းပေါ်မှ ခဲတစ်လုံးကောက်ပြီး သူ့နောက်ပြေးလိုက်





ခဲ့၏။ မြောင်းစပ်သို့ရောက်လေလျှင် ကျွန်တော့်ခြေလှမ်းတို့တုန့်ကနဲ ရပ်သွား၏။ ကြက်သီးမွေးညင်းတို့ထလို့၊ ခေါင်းကပုတ်သောက်ကြီး သွားသလား မသိပါ။

မြောင်းထဲဆင်းသွားသည့် ကိုလောရှည်က စုတ်စမြုပ်စ ပျောက်သွားသည်။

"ငါ …. ငါ သရဲခြောက်ခံရတာလား"

ကျွန်တော် ဤသို့တွေးလိုက်မိတော့ ခြေလှမ်းတွေ ဆက်လှမ်းမရတော့။ ကြက်သီးတွေထ၊ ခေါင်းတွေကြီးနေသည်။ ထို့ကြောင့် သရဖီလမ်းမှဆင်းပြီး ရပ်ကွက်ထဲမှ အိမ်သို့ ပြန်ခဲ့သည်။ အိမ်ရောက်၍ ဖနီးသည်ကို ပြောပြတော့…

"သရဲခြောက်တာနေမှာပေါ့ယောကျ်ားရယ်"

ဟု ပြောသည်။

♦ ♦ ♦ ♦ ♦

မှန်သည်။ နောက်တစ်နေ့ နံနက်ရောက်တော့ သရဲခြောက်တာ အမှန်ဖြစ်ကြောင်း အတည်ပြုနိုင်ခဲ့သည်။

"စဉ်းစားမနေပါနဲ့ဆရာရယ်၊ ဆရာ တစ္ဆေလန်ဘားနဲ့တွေ့ခဲ့တာပါ၊ မနက်ကလဲ ကားတစ်စီး လန်ဘားကိုရှောင်ရင်း ချောက်ထဲကျသွားတယ်လေ..၊ အခုတလော တစ္ဆေလန်ဘား ဒီနားဟာသောင်းကျန်းနေတယ်…၊ တစ္ဆေလန်ဘားဆိုတာ ကျွန်တော်တို့ရပ်ကွက်က အခြေအနေမဲ့ ကုလားလေ၊ သရဖီထိပ်မှာ ကားတိုက်ခံရဟာ၊ ဒီ



www.burmeseclassic.com

www.burmeseclassic.com



ကောင် မကျွတ်မလွတ်သေးတာဖြစ်မယ်၊ ရုပ်ကွက်ကို နှိုးဆော်ပြီး သပိတ်သွတ်၊ အမျှဝေပေးဦးမှ

ဟုပြောသည်။

ကျွန်တော့်အတွက်မူ လှိုင်သာယာ့ရောက်ပြီး သရဲအခြောက်ခံရသည့် အတွေ့အကြုံကို မမေ့နိုင်တော့ပေ။

◆ ◆ ◆ ◆ ◆

ဒေဝါ










မိမိသည် တစ်ချိန်က နိုင်ငံ့ဝန်ထမ်းတစ်ဦး ဖြစ်ခဲ့ဖူး၏။ မိမိနိုင်ငံ၊ မိမိလူမျိုး၊ မိမိတပ်မတော်အတွက် အသက်ဒွန့်ဖျန့်ဝန်မလေးသည့် တပ်မတော်သားတစ်ဦး ဖြစ်ခဲ့ဖူးသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် တောတောင်အထပ်ထပ်အား မိမိကျော်ဖြတ်စစ်ဆင်ခဲ့ဖူး၏။ မိမိတို့ တပ်မတော်နှင့် ရောင်နံ့သောင်း ကျွန်းသူတို့ထိတွေ့တိုက်ပွဲများဆင်နွှဲခဲ့ဖူး၏။ သွေးညှီနံ့များ၊ လူသေအလောင်းများကြား၌ အိပ်စက်ခဲ့ဖူး၏။

မှန်သည်။ ထူးခြားသော ဆန်းကြယ်သောအဖြစ်အပျက်ပေါင်းများစွာကြုံတွေ့ဖူးသော်လည်း လွမ်းမောခြင်းမရှိခဲ့၊ သတိမရခဲ့။ သို့စေကာမူ ထိုအဖြစ်ကိုမူ မိမိသတိရနေမိ၏။ လွမ်းမောတသ မမေ့နိုင်စရာရှိခဲ့၏။

ထိုအဖြစ်က ....

◆ ◆ ◆ ◆ ◆

တပ်မတော်သို့ရောက်ခဲ့သည့် လူငယ်တိုင်းတွင် တူညီသည့် စိတ်တစ်ခုရှိခဲ့သည်။ ထိုစိတ်က အခြားမဟုတ်။ တပ်မတော်တွင်းသို့ ရောက်ခဲ့သည့် လူငယ်တိုင်းသည် စစ်တိုက်ရန်အမြဲတမ်းတက်ကြွနေကြပြီး ရှေ့တန်းစစ်မြေပြင်၌ ပျော်ရွှင်နေခြင်းဖြစ်သည်။

မိမိ တပ်မတော်သို့ ဝင်ရောက်စဉ်က မိမိသည် ပညာရည်မနိမ့်ပါ။ ဆယ်တန်းပညာရှိသူဖြစ်သဖြင့် လက်ရုံးတပ်များသို့ဝင်လိုလျှင် ဝင်နိုင်သည့် အခြေအနေဖြစ်သည်။

ရင်းနှီးသော အချို့သော စစ်သားဟောင်းကြီးများကလက်ရုံးတပ်များသို့ဝင်ရန် စေတနာစကားဆိုကြ၏။ ကျွန်တော်





ခေါင်းမငြိမ့်ခဲ့ပါ။

'ဟုတ်ကဲ့၊ ကျေးဇူးပါပဲခင်ဗျာ၊ ကျွန်တော် စစ်ထဲဝင်တာစစ်တိုက်ချင်လို့ပါ၊ ဒါကြောင့် ကျွန်တော်တပ်မတော်(ကြည်း)ကတိုက်ခိုက်ရေးတပ်ထဲပဲ ဝင်ပါရစေ'

ဟုဆိုခဲ့၏။ တိုက်ခိုက်ရေးတပ်ဟု ဆိုကြသည့် ခြေလျင်တပ်အတွင်းသို့ ဝင်ခဲ့သည်။

မေမြို့တွင် စစ်ပညာအခြေခံသင်တန်းတက်ပြီး ပုပ္ပါးတွင်အဆင့်မြင့် စစ်ပညာသင်ရ၏။ ထို့နောက်မိမိသည် မြောက်များဒေသတွင်ရှိသည့် ခြေလျင်တပ်ရင်း၌ တာဝန်ကျခဲ့၏။

မိမိ တပ်ရင်းသည် မြစ်ကြီးနား ကျွန်းပင်သာ၌ ရှိပြီးစစ်ဆင်ရေးအဖြစ် ချီဖွေ၊ လေခေါင်၊ ထန်တုံ၊ နမ္မန်ပေါ် စသည့်ဒေသများတွင် တာဝန်ကျခဲ့၏။

ယခု မိမိတင်ပြမည့်အဖြစ်အပျက်သည် ကတော်ဘာဒါရွာ၌ ဖြစ်ပျက်ခဲ့သည့် အဖြစ်အပျက် ဖြစ်ပါသည်။

ထိုစဉ်က ကျွန်တော်တို့တပ်ခွဲသည် ရွှေ့လျားတပ်ခွဲအဖြစ် တာဝန်ယူရပါသည်။ ထို့ကြောင့် ကျွန်တော်တို့တပ်ခွဲသည်စခန်းထိုင်ခြင်း မပြုရပါ။

စစ်ကြောင်းအဖြစ် ရွှေ့လျားနေရပါသည်။

ကျွန်တော်တို့တပ်စုသည် တပ်ခွဲမှအထူးတပ်စုဖြစ်သကဲ့သို့ ချေမှုန်းရေးတာဝန် ယူရပါသည်။ သတင်းအရ လှုပ်ရှားနေ



www.burmeseclassic.com

www.burmeseclassic.com



သော ကေအိုင်အေတပ်အား လိုက်လံချေမှုန်းနေချိန်။

မိမိတို့သည် ရန်သူနောက်သို့ ချေမှုန်းရန်လိုက်ခဲ့စဉ် ရှေ့တန်းရုံးမှ ရန်သူ့တပ်သည် ဤဒေသသို့ရောက်လာမည့်အကြောင်း ပိတ်ဆို့တိုက်ခိုက်ရန် ညွှန်ကြားသဖြင့် မိမိတို့ ကတော်ကဒါရွာမှ ရန်သူအား ပိတ်ဆို့တိုက်ခိုက်ရန် တာဝန်ယူရပါသည်။

မိမိတို့ ရန်သူ့စစ်ကြောင်းအား ဖြတ်တိုက်ခံစစ်ပြုရန် နေရာက ကတော်ကဒါရွာ။

◆ ◆ ◆ ◆ ◆

မိမိတို့စစ်ကြောင်းသည် သောင်းကျန်းသူတပ်အား ဖြတ်တိုက်ပြီး ကစဉ့်ကလျားဖြစ်သွားသည့် ရန်သူ့တပ်နောက်သို့ လိုက်ရင်း ကတော်ကဒါရွာသို့ ရောက်ခဲ့ပြီ။

ညနေစောင်းဖြစ်သဖြင့် အအေးဒဏ်ခံရပြီ။

မိမိတို့တပ်စု ရန်သူအား ရှင်းလင်းတိုက်ခိုက်ပြီး ရွာသို့ဝင်ချိန်က ညနေ ၅ နာရီ။ ရာသီဥတုက အေးစိမ့်စိမ့်။

ကချင်ပြည်နယ်၏ရာသီဥတုသည် မြေပြန့်ရာသီဥတုနှင့် မတူပါ။ နွေ မိုး ဆောင်း ဟူ၍ ဥတုသုံးလီရှိသည်။

မြောက်ဖျားဒေသ ကချင်ပြည်နယ်၌ ဤသို့မဟုတ်။ နွေ မိုး ဆောင်း ဟူ၍ ဥတုသုံးလီရှိသည့်အနက် နွေဥတုသည် ပျောက်ဆုံးနေ၏။

မိုး (၆) လ၊ ဆောင်း (၆) လသာရှိသည်။ ထို့ကြောင့်





အစဉ်အမြဲ အအေးပိုကဲနေသည်။ စိုစွတ်နေသည်။

အချို့နေရာ (ပန်ဆမ်းတောင်ကြားလမ်း)ကဲ့သို့ နေရာမျိုးတွင် အအေးပိုကဲသည်။ နေရောင်ခြည်အား နေ့ (၁) နာရီဝန်းကျင်၌တွေ့ရပြီး (၂) နာရီဝန်းကျင်၌ ပျောက်သွားတတ်သည်။

ယခု မိမိတို့ရောက်ရှိနေသည့်နေရာတွင် အအေးကဲနေသည်။ မိုးက စွတ်စွတ်ရွာထားသဖြင့် မြေက ချောနေသည်။

တပ်စိတ်မှူးက

'အချိန်စောသေးလို့ ကင်းရှည်ထွက်ရမယ်'

ဟု အမိန့်ပေးပြီး မိမိအား ကင်းရှည်ထွက်စေသည်။ ကင်းရှည်က ရွာထိပ်နှင့်ကိုက် (၁၀၀) ခန့် ဝေးသည့်နေရာဖြစ်သည်။

မိမိကင်းရှည်ယူရသည့်နေရာက ရွာအဝင်လမ်း တစ်နေရာ ဖြစ်သည်။ ရွာက ကုန်းမြင့်ပေါ်၌ဖြစ်ပြီး ဆင်ခြေလျှောလမ်းဝတွင် ဖြစ်သည်။ မိမိကင်းရှည်ယူရသည့်နေရာမှ ကြည့်လျှင်အပေါ်စီးမှ ဖြစ်သဖြင့်လမ်းကြောင်းကို စီးဘားသကဲ့သို့ဖြစ်ပြီး ထ၍ကြည့်လျှင် လမ်းကြောင်းအောက်ဖက်မြေပြင်ကို အတိုင်းသား မြင်ရသည်။

လမ်းက ဆင်ခြေလျှောလမ်းဖြစ်ပြီး ဆင်ခြေလျှောလမ်းအောက်၌ လွင်ပြင်ကျယ်ရှိ၏။ လွင်ပြင်ကျယ်၌ မြက်ပင်များပေါက်နေပြီး ပုန်းလို့မရသည့် မြေပြင်ဖြစ်၏။

◆ ◆ ◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



ကင်းရှည်ယူရမည့်နေရာအား တပ်စိတ်မှူးကိုယ်တိုင် လိုက်ပြပြီး …

'ဒီနေရာမှာ ကင်းရှည်တာဝန်ယူရမယ်နော်၊ အဓိက က သတိရှိဖို့ပဲ၊ သတိလက်မလွတ်စေနဲ့၊ ကင်းရှည်ရုတ်ဖို့ ငါလာခေါ်မယ်'

ဟု မှာပြီး ပြန်သွားသည်။

ကျွန်တော်က ပစ်ကွင်း၊ မြင်ကွင်းကောင်းသည့်နေရာအား ရွေးချယ်ရ၏။ မှန်သည်။ စစ်မြေပြင် အတွေ့အကြုံအရ ကင်းသမားအတွက် ပစ်ကွင်း၊ မြင်ကွင်းကောင်းသည့်နေရာအား ရွေးချယ်ရမည် ဖြစ်သလို ထိုနေရာသည် ကျည်ကွယ်မကောင်းစေကာမူ မျက်ကွယ်ကောင်းရသည်။

မိမိသည် နေရာယူပြီးသည်နှင့် သေနတ်ကိုလက်ခံ့တွင် တင်လိုက်၏။ ပြီးနောက် ကင်းတာဝန်အား ယူရ၏။

မိမိသည် မျက်စိကိုဖွင့်၊ နားစွင့်ထားရ၏။ သတိ ကိုယ်မှ မကွာစေရ။ အဘယ့်ကြောင့်ဆိုသော် ကင်းသမားသည် ရဲဘော်များ၏ အသက်အိုးအိမ်စည်းစိမ်လုံခြုံမှုအတွက် အဓိကကျနေသောကြောင့်တည်း။

တဖြည်းဖြည်း အချိန်ကုန်ခဲ့ပြီ။

နေမင်း၏အသွင်အလျားကို ပီပြင်စွာမမြင်ရသော်လည်း အလင်းရောင်ချုပ်ငြိမ်းစပြုပြီဟုသိရ၏။ အလင်းရောင်အားနည်း





လာသည်နှင့်အမျှ အမှောင်ကကြီးစိုးစပြုလာ၏။

မြေပြန့်တွင်ဆိုရင်တော့ ဒီအချိန်က နွားရိုင်းသွင်းချိန်အခါသမယ။ အမှောင်က ကြီးစိုးစပြုလာသကဲ့သို့ မကြာမီနေဝင်တော့မည်။ နေ့တစ်နေ့ချုပ်ငြိမ်း၍ ညတစ်ညစတော့မည်။ မကြာမီ ကင်းရှည်ရုတ်ရတော့မည်။

ပြီးတော့ ဒီအချိန်က အရေးကြီးသည်။

အဘယ့်ကြောင့်ဆိုသော် ညနေ နေဝင်ရီတရောအချိန်နှင့် နံနက်မိုးလင်းစအချိန်သည် စခန်းသိမ်းတိုက်ပွဲ ဆင်နွှဲရန် အရေးကြီးသည့်အချိန် ဖြစ်သည်မဟုတ်လား။ ထိုအချိန် မိမိမျက်ဝန်းသူငယ်အိမ်အတွင်းသို့ သဏ္ဍာန်တစ်ခု ကျူးဝင်လာသည်။

အခြားမဟုတ်။ အစိမ်းရောင်ကေအိုင်အေယူနီဖောင်း ဝတ်သူတစ်ဦး၊ သေနတ်ကို ဇော်ထမ်းထမ်းကာ တရွေ့ရွေ့နှင့် ကုန်းပေါ်သို့ တက်လာခြင်းဖြစ်သည်။

သူသည် ခေါင်းငုံ့လျက်။ သူ့ပုံက ပင်ပန်းနွမ်းနယ်နေသည့်ပုံ။ မည်သို့ဆိုစေ။ သူ့ကိုတွေ့လိုက်ရလျှင် မိမိလွန်စွာပျော်ရွှင်သွား၏။ ဘာပဲဖြစ်ဖြစ်၊ ဒါက ကံကောင်းခြင်းလက်ဆောင်တစ်ခုဟု ဆိုနိုင်သည်။ အကြောင်းကိုဆိုရလျှင် ရှေ့တန်းတွင် ရန်သူ၏ သေနတ်တစ်လက်ရလျှင် ချက်ချင်း ရာထူးတိုးမြှင့်ပေးခြင်းခံရသောကြောင့် ဖြစ်သည်။

မိမိသည် သေနတ်ပြောင်းကို သစ်ပင်ခွ၌ တင်လိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ပုခုံးတွင်ထောက်က ချိန်လိုက်၏။ သူက နီးလာပြီ။ ကျွန်တော် အသက်ကိုမှန်မှန်ရှူကာ သေနတ်မောင်းကွင်းပေါ်သို့လက်ဘင်ပြီး စိတ်ထဲတွင် အမှတ်စဉ် ရေလိုက်သည်။

'တစ်'

'နှစ်'

'သုံး'

သေနတ်ကို ဖော်ထမ်းထမ်းကာ တက်လာသူနှင့် မိမိ ကိုက် (၃၀) ခန့်အကွာသို့အရောက်တွင် အသက်မှန်မှန်ရှူပြီး မောင်းကို ညှစ်ကွေးလိုက်သည်။

'ဒိုင်း'

သေနတ်သံက ကျယ်လောင်စွာ ပေါ်ထွက်လာခဲ့သလို ထိုင်နေသည် ဆတ်ကနဲတွန့်သွားပြီး ရုပ်သေးကြိုးပြတ်လဲကျသွား သည်။ ပြီးတော့ ဒလိမ့်ခေါက်ကွေး လိမ့်ကျသွား၏။

မိမိကသေနတ်ကို မြင်ကွင်းမှမရွှေ့စေပဲသတိရှိရှိ ကြည့်နေ ၏။ လိမ့်ကျသွားသည်ကိုတွေ့ရ၏။ မှန်သွားသည်ဟု မိမိသိသည် သို့သော်လိုက်၍မရ။ နောက်မှ ရောက်လာမည့်တပ်ကို စောင့်ရမည်။

ထို့ကြောင့် ငုံ့ကျသွားသည့်နေရာအား ငေးကြည့်ရင်း နောက်ကတပ်ကို စောင့်နေ၏။ စက္ကန့်အနည်းငယ်အတွင်း တပ်စိတ် မှူးနှင့် ရဲဘော်တွေရောက်လာ၏။

'ဘာဖြစ်လဲ ထွန်းထွန်း'





'ရန်သူတက်လာလို့ပစ်လိုက်တာ၊ မှန်သွားတယ်'

ဟု မိမိပြောလိုက်သလို တပ်စိတ်မှူး၊ ရဲဘော်များနှင့် အတူ ရန်သူကျသွားသည့် ဆင်ခြေလျှောအတိုင်း ဆင်းလိုက်ခဲ့ သည်။

တစ်တောင်ခန့်ရှည်သည့် မြက်ရိုင်းပင်တို့ ယိုင်လဲနေ သည်ကို တွေ့ရသော်လည်း ကွင်းပြင်၌ မည်သည့်သဏ္ဍာန်မှ မတွေ့ရ။

တပ်စိတ်မှူးကမူ ဘာမှမပြော။

'ကျွန်တော် အသေအချာချိန်ပြီး ပစ်လိုက်တာဆရာ၊ ထိ သွားတာ အသေအချာပဲ၊ လိမ့်ကျသွားတာလဲ ကျွန်တော့်မျက်မြင် ပဲ၊ ပြီးတော့ ကျွန်တော်ကြည့်နေတာပြေးမသွားဘူး၊ ဒီအချိန်အတော အတွင်း ဘယ်မှလဲ ပြေးမသွားနိုင်ပါဘူး'

'ဟုတ်ပါတယ်၊ ငါ...ယုံပါတယ်'

ဟု တပ်စိတ်မှူးကပြောပြီး မိမိပုခုံးကိုဆုပ်ကိုင်လိုက်သည်။ ပြီးတော့...

'သွားစို့'

ဟုဆိုပြီး အပေါ်သို့ ပြန်တက်ခဲ့သည်။

ကျွန်တော်၏ စိတ်ထဲ၌မူ မကျေနပ်နိုင်။

ထိုညက မိမိအား တပ်စိတ်မှူးက ကင်းလွှတ်ခဲ့သည်။ ညနေက အဖြစ်အားလည်း ဘာမှမပြောခဲ့။ မိမိကိုယ်တိုင်လည်း



www.burmeseclassic.com

www.burmeseclassic.com



ညနေက အဖြစ်အား စဉ်းစားစရာ အဖြေမရခဲ့ပါ။ သည်လိုနှင့်တ ညကုန်လွန်ပြီး တစ်နေ့စလျှင် မိမိတပ်စိတ်မှူးအနားသို့ချဉ်းကပ်

'မနေ့ညနေက အဖြစ်နဲ့ပတ်သက်ပြီး ကျွန်တော် မလ ပါဘူး ဆရာ၊ တကယ်တွေ့ပြီး တကယ်ပစ်၊ တကယ်မှန်သွ ကာပါ ဆရာ၊ ကျွန်တော် မပြောနိုင်တာက ဘယ်လိုပျောက်သွ တယ်ဆိုတာပါ'

တပ်စိတ်မှူးက ကြင်နာစွာ ကျွန်တော့်ကို ပြုံးကြည့်

'မင်းအဖြစ်ကို ငါယုံပါတယ်၊ မင်းမလိမ်ဘူးဆိုတာလဲ င သိပါတယ်၊ ပြီးတော့ဒီအဖြစ်ဟာဘယ်လိုအဖြစ်ဆိုတာလဲ ငါသိတယ်'

ဟုပြောသည်။ မိမိ အံ့သြရ၏။

'နေပါဦးဆရာ၊ ဒီအဖြစ်ကို ဆရာ တကယ်သိတယ်ဆိုတေ ဒီအဖြစ်က ဘယ်လိုအဖြစ်လဲ၊ ကျွန်တော့်ကို ပြောစမ်းပါ'

'အေး ငါပြောပြမယ်၊ ရှင်းရှင်းပြောရရင် မနေ့ညနေ နေဝင်စ နွားရိုင်းသွင်းချိန်မှာ တွေ့ရတာ လူသားစစ်စစ်မဟုတ်ဘူ နာနာဘာဝ မကောင်းဆိုးဝါးကွ၊ မင်း နားလည်အောင် ပြောရရ မင်း တစ္ဆေခြောက်ခံရတာပဲ'

'ဗျာ'

မိမိ တအံ့တသြ ဆရာကျော်ကို ကြည့်လိုက်၏။ ဆရာ ကျော်က တည်ငြိမ်စွာဖြင့်

'သည်နေရာက တို့တပ်မဝင်ခင်(၁၆)လှုပ်ရှားစစ်ကြောင်





ဝန်ယူနေချိန် (၁၆)က ကေအိုင်အေတွေကို ခြုံခိုတိုက်ခိုက်အောင် ခဲ့တဲ့နေရာပဲ၊ ကေအိုင်အေတွေအများကြီး ဒီနေရာမှာ ကျဆုံးခဲ့ တယ်၊ မနေ့က မင်းတွေ့လိုက်ရတာ အဲဒီတိုက်ပွဲမှာ ကျသွားတဲ့ ကေအိုင်အေတစ်ယောက်ရဲ့ ဝိညာဉ်ပဲဖြစ်မယ်၊ ရှင်းရှင်း ပြောရရင် ဝိညာဉ်က မင်းကိုခြောက်လှန့်လိုက်တာပဲ'

ဟုရှင်းပြ၏။

'ဆရာ ဒါကြောင့် ညက မပြောတာလား'

'ဟုတ်တယ်၊ မင်းကို ညကပြောလိုက်ရင် မင်းစိတ်ခြောက် ားပြီး စိတ်ရဲ့ခြောက်လှန့်ခြင်း ခံရမယ်၊ ဒါကြောင့်ငါ မပြောတာ ဲ.. မေ့လိုက်တော့'

ဟု ဆရာကျော်က ပြော၏။ မိမိကမူ မမေ့နိုင်ပါ။ ဤ အဖြစ်သည် မိမိအတွက် စစ်သားဘဝ၏ အမှတ်တရတစ်ခုပင်။ ဘယ်လိုမေ့နိုင်ပါမည်နည်း။

◆ ◆ ◆ ◆ ◆

ဒေဝေါ



www.burmeseclassic.com

www.burmeseclassic.com





# ရေင်ရိုးက တစ္ဆေထိပ်နီ

ရန်ကုန်-ပဲခူးလမ်းတွင် အင်းတိုင်လမ်းခွဲရှိသည်။

လမ်းခွဲမှဝင်ပြီး အင်းတိုင်ကိုလွန်သော် သနပ်ပင်ဆိုသည့်ရွာတစ်ရွာ ရှိသည်။ ထိုရွာတွင်ရှိသော လူအများစုက လယ်လုပ်သူများ ဖြစ်သည်။





ထိုရွာ၌ ကွင်းကြမ်းသည်ဟု ဆို၏။ ကွင်းပိုင်က မောင်နှမဟု ဆိုသည်။ လင်မယားပင် မဲတောင်းပန်ဘဲ လက်တွဲမသွားရ။ တောင်းပန်ဘဲသွားလျှင် မြွေတွေ့တတ်သည်။ တွေ့သည့်မြွေကလည်း မြွေပွေးချည်း။ မြွေလည်းပေါသည်။

သို့သော် အများအပယ်မရှိလျှင် ပြဿနာမရှိ။ သည်ရွာ၌ အများအပယ်မရှိဘဲ မြွေကိုက်သေဆုံးသူမရှိ။

ပြီးတော့ ထိုကွင်းက စပါးထွက်ကောင်း၏။ ကွင်းကလည်း ကျယ်သည်။ စပါးသီးချိန်၌ မြစိမ်းတောအလား။ စပါးမှည့်ချိန်ဝါရွှေသည့်စပါးခင်းက ရွှေဝါရောင်တောက်ပပြီး အားရစရာ။ ရွာနှင့် ကွင်းကြား၌ ရိုးတစ်ခု ရှိသည်။ ထိုရွာသူရွာသားတွေက ထိုရိုးကို ရေင်ရိုးဟု ခေါ်သည်။

ထိုရေင်ရိုးကို ပိုင်စိုးသူက 'တစ္ဆေထိပ်နီ'။

တစ္ဆေထိပ်နီက သားစိမ်းငါးစိမ်း ကြိုက်သည်။ သားစိမ်းငါးစိမ်းနှင့် ရေင်ရိုးဖြတ်သူတိုင်း တစ္ဆေထိပ်နီကို သားစိမ်း၊ ငါးစိမ်း ပစ်ကျွေးရသည်။ သို့မဟုတ်လျှင်ကား သားစိမ်းငါးစိမ်းနှင့် ရေင်ရိုးကို ကျော်၍မရ။ တစ္ဆေထိပ်နီနှင့် တစ်ပွဲတစ်လမ်းအကဲစမ်းရစမြဲဟု ပြောစမှတ်ရှိ၏။

◆ ◆ ◆ ◆ ◆

ကျွန်တော် ထိုရွာသို့ရောက်စဉ် တစ္ဆေထိပ်နီနှင့် သူနိုင်ကိုယ်နိုင် အပြိုင်ကြဲခဲ့ပြီး တစ္ဆေထိပ်နီပေးသည့်ဒုက္ခကို မသေရုံ



www.burmeseclassic.com

www.burmeseclassic.com



အမည်ခံလိုက်ရသူတစ်ဦးနှင့် တွေ့ခဲ့ရသည်။

သူ့အမည်က ကိုတင်အေး ဖြစ်သည်။ သူက အရပ်အမောင်းကောင်းပြီး အသားညိုသည်။ စကားနည်းသူ၊ ကွမ်းကြိုက်သူ၊ အေးအေးတည်ငြိမ်သူလည်းဖြစ်၏။ သူက အလုပ်ကြိုးစားပြီး သားရှာ၊ ငါးရှာကောင်းသူ။ တစ်ခုရှိသည်က ကိုတင်အေးသည် အရက်ကလေးဝင်ပြီဆိုလျှင် တစ်ဖွတ်ထိုးနိုင်၏။

'ပြောရရင် အဲဒီနေ့ကကျွန်တော်နဲ့ တစ္ဆေထိပ်နှီ ပြဿနာ ဖြစ်တာလဲ တစ်ဖွတ်ထိုးစိတ်ကြောင့်ပဲ ဆရာရဲ့'

ဟု သူကပြောသည်။

ကိုတင်အေးက အရက်ကလေးဝင်ပြီဆိုလျှင် တစ်ဖွတ်ထိုးနိုင်သကဲ့သို့ သားငါးနှင့်ပတ်သက်၍လည်း အမြဲတမ်းလောဘကြီးသည်ဟု ရွာမှလူတွေက ပြောသည်။

ဤကဲ့သို့ပင် ကိုတင်အေးကို တချို့က အကုသိုလ်ပွဲစားဟု ခေါ်သည်။ အချို့က တစ်ပွဲစားဟု ခေါ်သည်။

ကိုတင်အေးက ငါးရှာဖားရှာကိစ္စကို ငယ်စဉ်တောင်ကျေးကလေးဘဝကတည်းက ဝါသနာကြီးသလို ရေပြင်ကို ကြည့်ပြီး ငါးရှိ မရှိ သိနေသည်။

ပြီးတော့ ကိုတင်အေးက ငါးရှာဖားရှာ တံငါကိစ္စနှင့် ပတ်သက်၍ စိန်ခေါ်လာလျှင် ဘယ်သူ့ကိုမှ အရှုံးမပေး ဘူ။ ရှုံးခဲ့သည်ဟူ၍လည်း မရှိ။ ဘွာခတ်သူမဟုတ်။ အပြိုင်တွင် ပနိုင်ချည်းပဲ ရခဲ့သူ။





တစ်ခု ထူးခြားသည်က ဒီနေရာငါးမရှိဟု ပြောခဲ့ပေမယ့် အပြိုင်အဆိုင် ငါးရှာမယ်လို့ စိန်ခေါ်လိုက်သည်နှင့် ကိုတင်အေး ရေထဲဆင်းလိုက်ပြီး ရေထဲမှ ပြန်တက်လာပြီဆိုလျှင် ကိုတင်အေး လက်ထဲ၌ အနည်းဆုံး ဟင်းစားပါသည်။

ကိုတင်အေး ငါးရှာပြီဆို မရသည်မရှိ။

◆ ◆ ◆ ◆ ◆

မှတ်မိသေးသည်။ သည်နေ့က ကိုတင်အေးအိမ်မှာညှိ သည်ရောက်နေသည်။ ကိုတင်အေး အရက်တစ်လုံးနှင့် ဇရက် မင်းစည်းစိမ်ခံနေစဉ် ဇနီးဖြစ်သူ မသဲက

'ကိုတင်အေး ညနေစာချက်ဖို့ ဟင်းစားမရှိဘူး'

ဆိုသည်နှင့် ကိုတင်အေး မှိန်းတစ်ချောင်းဆွဲယူသည်။

'ကောင်းပြီ၊ မသဲ၊ ကွမ်းတစ်ရာညက် မကြာစေရဘူး'

ဟု ဆိုပြီး ရိုးထဲဆင်းသည်။

ကိုတင်အေး မှိန်းတစ်ချောင်းနှင့် ရိုးတစ်လျှောက် ငါးရှာရာ ကွမ်းတစ်ရာညက်မကြာခင် ငါးလင်ပန်းတစ်ကောင်နှင့် ငမြွေထိုး တစ်တွဲ ရပြီ။

သည်မှာက ငါးရပြီဆိုလျှင် တစ္ဆေထိပ်နှီအတွက် ငါးစိမ်း အနည်းငယ် ပေးရစမြဲ။ သည်အထာကို ကိုတင်အေးလည်း သိ သည်ပင်။ ခက်နေသည်က ကိုတင်အေး အရက်ကလေးဝင် ပြီဆို တော့ စိတ်က ကြွလာသည်။ လိုက်လျှောညီထွေမဟုတ်ဘဲ ကန့်

www.burmeseclassic.com



လန့် လုပ်ချင်လာသည်။

လက်တစ်ဖက်က ငါးတွဲကိုင်ပြီး တစ်ဖက်လက်မှ မှိန်းနှင့် ရေပြင်ကို ရိုက်လိုက်ပြီး…

'ကဲ… တစ္ဆေထိပ်နီရေ၊ ဒီနေ့တော့ တင်အေးက အစဉ်အလာကို ဖျက်ပြီး မင်းအတွက် ဘာငါးမှ ပေးမှာမဟုတ်ဘူး'

ဟုပြောပြီး ငါးတွဲကို ကိုင်မြှောက်ကာ…

'တစ္ဆေထိပ်နီရေ… မင်းစားချင်ရင်တော့ လုသာယူတော့ဟေ့၊ ဟား၊ ဟား……'

ဟုပြောပြီး ရိုးထဲမှ တက်ရန်ပြင်လိုက်သည်။ ထိုစဉ် ရေခဲလို အေးစက်သည့်လက်တစ်စုံနှင့် တင်အေးပုခုံးကိုဆုပ်ကိုင်ပြီး ဆွဲလှည့်ခြင်းကို ခံလိုက်ရသည်။

'ဝုန်း၊ ဝုန်း'

တင်အေး ရိုးရေထဲ လဲကျသွားသည်။ တင်အေးက သတိရှိသူဖြစ်သဖြင့် လူလဲသွားသော်လည်း ငါးတွဲလက်ထဲမှ လွတ်ကျမသွား။ သူ ဆတ်ကနဲကြည့်လိုက်၏။ ကြောက်ခက်ဖွယ် စူးရဲစွာကြည့်နေသည့် တစ္ဆေထိပ်နီ။ သူ့အား အပေါ်မှမိုးကြည့်နေသည်ဟု သိလိုက်သည်။

တင်အေးက ငါးတွဲကိုင်ရင်း တစ္ဆေထိပ်နီကို ခေါင်းနှင့် ခုန်တိုက်လိုက်သည်။ တစ္ဆေထိပ်နီကိုလည်း ထိုးလိုက်မိ၏။ ဖွဲ့အိပ်ကြီးထိုးရသလို။ ထို့နောက် သူနှင့် တစ္ဆေထိပ်နီ နပန်းလုံးကြသည်။ သူတစ်ပြန် ကိုယ်တစ်ပြန်ဟု ကိုတင်အေးသိသည်။

သူ့လက်မှ ငါးတွဲကိုလည်း မလွှတ်။

သည်စဉ် တစ္ဆေထိပ်နီက တင်အေးကို ခွစီးပြီး လက်ထဲမှ ငါးတွဲကို ဆတ်ကနဲ ဆွဲလိုက်သည်။ လှမ်းဆွဲလိုက်သော်လည်း မရတော့။ ငါးတွဲက တစ္ဆေထိပ်နီ၏လက်ထဲ ပါသွားပြီ။

ကိုတင်အေး ရေနစ်နေသလိုလိုရှိသဖြင့် ခေါင်းကို အတင်းမော့လိုက်သည်။ ခက်သည်က မရ။

'ဝူး…. ဝူး…..'

တစ္ဆေထိပ်နီက မိမိကို ခွစီးပြီး ဆံပင်တွေကို ဆုပ်ကိုင်ကာ ရေထဲ နှစ်နေကြောင်း သူသိသည်။

'ဝူး…. ဝူး…..'

'အားခဲ……'

◆ ◆ ◆ ◆ ◆

ရပ်ရွာသူကြီးဦးထင်ကျော်က

'ကျုပ် မှတ်မိသေးတယ် စာရေးဆရာ၊ ရိုးထဲမှာ တစ်ခုခုဖြစ်နေပြီဆိုတာသိလို့ သွားကြည့်မိတာလေ၊ ဒါကြောင့် တင်အေး အသက်ရှင်တာ၊ နို့မို့ဆိုရင် အခု တင်အေးမရှိတော့ဘူး'

ဟုပြောပြသည်။

မှန်သည်။ ထိုနေ့က သူကြီးဦးထင်ကျော်နှင့်တစ်ယောက် သွားကြည့်တော့ တင်အေးကို တစ်ခုံတစ်ယောက် ရေနှစ်နေ







www.burmeseclassic.com

www.burmeseclassic.com



သည်ဟု သိရသည်။ တင်အေးလက်ထဲ၌ ငါးတွဲလည်း မရှိတော့။ သတိလစ်နေပြီ။

ချက်ချင်း တင်အေးကို အိမ်သို့ပို့သည်။ အိမ်ရောက်တဲ့အထိ တင်အေး သတိမရ။ ချက်ချင်းသရာတော်အား လျှောက်ထားပင့်ရသည်။ ဆရာတော်ကြွလာပြီး ရေမန်းတိုက်သည်။

'အတွေ့မြန်လို့ပေါ့၊ နို့မို့ဆိုရင် မလွယ်ဘူး၊ တင်အေးအဖြစ်က တစ္ဆေထိပ်နီကို စိန်ခေါ်သလိုဖြစ်နေတာပဲ'

ဟု မိန့်သည်။

တင်အေး တော်တော်နှင့်သတိမရ။ သတိရလာတော့

'ထိပ်နီ မလုပ်နဲ့၊ ငါ့ကို မလုပ်ပါနဲ့'

ဟု ယောင်ရမ်းအော်နေသည်။

တင်အေး သတိရလာသော်လည်း မည်သူမျှ အကျိုးအကြောင်းကို မမေးကြ။ တင်အေး တစ်လခန့်အိပ်ယာထဲလဲပြီး ဆံပင်တွေ ကျွတ်ကုန်သည်။

အဆုံးသဖြင့် တင်အေး ငယ်ထိပ်ကဆံပင်တွေ လုံးဝကျွတ်သွားပြီး ထိပ်ပြောင်ကြီး ဖြစ်သွားသည်။

ဒီအတွက် အားလုံးက အံ့သြနေကြ၏။

ကိုတင်အေးကမူ မချိတင်ကဲအပြုံးနှင့်

'ဒါက ငါ့ဘဝအတွက် အမှတ်တရပဲလေ၊ နဖူးပြောင်ပြောင်၊ သွေးသံရဲရဲ၊ လောက်တဖွားဖွားဖြစ်နေတဲ့ တစ္ဆေထိပ်နီက





ငါ့ထိပ်က ဆံပင်ကို ဆုပ်ကိုင်ပြီး ငါ့ကို ရေတဲနှစ်ခဲ့လို့ အခုလိုဖြစ်သွားတာ'

ဟုပြောသည်။ ရင်းနှီးသူတွေက

'ဟုတ်တယ်၊ ဟုတ်တယ်၊ ဟိုက တစ္ဆေထိပ်နီ၊ မင်းကထိပ်ပြောင်တင်အေး ဖြစ်သွားပြီလေ၊ တွေ့ဆုံခြင်းအမှတ်တရပေါ့'

ဟုပြောသည်။ မှန်သည်။

သနပ်ပင်ရွာသူရွာသားတွေကလည်း ဒါကိုမမေ့ကြ။ သရဲတစ္ဆေအကြောင်း ပြောပြီဆိုလျှင်၊ ရွာ၏ အမှတ်တရအကြောင်းတွေကို ပြောပြီဆိုလျှင် တင်အေးနှင့် တစ္ဆေထိပ်နီ အကြောင်း ပြောစမြဲ။

တစ္ဆေထိပ်နီ၏ အရှိန်အဝါကလည်း ကြီးမားဆဲ။

အချိန်တွေကြာခဲ့ပြီဖြစ်သော်လည်း ရေငရဲကို ရောက်ပြီဆို တစ္ဆေထိပ်နီကို သတိရကြသည်။ သားစိမ်း၊ ငါးစိမ်းကို တင်မြှောက်ကြသည်။ မှန်သည် မှားသည်မသိသော်လည်း ဒီကနေ့အထိ တစ္ဆေထိပ်နီကို မမေ့ကြသေး။

ကိုတင်အေးမသေဆုံးမီ ၂၀၀၅ ခုနှစ်၊ ကျွန်တော်နှင့်တွေ့တော့ ...

'ငါ ရွာမရောက်တာ အတော်ကြာပြီ၊ ဒါပေမယ့် တစ္ဆေထိပ်နီကိုတော့ မေ့မရဘူးကွာ၊ တစ္ဆေထိပ်နီက သနပ်ပင်ရွာ



www.burmeseclassic.com

www.burmeseclassic.com



ထင်ရှားသလို ငါကလဲ တစ္ဆေထိပ်နီကြောင့် နေရာဘာကာ ရောက်လေရာမှာ ထိပ်ပြောင်တင်အေးလို့ လူသိများအောင် တစ္ဆေထိပ်နီက လုပ်ပေးခဲ့တာလေ'

ဟု ပြုံးရွှင်စွာပြောသည်။ ထို့အတူ ကိုတင်အေးက

'ဒီကနေ့ တစ္ဆေမယုံဘူး၊ မရှိဘူးဆိုသူတွေကို တစ္ဆေထိပ်နီနဲ့ တွေ့ပေးလိုက်ချင်တယ်'

ဟုပြောသည်။

◆ ◆ ◆ ◆ ◆

ဒေဝေါ










၂၀၀၃ ခုနှစ်၊

မိဘများသည် တိုက်ကြီးမြို့၌ အခြေချနေကြသဖြင့် ကျွန်တော်တို့ မိသားစုသည် မြန်မာတို့၏ရိုးရာအစဉ်အလာအတိုင်း သီတင်းဝါလကျွတ်လျှင် သွားရောက်ကန်တော့ခဲ့သည်မှာ နှစ်စဉ်ဖြစ်သည်။ ကျွန်တော်နှင့်အေးသည် သားသမီးသုံးဦးလက်စွဲပြီး တိုက်ကြီးမြို့သို့ သွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



လုပ်စရာရှိသည့် အလုပ်များကိုဖြတ်ပြီး နေ့ခင်းပိုင်းမှ ရန်ကုန်မှ ထွက်သဖြင့် ညနေပိုင်းမှ တိုက်ကြီးသို့ ရောက်သည်။

ညဘက်တွင် မိဘများနှင့်အတူ စကားကောင်းနေစဉ် ညီမငယ်တစ်ဦးဖြစ်သူ ခင်ခင်သန်းက ကျွန်တော့်သားသမီးတွေအတွက် အိပ်ယာခင်းနေခိုက်...

'ခင်ခင်သန်း၊ ခင်ခင်သန်း... တံခါးဖွင့်ပေးပါ'

ဟု ခေါ်သံကြားရသည်။

အသံက တုန်ရီနေသလို အမေက

'ဟဲ့.... ဒါ မိသဲအသံ မဟုတ်လား'

ဟုပြော၏။

အပြင်တွင် မှောင်နေသဖြင့် ခြံဝကိုလှမ်းမမြင်ရ။ ခြံတံခါးအား စောစောကပင် ပိတ်ပြီးပြီ။

'ဟဲ့... မိသဲလား'

အမေက လှမ်းမေးသည်။

'ဟုတ်တယ် အမေကြည်၊ ကျွန်မပါ'

သည်တော့ ခင်ခင်သန်းက ဓာတ်မီးယူပြီး အိမ်ပေါ်မှ ဆင်းသွားသည်။ တံခါးသွားဖွင့်ပေးသည်။

မိသဲဆိုသည်က အခြားသူမဟုတ်။ ကျွန်တော်၏တူတော် စပ်သူ၏ဇနီးဖြစ်သည်။ အမေနှင့်အဖေက မွေးစားထားသဖြင့် မိခင်အားအမေအရင်းလို ခင်တွယ်နေသူတွေ ဖြစ်သည်။





ခင်ခင်သန်းက အိမ်ပေါ်ရောက်လျှင်

'အမေ၊ မိသဲကိုလမ်းချိုးမှာ တယ်သူရိုက်လိုက်လဲမသိဘူး၊ အရိုက်ခံလိုက်ရတယ်'

ဟုပြော၏။ အမေက

'ဟုတ်လား မိသဲ'

'ဟုတ်တယ် အမေကြည်'

ဟုပြောသည်။

ပြီးတော့ ဖြစ်စဉ်ကိုပြောပြသည်။

◆ ◆ ◆ ◆ ◆

မိသဲသည် သူငယ်ချင်းဖြစ်သူ မဝင်းတင်၏ သင်္ဂြိုဟ်ချာပန ပြာကျအခမ်းအနား ပြီးဆုံး၍ အိမ်ပြန်ရောက်တော့ ကျွန်တော်တို့ မိသားစုတွေ ရောက်နေကြောင်းသိသည်။ အသုဘပို့ပြီး သူငယ်ချင်းဖြစ်သဖြင့် အသုဘအိမ်သို့ဝင်ကာ ကူညီလုပ်ကိုင်နေသဖြင့် မိုးချုပ်ခါနီးမှ ပြန်ရသည်။

အိမ်ရောက်တော့လည်း အိမ်တာဝန်ယူတွေနှင့် မိုးချုပ်သွားသည်။ ခင်ပွန်းသည်ကလည်း မလာသေးသဖြင့် စောင့်ရင်း ည(၉)နာရီ ထိုးသွားသည်။ သည်အခါမှ မီးအုပ်ဆောင်းကလေးနှင့် အမေတို့အိမ်မှ ကျွန်တော်တို့နှင့်တွေ့ရန် လာရသည်။ အမေတို့အိမ်နှင့် မိသဲတို့အိမ်က ဟိုဘက်လမ်းနှင့်သည်ဘက်လမ်း ဖြစ်သော်လည်း ညဆို လမ်းအတိုင်း လာရသည်။



www.burmeseclassic.com

www.burmeseclassic.com



လမ်းချိုးတစ်ခုနှင့် ဝါးရုံတောကို ဖြတ်ရ၏။ မိသဲ မီးအုပ်ဆောင်းမီးရောင်နှင့် လမ်းချိုးပြီး ဝါးရုံတောဘက်သို့အရောက်

'ဖူး'

မီးကို မှုတ်လိုက်သံကြားပြီး မီးသေသွားသံလို

'ဖျန်း'

'အား'

မိသဲ ကြက်သီးထ ခေါင်းကြီးသွားသည်။ ရုတ်တရက်အရိုက်ခံလိုက်ရသဖြင့် ရှေ့သို့ ငိုက်ထိုးသွားသော်လည်း လဲမကျသွားသဖြင့် တော်သေးသည်ဟု ဆိုရမည်။ ကျွန်တော်တို့ဆီရောက်လာတော့ မျက်နှာပေါ်တွင် ကြောက်စိတ်တွေယှက်ဖြာလျက် အသားတွေတုန်နေသည်။

'နင် ဟိုဖက်လှည့်စမ်း'

ကျွန်တော်ပြောလိုက်သည်။ သူလှည့်လိုက်သည်။ အရိုက်ခံလိုက်ရသည့် လက်ရာကို အတိုင်းသားတွေ့ရသည်။ လက်ကလက်ဆစ်တိုဖောင်းဖောင်းဖြစ်မည်။ ရွှံ့အစိုတွေနှင့်။

'ခင်ခင်သန်း၊ သူ့ကိုအင်္ကျီလဲပေးပြီး အဲဒီအင်္ကျီယူခဲ့'

'ဟုတ်ကဲ့ ကိုကို'

◆ ◆ ◆ ◆ ◆

ကျွန်တော် အင်္ကျီကို ကြမ်းပြင်ပေါ်ချပြီး အသေအချာကြည့်မိသည်။ အရိုက်ခံရသည်မှာ ဘယ်ဘက်ကျောပြင်၌ ဖြစ်ပြီး





ဘယ်လက်နှင့် နောက်မှ ရိုက်လိုက်ခြင်းဖြစ်သည်။ ရွှံ့စိုတို့ စွန်းထင်းနေပြီး အနံ့ဆိုးကို ခံစားရသည်။ ကျွန်တော်က ကျွန်တော့်ရှေ့တွင်ချထားသည့် မိသဲလက်ကို ကြည့်ပြီး ခေါင်းခါလိုက်သည်။

'မဟုတ်ဘူး အမေ၊ နောက်ကအရိုက်ခံရတာ၊ အခုရိုက်လိုက်သူကလက်ဆစ်တိုပြီး တုတ်တယ်၊ ရိုက်တာဘယ်လက်နဲ့ရိုက်တာ၊ ဘယ်သန်မဲ'

ဟုပြောပြီး မိသဲကိုကြည့်ကာ

'မိသဲ၊ အခုသေသွားတဲ့ နင့်သူငယ်ချင်းက ဘယ်သန်လား၊ ညာသန်လား'

ဟုမေးလိုက်သည်။ မိသဲ ချက်ချင်းမဖြေနိုင်။

ခင်ခင်သန်းက

'မဝင်းတင်လား၊ မဝင်းတင်က ဘယ်သန်လေအမေရဲ့'

ဟု ဝင်ပြောသည်။

'ဒါဆိုရင် ကျွန်တော်ပြောရဲတယ်၊ မိသဲ သူငယ်ချင်းမဝင်းတင်၊ သူ့သူငယ်ချင်းကို ကြည်စယ်ခြောက်လှန့်လိုက်တာပဲ၊ မိသဲလိမ်တာမဟုတ်ပါဘူး၊ မိသဲ တစ္ဆေအရိုက်ခံလိုက်ရတာပါ'

ပြောရင်း ကျွန်တော် စိတ်မကောင်းဖြစ်သွားသည်။ အမေက မိသဲကို ရေမန်းတိုက်သည်။ သည်ညက ကျွန်တော်တို့ မအိပ်နိုင်ခဲ့။ နောက်နေ့ ကျွန်တော်တို့ပြန်တော့ မိသဲကို နှုတ်မဆက်နိုင်ခဲ့ကြ။



www.burmeseclassic.com

www.burmeseclassic.com



'မိသဲတစ်ယောက် မတွေ့ပါလားအမေ'

ဟုဆိုတော့

'မိသဲ နေသိပ်မကောင်းနေဘူး သား'

ဟု အမေကပြောသည်။ ကျွန်တော်ကလည်း ကျွန်တော့် အကြောင်းနှင့်ကျွန်တော်မို့ မနှုတ်ဆက်နိုင်ခဲ့။

'အမေရယ် ကောင်မလေးကို ဂရုစိုက်လိုက်ပါ'

ဟု မှာရုံသာမှာပြီး ကျွန်တော်တို့ ပြန်ခဲ့ရသည်။

ရန်ကုန်ရောက်တော့လည်း ကိုယ့်အလုပ်နှင့်ကိုယ် အားလုံးကို မေ့သွားသည်။

◆ ◆ ◆ ◆ ◆

သို့သော် ကျွန်တော်မေ့ထားသည့် မိသဲသတင်းက ကျွန်တော့်ထံသို့ ရောက်လာသည်။ တစ်ညဝယ်...မိသဲ တစ်ယောက် အလန့်တကြား ထအော်ပြီးမျက်စိများ ပြူးလျက် အသက်ထွက်သွားသည်ဟု ဖြစ်သည်။

ကျွန်တော် စိတ်မကောင်းခြင်းကြီးစွာ သက်ပြင်းရှိုက် လိုက်မိသည်။ အော်...မိသဲကား...တစ္ဆေကြည်စယ်အရိုက် ခံယိုက်ရပြီး သေရွာသို့လိုက် သွားရပြီ။ သေရွာသို့ လိုက်ပါသွား ရလေပြီ။

'မိသဲ ကောင်းရာသုဂတိလားပါစေ'

ဒဒဝေါ








ဤလောကတွင် တစ္ဆေ မယုံကြည်သူပေါင်းများစွာရှိ သလို တစ္ဆေအခြောက်ခံရသည့် လူပေါင်းများစွာလည်း ရှိသည်။ ထိုအထဲ သရဲတစ္ဆေမွေးမြူသည့် သူလည်းရှိခဲ့သည်။ သို့သော် တစ္ဆေမွေးသည့်သူက ရှားလည်းရှားသည်။ အဘယ်



www.burmeseclassic.com

www.burmeseclassic.com



ကြောင့်ဆိုသော် တစ္ဆေမွေးသည့်သူသည် ကတိတည်ရသည်။ သတ်မှတ်ချက် တိကျရသည်။

အကယ်၍ ကတိမတည်၊ သတ်မှတ်ချက်ကို အလေးမထား ပေါ့လျော့လျှင် မိမိမွေးသည့်တစ္ဆေက မိမိကို ရန်ရှာတတ်သောကြောင့်ဖြစ်သည်။

◆ ◆ ◆ ◆ ◆

အညာဒေသရွာတစ်ရွာ။

ဒေါ်နန်းအိမ်က ကရင်အမျိုးသမီးတစ်ဦးဖြစ်သည်။ အသားညိုညို ပိန်ပိန်ပါးပါးဖြစ်သည်။ အနေတည်၊ စကားနည်းသူဖြစ်သည်။

သို့သော် ဒေါ်နန်းအိမ်က ဒေါသကြီး၏။ မဟုတ်မခံ၊ ဆတ်ဆတ်ကဲဖြစ်သည်။ အသက်(၆၀)ကျော်ပြီဖြစ်သဖြင့် ဆံပင်ကျဲသည်။ ဆံပင်ကို စည်းနှောင်ထားသည့် အလေ့မရှိ။ အမြဲဆံပင်ဖားလျား ချထားတတ်၏။

ဒေါ်နန်းအိမ်၏ အိမ်ရှေ့တွင် ကြီးမားသန်မာသည့် ဆပလင်ပင်ကြီးတစ်ပင် ရှိသည်။ ထိုဆပလင်ပင်အား သွေးချ၍စိုက်ပြီး သွေးလောင်းသည်ဟု ဆိုကြသည်။ ဒေါ်နန်းအိမ်တွင် မရှုပ ဆိုသည့် သမီးတစ်ဦးရှိသည်။ ဒေါ်နန်းအိမ်က သားဖွားလည်း ကျွမ်းကျင်၏။ အရပ်လက်သည် ဖြစ်သည်။ သို့သော် လူတိုင်းနှင့် ဒေါ်နန်းအိမ် အလုပ်မလုပ်ပါ။





ဒေါ်နန်းအိမ် ခင်ပွန်းက အရက်သောက်သူ။

လွန်ခဲ့သည့်ဆယ်နှစ်ခန့်က အမူးလွန်ပြီး သေဆုံးသွားခဲ့သည်။ သည်စဉ်က မရှုပ(၁၂)နှစ်သာရှိသေးသည်။

မရှုပသူနာပြုသင်တန်း တက်ပြီး သူနာပြုဆရာမဖြစ်ကာ မြေလတ်ဒေသဆေးရုံတစ်ရုံသို့ အလုပ်နှင့်ပြောင်းနေရသည်။ မိခင်ကိုခေါ်သော်လည်း မလိုက်ခဲ့။ သည့်နောက်ပိုင်း ဒေါ်နန်းအိမ် အထီးကျန်ဖြစ်သွားသည်။ အစက ဒေါ်နန်းအိမ် တစ္ဆေမွေးမှန်း မည်သူမျှမသိ။

◆ ◆ ◆ ◆ ◆

လမိုက်ညတစ်ည သန်းခေါင်ချိန်။

ဒေါ်နန်းအိမ်၏ အိမ်ရှေ့ဆပလင်ပင်နားတွင် လူတစ်ယောက် နောက်ခိုင်းရပ်နေသည်ကိုတွေ့ကြောင်း စတင်ပြောသူမှာ ကိုကျိုးဇော် ဖြစ်သည်။

ကိုကျိုးဇော်က အရက်သမားဖြစ်၏။

တစ်ည ကိုကျိုးဇော် အရက်တွေတွေနှင့် ပြန်လာရင်း ဒေါ်နန်းအိမ်၏ အိမ်နားသို့အရောက် ဖြတ်ကနဲလှမ်းကြည့်လိုက်ရာ အိမ်ရှေ့ ဆပလင်ပင်နားတွင် နောက်ခိုင်းမတ်တပ်ရပ်နေသူ တစ်ဦးကိုတွေ့၏။

'ဟေ့ ဘယ်သူလဲ'

ဟု မေးလိုက်လျှင် ထိုသဏ္ဌာန်သည် မျက်စေ့အောက်မှ



www.burmeseclassic.com

www.burmeseclassic.com



ပျောက်သွား၏။ ကိုဂျိုးဇက်ခေါင်း ပုတ်လောက်ကြီးပြီး ကြက်သီးတဖြန်းဖြန်းထလာသဖြင့် ကြောက်ပြီး 'သရဲ သရဲ' ဟု အော်ကာ ပြေးခဲ့ရသည်။

ကိုဂျိုးဇက်က သူ ဒေါ်နန်းအိမ် အိမ်ရှေ့မှ သရဲခြောက်ခံရကြောင်းပြောသော်လည်း သူကအရက်သမားဖြစ်သဖြင့် မည်သူမျှ အလေးမထားကြ။ မယုံကြ။ ကိုဂျိုးဇက် မူးမူးနှင့်မြင်ချင်ရာ မြင်သည်ဟု ပြောကြသည်။ ဤသို့ဖြင့် ကိုဂျိုးဇက်၏ လောင်တာန် စကားက ရယ်ပေါ့ ဖြစ်သွားခဲ့၏။

မည်သို့ဆိုစေ၊ အမှန်တရားသည် ဖုံးကွယ်၍မရဆိုသည့် စကားအတိုင်း ဒေါ်နန်းအိမ်တစ္ဆေမွှေးကြောင်း မပေါ်ပေါက်သေးခင်ဒေါ်နန်းအိမ် အိမ်ရှေ့ ဆပလင်ပင်နှင့် မန်ကျည်းပင်တွင် တစ္ဆေသရဲရှိကြောင်း လူအများသိသွားခဲ့သည်။

သက်သေပြလိုက်သူက ကိုတိမ်ရောင်။

ကိုတိမ်ရောင်က လူပျက် မဟုတ်သော်လည်း ခြေဆော့ လက်ဆော့ရှိသူ။ လစ်ရင် လစ်သလို ခိုးဝှက်တတ်သူ။

တစ်ည။

ကိုတိမ်ရောင် ဒေါ်နန်းအိမ်၏အိမ်သို့ခိုးရန် ဝင်ခဲ့သည်။ ဒေါ်နန်းအိမ်၏ အိမ်ကလမ်းဘေး၌ရှိသော်လည်း ခြံကာရံထားခြင်းမရှိ။ ကိုတိမ်ရောင် မှောင်ရိပ်ခိုကာဝင်လိုက်ပြီး ဆပလင်ပင်နား၌ ခိုကပ်လိုက်သည်။ ထို့နောက် ဆက်ကာနဲ့ကြည့်လိုက်ရာ အမွှေး





ထူသော ခြေတစ်ချောင်းကို တွေ့လိုက်ရ၏။ ခေါင်းကပုတ်လောက် ကြီးသွားပြီး ကြက်သီးတို့က တဖြန်းဖြန်းထလို့။

ကိုတိမ်ရောင် ကြောက်ကြောက်နှင့် ကြည့်လိုက်ရာကြောက် စိတ်ဖိစီးမှုကို ခံစားလိုက်ရ၏။ မကြည့်ရဲ။ သို့သော် မနေနိုင်၍ကြည့် လိုက်ရာ အမွှေးထူထူခြေနှစ်ချောင်းပိုင်ရှင်သည် ခေါင်းမရှိ။

'အား'

ကိုတိမ်ရောင် ကြောက်ကြောက်နှင့် ခုန်ထွက်လိုက်ပြီး လှည့်ကြည့်လိုက်ရာ ခေါင်းမရှိသော ခန္ဓာကိုယ်သည် နောက်မှ လိုက်လာသည် ဟု၏။ ထို့နောက် ဒေါ်နန်းအိမ်အိမ်ရှေ့မှ တရှူးတ နာမည်ကြီး သွား၏။

◆ ◆ ◆ ◆ ◆

ဒေါ်နန်းအိမ်၏အိမ်ရှေ့ရှိ ဆပလင်ပင်နှင့် မန်ကျည်း ပင်တွင် တစ္ဆေရှိသည်ဟု ပြောသံတွေပေါ်ပေါက်လာသည်။

ထို့အတူ ဒေါ်နန်းအိမ်အိမ်ရှေ့တွင် မကြာခဏ တစ္ဆေ တစ်ကောင် ရပ်နေသည်ကို တွေ့သူများလာသည်။

တစ်ခါကမူဒေါ်နန်းအိမ်နှင့် စကားများသည့် ခမယ်တောင် အိမ်သို့ ခဲတွေကျလာသည်မှာ တစ်ညလုံးပင်။ သို့သော် ခဲသည် က အိမ်ဘေးအိမ်ရှေ့တွင်မူ ခဲတစ်လုံးမျှမရှိ။

သည့်နောက်ပိုင်း ဒေါ်နန်းအိမ်အား တစ္ဆေမွေးသူဟု သတ်မှတ်ကြ၏။ ထို့ကြောင့် ချပ်ဘက်မှ ဖယ်ကြဉ်ခြင်းကို ခံခဲ့



www.burmeseclassic.com

www.burmeseclassic.com



ရသည်။ အစက ဒေါ်နန်းအိမ်သည် အရပ်လက်သည်ဖြစ်သဖြင့် ခေါ်ကြသော်လည်း ယခုမူ ခေါ်မည့်သူမရှိတော့။

ဒေါ်နန်းအိမ် အိမ်ထဲမှလည်းမထွက်တော့။

သို့သော် . . . တစ်ညာ။

'အား . . .'

အသံနက်ကြီးနှင့်အော်လိုက်သံကြားရသည်။ အသံက ဒေါ်နန်းအိမ်၏အိမ်ကမှန်းသိသဖြင့် ရပ်ကွက်မှလူများသွားကြည့်ရာ ဆုပလင်ပင်ရှေ့တွင် ဒေါ်နန်းအိမ်မှောက်လျက်ကြီးလဲကျနေသည်ကို တွေ့ရ၏။ သူမကို ကြည့်လိုက်တော့ သူနှင့်မလှမ်းမကမ်း၌ အမဲသားတစ်တွဲ၊ မျက်လုံးအကြောင်သားနှင့် လျှာထွက်သေနေကြောင်းတွေ့ရ၏။ ထို့ကြောင့် ရဲစခန်းအကြောင်းကြား၊ ဆေးရုံသို့ပို့လိုက်ရာ ရဲမှတ်တမ်းတွင်

'ဒေါ်နန်းအိမ်အား နောက်ကျောသို့ ပြင်းထန်စွာရိုက်လိုက်ပြီး မြန်လဲအကျတွင် လည်ပင်းညှစ်သတ်ခံရသည်၊ ဂုတ်ကျိုးနေသည်'

ဟုတွေ့ရ၏။ မှန်သည်။ ဆေးရုံမှ ပြန်လည်ခေါ်ယူခွင့်ပြုသဖြင့် မြန်မာထုံးတမ်းစဉ်လာအရ ဒေါ်နန်းအိမ်အား ရေချိုးပေးရာ ဒေါ်နန်းအိမ်၏ကျောပြင်၌ လက်ငါးချောင်းရာနှင့် လည်ပင်းတွင် လက်ရာများတွေ့ရ၏။ ညိုမဲနေ၏။

လက်ရာမှာ ယောကျ်ားလက်ရာဖြစ်ပြီး ဒေါ်နန်းအိမ်အား နောက်မှ ရိုက်လိုက်ပြီး ရှေ့သို့ဟပ်ထိုးလဲအကျတွင် ခွစီး၍ လည်





ပင်းညှစ်သည်ဟု သုံးသပ်ကြ၏။ လျှာထွက်နေသည်က သက်သေဖြစ်သည်။ ထိုရွာ၌ရှိသည့် ဆရာတစ်ဦးက

'ဒေါ်နန်းအိမ်သေတာ သွေးရိုးသားရိုးမဟုတ်ဘူး၊ သူမွေးတဲ့တစ္ဆေက သူ့ကိုပြန်သတ်လိုက်တာပဲ၊ ပြောရရင် တစ္ဆေမွေးတယ်ဆိုတာ မကောင်းတဲ့အလုပ်ပဲ၊ အများအတွက် အန္တရာယ်ရှိသလို ကိုယ့်အတွက်လည်း အန္တရာယ်ရှိတယ်'

ဟု ရှင်းပြသည်။

'ဒေါ်နန်းအိမ်ကို သူမွေးတဲ့တစ္ဆေက ဘာကြောင့်သတ်တာလဲ'

'အဖြေကရှင်းနေပါတယ်၊ ဒေါ်နန်းအိမ် ကတိပျက်လို့ဆိုရမယ်၊ သူကျန်းမာရေးကလည်းမကောင်း၊ စီးပွားရေးလည်းကျဆင်းနေလို့ သူမွေးတဲ့ တစ္ဆေကို သူအစာကျွေးဖို့ မေ့နေတယ်၊ အဲဒီနေ့က သတိရပြီး တစ္ဆေကိုအစာကျွေးဖို့အလာ တစ္ဆေက စိတ်ဆိုးပြီး ရိုက်လိုက်တာ၊ လဲအကျမှာ ဂုတ်ချိုးသတ်လိုက်တာ'

'အော် ဖြစ်မှဖြစ်ရလေ'

အားလုံးစိတ်မကောင်းဖြစ်နေသည်။ သို့သော်လည်း ခည်သူမျှ မတတ်နိုင်ကြ။ တစ္ဆေမွေးသည့် ဒေါ်နန်းအိမ်က တစ္ဆေသတ်၍ သေရပြီ။ လောက၌ မလုပ်သင့်သောအလုပ်အား လုပ်သူတိုင်းသည် ကြမ္မာဆိုးနှင့် ကြုံရသည်ဖြစ်သတည်း။

◆ ◆ ◆ ◆ ◆

ဒေဇော်



www.burmeseclassic.com

www.burmeseclassic.com






မိမိ အညာဒေသသို့ ခရီးနှင်ရင်း မိတ်ဆွေကောင်းတစ်ဦးဖြစ်သည့် စခန်းမှူးထွန်းသောင်း၏ မှတ်တမ်းများကို ဖတ်ရှုခွင့်ရပြီး ယင်းမှတ်တမ်းမှ ထူးခြားသော တစ္ဆေပြောသော တရားခံ အကြောင်းကို သိခဲ့ရ၏။





ထို့ကြောင့်လည်း တစ္ဆေပြောသောတရားခံ အကြောင်းအား ပြန်လည်ဖော်ပြလိုက်ခြင်းဖြစ်သည်။

◆ ◆ ◆ ◆ ◆

ညောင်ပင်သာဟုဆိုသည့်ရွာတွင် အလွန်တရာယဉ်ကျေးသိမ်မွေ့သည့် မသူဇာအမည်ရှိ မိန်းကလေးတစ်ဦးရှိသည်။ မသူဇာသည် ခန္ဓာကိုယ်အချိုးအဆစ်ပြေပြစ်၏။ နက်မှောင်သောဆံကေသာကို ပိုင်ဆိုင်၏။ ဆံပင်၏ ကောင်းခြင်းနှင့် ပြည့်စုံသည့်မိန်းကလေး။

မသူဇာတွင် ချစ်သူရှိ၏။ သူ့အမည်က မောင်သိန်းလွင်ဖြစ်သည်။ မောင်သိန်းလွင်က ညောင်ပင်သာဇာတိ ဖြစ်သော်လည်း မန္တလေး၌ အလုပ်သွားလုပ်နေသူ။ ဝါလကင်းလွတ်သီတင်းကျွတ်လျှင် စုလျားရစ်ပတ်လက်ထပ်ရန် သဘောတူထားသူ။

သို့သော် မသူဇာသည် မောင်သိန်းလွင် ရွာသို့ပြန်လာပြီး မန္တလေးသို့ ပြန်သည့်နေ့ညနေ၌ ရွာမှ ပျောက်ချင်းမလှပျောက်သွားခဲ့သည်။ ရှာသော်လည်း မတွေ့။ ထို့ကြောင့် လူကြီးတွေက မောင်သိန်းလွင်နှင့် မသူဇာသည် ဝါလကင်းလွတ်ချိန်ထိ မစောင့်နိုင်ကြဘဲနှစ်ဦးသဘောတူ ခိုးပြေးပြီလို့ ထင်ကြသည်။

◆ ◆ ◆ ◆ ◆

တစ်ပတ်ခန့်အကြာ... ညောင်ပင်သာရွာသို့ ဦးတင်စိန်၏တူနှင့် ဇနီးဖြစ်သူတို့ ရောက်လာကြသည်။ သူတို့သည် ဆိုင်၏



www.burmeseclassic.com

www.burmeseclassic.com



ဆင့် ဗုံမဆင့်ရောက်လာကြခြင်း ဖြစ်၏။ ဦးတင်စိန်၏တူဖြစ်သူ တင်ထွန်းသည် ညောင်ပင်သာသို့ မရောက်သည်မှာ ဆယ်စုနှစ်တစ်ခုကြာပြီ။ တင်ထွန်း၏ဇနီး ခင်ခင်ကမူ ညောင်ပင်သာသို့ ရောက်ဖူးသူမဟုတ်။

ညောင်ပင်သာအတွက် မျက်နှာစိမ်း။ သူ့တို့လင်မယား မြင်းလှည်းစီးလာသည့်မြင်းလှည်း ရွာလယ်ရှိ မသူဇာတို့ ခြံဝိုင်းနားသို့ အရောက် ခေါင်းငုံ့ကာ လိုက်ပါလာသည့် ခင်ခင်သည် ဆတ်ကနဲ ကိုယ်ကိုမတ်လိုက်ပြီး ကြောင်စီစီနှင့် ဟိုသည်ကြည့်ကာ မြင်းလှည်းပေါ်မှ ခုန်ဆင်းလိုက်သည်။

'ခင်ခင် ဘာဖြစ်တာလဲ'

တင်ထွန်းက တအံ့တသြ မေးသော်လည်း ခင်ခင်လှည့်မကြည့်ပါ။ မသူဇာ၏ ခြံဝိုင်းဆီသို့ ပြူးကြောင်ကြောင်နှင့် ကြည့်ကာ.....

'အမေ သမီးကိုကြည့်ပါဦး၊ သမီးကို ကယ်ပါဦး'

ဟုအော်ပြီး ခြံထဲသို့ ပြေးဝင်သွား၏။ တင်ထွန်းက နောက်မှ ပြေးလိုက်၏။ မမျှော်လင့်ဘဲဖြစ်ခဲ့သည့် အဖြစ်ကြောင့် တင်ထွန်းက ဇနီးဖြစ်သူနောက် ပြေးလိုက်သလို ရွာသားအချို့လဲ လိုက်ပါလာခဲ့ကြသည်။

ညှို့ခန်းထဲ၌ မသူဇာ၏မိခင် ဒေါ်ထိပ်ထားက ထိုင်လျက် ပုတီးစိပ်နေ၏။ ဒေါ်ထိပ်ထားသည် မျက်နှာစိမ်းမိန်းကလေးတစ်





ယောက်က

'အမေ ... အမေ'

ဟု အော်ကာ ပြေးတက်လာသဖြင့် ပုတီးစိပ်ရပ်ကာ ကြောင်ကြည့်နေမိ၏။ မျက်နှာစိမ်းမိန်းကလေးသည် ဒေါ်ထိပ်ထား၏ခြေရင်း၌ ဒူးထောက်ထိုင်ကာ ခြေအစုံကို ဖက်ကိုင်လိုက်ပြီး...

'အမေ သမီးကို ကယ်ပါဦး'

ဟု ငို၍ပြော၏။

'နေပါဦး၊ ဘာဖြစ်လို့လဲ၊ မင်းက ငါ့ကိုအမေလို့ခေါ်နေတာလဲ၊ မင်း ဘယ်သူလဲ'

ဟုမေးလိုက်လျှင်...

'အမေ သမီးကို မမှတ်မိဘူးလား၊ သမီးကို သတိမရဘူးလား၊ သမီး မသူဇာလေ၊ အခု ဟိုနီးဇော်က လိမ်ညာခေါ်သွားပြီး မတရားပြုကျင့်လို့ သနပ်ခါးတောထဲမှာ သမီးကိုယ်ကျိုးနည်းရပြီ၊ သမီးဦးရေတွေလဲ အရှမ်းနာနေပြီ၊ အမေ၊ သမီးကို ကယ်ပါဦး'

ဟု ကရားရေလွှတ်သလို စကားတွေ မနားတမ်း ပြောပြီး လဲကျသွား၏။

ခင်ခင်လဲကျသွားလျှင် တင်ထွန်းက ပြေး၍ ပွေ့ဖက်လိုက်သည်။ ခင်ခင် တော်တော်နှင့်သတိမရ။ သတိရတော့ မော်နေသည်။ ညှို့ခန်းတစ်ခုလုံး လူတွေအပြည့်။

'မသူဇာတဲ့'



www.burmeseclassic.com

www.burmeseclassic.com



'ဒါဆိုပသူဇာ၊ ညီနွံလွှင်နဲ့လိုက်သွားတာ မဟုတ်ဘူးပေါ့'

'ဟိန်းဇော်ဆိုတာ သူကြီးသားမဟုတ်လား'

ဟု တစ်ယောက်တစ်ပေါက်ပြောနေကြ၏။ ဒါကလူ့သဘာဝပင်။ သူကြီးလဲရောက်နေပြီဖြစ်သဖြင့်

'ခဏနေကြပါဦး၊ ဟိန်းဇော်ကကျွန်တော့်သားပါ၊ သူကျူးလွန်ခဲ့တာမှန်ရင် ကျွန်တော်ကိုယ်တိုင် ရဲလက်အပ်မှာပါ'

ဟုပြော၏။ ထိုစဉ် ရပ်မိရပ်ဖ ဦးတိုးမောင်က

'ဒါဟာ ဗိဉာဉ်က ပူးကပ်ပြီး အဖြစ်အပျက်ကို တင်ပြတာပဲ၊ ဒီလိုသေသူ့ဝိဉာဉ်ပူးကပ်ပြီး စကားပြောလို့ အမှန်တရားပေါ်ပေါက်တဲ့ သာဓကတွေလဲ ရှိတယ်'

'ဟုတ်တယ်၊ ဒါကြောင့် တချို့တွေက ရဲစခန်းကိုသွားအကြောင်းကြားပြီး သူကြီးနဲ့ ကာလသားတစ်သိုက်က သနပ်ခါးတောကို သွားကြည့်ရမယ်'

ဟု ကာလသားခေါင်းဖြစ်သူက ပြော၏။

ထို့နောက် တချို့က ရဲစခန်းသွားပြီး သူကြီးနှင့် ကာလသားတချို့က သနပ်ခါးတောသို့ သွားကြသည်။

◆ ◆ ◆ ◆ ◆

သနပ်ခါးတောသည် ညောင်ပင်သာရွာ၏တောင်ဘက်၌ရှိ၏။ သနပ်ခါးပင် အကြီးအသေးစုံ၏။ သနပ်ခါးတောက လူသူအရောက်အပေါက် နည်းသည့်နေရာ ဖြစ်သည်။





သနပ်ခါးတောအလယ်လောက်သို့ အရောက်တွင် ဘဇ္ဇေဥကမ်ပြောသည်က အဖြစ်မှန်ဖြစ်ကြောင်း မျက်ဝါးထင်ထင်မြင်တွေ့ရ၏။

တစ်ပတ်ခန့်ကြာပြီဖြစ်သဖြင့် အနံ့ပင် ထွက်စပြုနေပြီ။ မြင်ကွင်းက ရင်နင့်စရာ။

မသူဇာသည် ဆံပင်ကောင်းသူဖြစ်သဖြင့် ဆံပင်နှင့် သနပ်ခါးပင် ချည်ထားပြီး မသူဇာမှာ ခန္ဓာကိုယ်ပေါ်၌ အဝတ်အစားမရှိ။ မမွေးတိုင်း ဖမွေးတိုင်းဖြစ်နေ၏။

ဦးခေါင်းကို အုတ်ခဲနှင့် ထုထားပုံရ၏။ သွေးတွေက ခေါင်းနှင့်မျက်နှာပေါ် စီးကျနေသည်။

မသူဇာက သေဆုံးသွားပြီဖြစ်သော်လည်း တဇ္ဇေဝိဉာဉ်က အခြားသူတွင် ပူးကပ်ကာ အမှန်ကို ဖွင့်ဟခဲ့သဖြင့် အမှန်တရား လည်းပေါ်ခဲ့ပြီ။ ဟိန်းဇော်ကလည်း ဖြောင့်ချက်ပေးခဲ့၏။

ဟိန်းဇော်အား ရဲတပ်ဖွဲ့မှ လူသတ်မှု၊ မုဒိန်းမှုနှင့် တရားစွဲဆိုနိုင်ခဲ့သည်။

◆ ◆ ◆ ◆ ◆

ဒေဝေါ



www.burmeseclassic.com

www.burmeseclassic.com






တောင်တွင်းကြီးမြို့နယ်တွင်း၌ မဟာမြိုင်တောသည် ထင်ရှားသည့်တော ဖြစ်သည်။ သစ်ကြီးဝါးကြီးပေါသည့်တော လည်းဖြစ်သည်။ သို့နယ်ပင်ထိုတောသည် ရာဇဝင်ရှိသော တော ဖြစ်၏။ ထိုတောသည် ဗိဿနိုးမြို့၏ အရှင်မ ပန်ထွာဘုရင်မ၏ ပိုင်နက်တွင်ရှိသည့် တောဖြစ်၏။





တချို့က ဤမဟာမြိုင်တောအား သူယောင်တော ဟု ခေါ်သည်။ သူယောင်မယ်တို့အား ပြစ်မှားကျူးလွန်သူဟိုင်း သေ ...ရသည်ဟု အဆိုရှိ၏။

စင်စစ် ဤမဟာမြိုင်တောသည် သူယောင်တောမဟုတ် ... တစ္ဆေတို့ကြီးစိုးသည့်တောဖြစ်မှန်း သက်သေပြလိုက်သည်မှာ ...ဆိုးကြီးကိုရဲ ဖြစ်သည်။

◆ ◆ ◆ ◆ ◆

မုဆိုးကြီးကိုရဲသည် တောလိုက်ဝါသနာပါသလို စာရေး ...ည်း ဝါသနာထုံသည်။ ကိုရဲသည် နာမည်ကြီးသည့်တောများသို့ ...သွားလည်ပြီး သားကောင်ရှာဖွေပစ်ခတ်ခဲ့သလို တောသဘာဝ၊ ...ကောင်၏ပရိယာယ်တို့အား စာပန်းချီချယ်ကာ စာပေရေးသား ...တ်သူဖြစ်သည်။

မုဆိုးကိုရဲသည် မြန်မာပြည်မြောက်ပိုင်းတွင်ရှိသည့် ...များ၌ ကျင်လည်ကျက်စားခဲ့သူလည်း ဖြစ်သည်။

ယခု မုဆိုးကိုရဲ မဟာမြိုင်တောသို့ ရောက်ခဲ့သည်မှာ ...လာသား ကိုမြတ်ဆောင်၏ အဆွယ်ကောင်းမှုကြောင့်ဖြစ် ...ို မဟာမြိုင်တော၏ စိတ်ဝင်စားဖွယ် သူယောင်မယ်တို့ ကြောင့် ...သည်။ တစ်ခုရှိသည်က မုဆိုးကိုရဲသည် သူယောင်မယ်ကို ...င်စားသော်လည်း သူယောင်မယ်ကို မယုံကြည်ချေ။

'တောတောင်ထဲမှာ သံနွှေတစ်စ သူယောင်မယ်တွေ



www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်၊ ဝိဇ္ဇာဓော်ဂျီတွေက သူယောင်မယ်တွေနဲ့ ပျော်ပါးတယ်လို့
ရေးစာတွေမှာ ရှိခဲ့တယ်၊ ဒီနေ့မဟာမြိုင်တောမှာ သူယောင်မယ်
ရှိတယ်ဆိုတာကတော့ ငါမယုံကြည်ဘူး၊ ဒါတွေဟာ နာနာဘာဝ
မိစ္ဆာသရဲတစ္ဆေတွေ မဲဖြစ်လိမ့်မယ်'

'ဆရာရဲက ဘာကြောင့် ဒီလိုပြောတာလဲ'

'ဘာကြောင့်ဒီလိုပြောရသလဲဆိုရင် ဒီနယ်မြေဟာ
ပန်ထွာဘုရင်မ ကြီးစိုးခဲ့တဲ့နေရာလေ၊ ပန်ထွာဘုရင်မက ယောကျ်ား
တွေကို မုန်းတီးသူဖြစ်လို့ သူ့တပည့်နာနာဘာဝတွေနဲ့ ယောကျ်ား
တွေကို လက်စားချေဖို့ ဖန်တီးတာပဲလို့ထင်တယ်'

'ဆရာက မယုံဘူးပေါ့'

'မယုံဘူးတော့ မဟုတ်ဘူးကွ၊ စိတ်ဝင်စားတာကတော့
အမှန်ပဲ၊ အဖြေမှန်သိဖို့အတွက် မင်းညွှန်းတဲ့မဟာမြိုင်တော
သွားဖို့ ငါဆုံးဖြတ်လိုက်ပြီ'

ဤသို့ဖြင့် မုဆိုးကိုရဲနှင့် တပည့်ကျော်သာထူးကျော်
သည် မဟာမြိုင်တောသို့ ရောက်ခဲ့၏။

◆ ◆ ◆ ◆ ◆

မဟာမြိုင်တောသည် သစ်ကြီးဝါးကြီးထူပြောသည်
တော။ အောက်ခြေရှင်းသည့်တော အမျိုးအစားလည်းဖြစ်သည်၊
ခြုံနွယ်ပိတ်ပေါင်းတို့ ရှိနေသော်လည်း သိပ်များများစားစားမရှိ
ပြီးတော့ လှိုဏ်မြောင် တို့ပေါသည်။





မုဆိုးကြီးကိုရဲတို့ဆရာတပည့်နှစ်ဦး မဟာမြိုင်တောသို့
ရောက်လာပြီး သုံးရက်မြောက်နေ့၌ တပည့်ကျော် သာထူးကျော်
ထူးခြားသည့် အဖြစ်အပျက်တစ်ခုနှင့် ကြုံတွေ့ရသည်။

ထိုညက လပြည့်ညဖြစ်သည်။

ကောင်းကင်ပြင်၌ ပြည့်ဝန်းသည့်လမင်းကြီးသည်ဝင်းဝင်း
ပရှိနေသည်။ ကောင်းကင်သည်ပြာလဲ့နေပြီး လဝန်းကြီးသည်ဖြူ
ဝင်းနေ၏။ လရောင်တို့သည် ဖြာလက်စီးကျနေ၏။ မဟာမြိုင်
တောရှိ သစ်ပင်တို့သည် စိမ်းညို့နေပြီး သစ်ရွက်သစ်ခက်တို့ကြား
သို့ လရောင်ဖြာလက်စီးကျနေပုံက မြစိမ်းခက်တို့ကြားမှ ငွေရောင်
တို့ စီးကျနေသည့်သို့ရှိ၏။ လေသည် ဝေ့တိုက်နေပြီး လေညင်း
လေအေးဖြစ်၏။ လေအဝှေ့တွင် သစ်ရွက်ရိုက်ခတ်သံတို့ ပေါ်
ထွက်လာပြီး သစ်ရွက်ရိုက်ခတ်သံနှင့်အတူ ငှက်အော်သံကို ကြား
ရ၏။ ထိုညက ကိုရဲ၏တပည့်ဖြစ်သူ သာထူးကျော်သစ်ခက်အိမ်
ရှေ့တွင် မီးဖိုနေပြီး မုဆိုးကိုရဲက တဲဘက်အတွင်း၌ ရှိနေ၏။
တောထဲ၌ သစ်ရွက်ရိုက်သံ၊ ငှက်အော်သံမှအပဘာသံမျှ မကြားရ။

ထိုစဉ်

'ဆရာ . . . ဆရာ၊ ဒီမှာ . . . ဒီမှာ'

ဟု အလန့်တကြား အော်လိုက်သံကြားရ၏။ ထို့ကြောင့်
ကိုရဲသည် သေနတ်ကိုဆွဲကာ သစ်ခက်အိမ်ရှေ့သို့ ထွက်ခဲ့၏။

သာထူးကျော်က မီးပုံဘေးမှ အဝေးသို့ငေးနေ၏။ မုဆိုး



www.burmeseclassic.com

www.burmeseclassic.com





ကိုရဲအနားရောက်သည်နှင့်

'ကျွန်တော်မီးဖိုနေတုန်း ကျွန်တော့်နားကို မိန်းကလေး တစ်ဦးရောက်လာတယ်၊ သူ့ပုံသဏ္ဌာန်က တကယ်ကိုမင်္ဂလာမဆောင်ရသေးဘဲ အရာ၊ ကျွန်တော်သူ့ကို ကြည့်လိုက်တော့ သူထွက်သွားတယ် ခြံစပ်နား သူရောက်သွားတဲ့အထိ ကျွန်တော်ရောက်မလာတော့ သူ ကျွန်တော့်ကို တစ်ချက်ကြည့်ပြီး ကျွန်တော့်မျက်စေ့အောက် မှာပဲပျောက်သွားတယ်၊ သူ . သူယောင်မယ်လား ဆရာ'

ဟု သားထူးကျော်က ပြောသည်။ မုဆိုးကိုရဲက သက်ပြင်း ရှိုက်လိုက်ပြီး

'သူ့ကို သူယောင်မယ်လို့ တင်စားခေါ်နိုင်ပေမယ့် သူဟာ တကယ်တော့ သူယောင်မယ်မဟုတ်ဘူးကွ၊ သူဟာ အရွေးထူး အပြားပြားဖန်ဆင်းနိုင်တဲ့ ပရလောကသား၊ နာနာဘာဝတစ်ကောင် ပဲကွ၊ မင်း စည်းမဖောက်နဲ့နော်'

ဟု မှာပြီး ကိုရဲသစ်ခက်တဲတွင်းသို့ ပြန်ဝင်ခဲ့သည်။ ထို့အတူ မဟာမြိုင်တောမှ အမြန်ဆုံးပြန်ရန်ဆုံး ဖြတ်လိုက်သည်။

◆ ◆ ◆ ◆ ◆

မုဆိုးကိုရဲ မဟာမြိုင်တောမှ ပြန်ရန်ဆုံးဖြတ်ခြင်းသည် ထို တောသည် သူယောင်မယ်ပေါသည့်တောမဟုတ်ဘဲ နာနာ ဘာဝမကောင်းဆိုးဝါး ထူပျောသည့်တောဖြစ်သကဲ့သို့ ထိုတော တွင် သားကောင်ကြီးများမရှိ။ ဆင်၊ ကျားမရှိ။ သည်ဟာကိုထား။







သမင်၊ ဒရယ်၊ ကျီး စသည့်သတ္တဝါတို့ကိုပင် မတွေ့ရ။

ကိုတောက မြွေ၊ ဖွတ်၊ ယုန်စသည့် သတ္တဝါတို့သာ ရှိသည့် တောဖြစ်နေသဖြင့် မုဆိုးတစ်ဦးအတွက် စိတ်ဝင်စားမှု မရှိနိုင်ချေ။ ပြီးတော့ ထိုမဟာမြိုင်တော၌ ကြာကြာမနေလျှင် မ ကောင်းဆိုးဝါးတို့၏ လှည့်စားမှုညွှတ်ကွင်း၌မိပြီး အဖြစ်ဆိုးနှင့် ကြုံနိုင်ကြောင်း အကဲခတ်မိသောကြောင့်ဖြစ်သည်။

မုဆိုးကိုရဲ၏ ဆုံးဖြတ်ချက်မှန်ကန်ကြောင်း ပြန်ရန်ဆုံး ဖြတ်ပြီး နောက်တစ်နေ့တွင် ကြုံတွေ့ရတော့သည်။

အချိန်က ညသန်းခေါင်ချိန်။

မုဆိုးကိုရဲအိပ်မရသဖြင့် မီးပုံဘေး၌ထွက်ကာထိုင်နေစဉ် အား . . .

ထိတ်လန့်တကြားအော်လိုက်သံတစ်ခုက မုဆိုးကိုရဲ၏ နား စည်တွင်းသို့တိုးဝင်လာသည်။ ကိုရဲသည် အတွေ့အကြုံရင့် ကျက်နေသူဖြစ်သဖြင့် အသံကိုကြားလိုက်သည်နှင့် အသံသည်မည် သည့်နေရာမှဖြစ်သည်ကို ခန့်မှန်းမိလိုက်၏။

အသံသည် မဝေးလှ။

မိမိတို့နေထိုင်သည့်နေရာအနီးမှဖြစ်ကြောင်း အနောက် ဘက်မှဖြစ်ကြောင်းသိလိုက်၏။ မုဆိုးကိုရဲသည် အစဉ်အမြဲ လိုင် စင်နှင့်ကိုင်ဆောင်သည့် ပြောင်းတိုဝက်ဘလီအမျိုးအစား ခြောက် လုံးပြူးသေနတ် ခါးတိုးထားသည့်အတွက် အသံလာရာဆီသို့



www.burmeseclassic.com

www.burmeseclassic.com



ထွက်ခဲ့၏။ သစ်ရွက်သစ်ခက်ကြားမှ ဖြာစီးကျလာသည့် လရောင်ကြောင့် ပတ်ဝန်းကျင်ကို မြင်ရ၏။ တဲကွင်းအပြင်သို့ရောက်လျှင် ပုံရိပ်တစ်ခုအား ဖျတ်ကနဲမြင်လိုက်ရ၏။

ချောက်ချောပင်ကြီးတစ်ပင်အောက်တွင် မိန်းကလေးတစ်ဦး။ အော်သံသည် မိန်းကလေးထံမှဖြစ်မည်ဟု သိလိုက်၏။ သူမသည် နာမ်ရုပ်တစ်ခုဖြစ်သည်ကို မုဆိုးကိုရဲမေ့သွား၏။

ကိုရဲ မိန်းကလေးအနီးသို့ ခပ်သွက်သွက်တိုးကပ်သွား၏။ အချိုးအဆစ်ပြေပြစ်ပြီး ချောမောသူတစ်ဦးဟု သိလိုက်သည်။

'ကျွန်မကို ကူညီပါ'

သူမကပြောသည်။

'မင်း ဘာဖြစ်လို့လဲ'

'ကျွန်မခြေထောက် ဆူးစူးသွားလို့'

ကိုရဲဘာမှ မပြော၊ မိန်းကလေးအနီးသို့ ဒူးထောက်ထိုင်ချလိုက်သည်။ သူမခြေထောက်ကို လက်တစ်ဘက်နှင့် ဆုပ်ကိုင်ထား၏။ သွေးတွေကိုမြင်တွေ့ရ၏။ ကိုရဲခြေထောက်ကို ဆွဲကိုင်ကြည့်လိုက်စဉ် သူမက ကိုရဲကို လှမ်းဖက်လိုက်၏။ သူမမျက်နှာနှင့်ကိုရဲမျက်နှာနီးကပ်သွားသည်။ ခန္ဓာကိုယ်နှစ်ခု ထိကပ်သွားသလိုလည်း ခံစားလိုက်ရ၏။ ကိုရဲစိတ်ထဲ မသိုးမသန့်ဖြစ်သွားသလို ဆတ်ကနဲတွန်းလိုက်ပြီး သေနတ်နှင့်တေ့ကာမောင်းဖြုတ်လိုက်သည်။

'ဒိုင်း'





သေနတ်သံသည် ကျယ်လောင်စွာပေါ်ထွက်လာပြီး အိပ်တန်းမှငှက်များ ထွက်ပြေးသံ ကျယ်လောင်စွာပေါ်လာသည်။ မုဆိုးကိုရဲသည် စိတ်ကိုတည်ငြိမ်စွာထားပြီး ဆတ်ကနဲထလိုက်၏။ ထူးခြားသည်က စောစောကရှိနေသည့် မိန်းကလေး၊ ခြေထောက်နာနေသောမိန်းကလေးသည် မရှိတော့။ ပျောက်ချင်းမလှပျောက်သွားပြီ။ ထိုစဉ်သေနတ်သံကြောင့် တပည့်ကျော် သာထူးကျော်ရောက်လာသည်။

'ဆရာ ဆရာ ဘာဖြစ်တာလဲ'

'ဘာမှ မဖြစ်ဘူး၊ နာနာဘာဝတွေရဲ့လှည့်စားမှုကို ငါချေဖျက်လိုက်တာ၊ ငါတို့ အမြန်ပြန်နိုင်'

ဆရာတပည့်နှစ်ဦးသစ်ခက်တဲသို့ ပြန်ခဲ့သည်။ ပစ္စည်းပစ္စယတို့အားသိမ်းဆည်းခဲ့သည်။ ပစ္စည်းတွေအားလုံး သိမ်းဆည်းပြီးတော့ နံနက်မိုးသောက်ရောင်နီပေါ်တွန်းနေပြီ။

မုဆိုးကိုရဲနှင့် တပည့်သာထူးကျော်တို့သည် နေရောင်ကွယ်ပျောက်၊ အလင်းရောင်တို့ပြန့်ကျက်ရောက်ရှိခဲ့သည်။ နံနက်ဦးတွင် သရဲမပေါ်သည့် တောကြီးမဟာမြိုင်မှ ကျော်ခိုင်းထွက်ခွာခဲ့လေတော့သည်။

◆ ◆ ◆ ◆ ◆

ဒေဝေါ



www.burmeseclassic.com

www.burmeseclassic.com





## သွေးစုပ်ဖုတ်ကောင် မောင်ညို

သရဲတစ္ဆေအကြောင်းပြောလျှင် 'ဖုတ်' အကြောင်းကို ချန်လှပ် ထား၍မရပါ။ အဘယ့်ကြောင့်ဆိုသော ဖုတ်နှင့် သဘက်၊ မှင်စာသည် မကောင်းဆိုးဝါး၊ နာနာဘာဝပင်ဖြစ်သည်။

ကျွန်တော်အပါအဝင် စာရှုသူများသည် ဖုတ်ဝင်သည့် အကြောင်းများအား ကြားဖူးကြသည်။ ကြားဖူးကြမည့်ဖြစ်သည်။





သို့သော် ဖုတ်ဝင်ပြီဆိုသောစကား၊ ဖုတ်ဆိုသောစကားကြားလိုက်သည်နှင့် ဖုတ်ဝင်သွားသူသည် အစားအများကြီးစားသည်။

လူမသိအောင် အစားခိုးစားသည်ဟု သိနေကြသည်။ သွေးစုတ်ဖုတ်ကောင်အကြောင်းကိုမူ ကြားသိသူနည်းမည်ဖြစ်သည်။

သရဲတစ္ဆေသုတေသနလုပ်နေသည့် ကျွန်တော်ကိုယ်တိုင်ပင် သွေးစုတ်ဖုတ်ဆိုသည့်အသုံးအနှုန်းအား ထိုအချိန်က ကြားဖူးခြင်းသည် ပထမဆုံးဖြစ်နေခဲ့ပါသည်။

သွေးစုတ်ဖုတ်သည် အဘယ်သို့နည်း။

သွေးစုတ်ဖုတ်ဟု ဆိုလိုက်သည်နှင့် ရုပ်ရှင်ကားများထဲ၌ တွေ့ရသည့်သွေးစုတ်ဖုတ်ကောင်မျိုးလားဟုထင်ကောင်းထင်မည်။

မဟုတ်ပါ။

ယခု ကျွန်တော်တင်ပြမည့် သွေးစုတ်ဖုတ် မောင်ညိုသည်ကျွန်တော်မမြင်ဖူးလိုက်သည့်ကျွန်တော့်ယောက်ဖဖြစ်သည်။

ကျွန်တော့်ဇနီးသည်အားအစက တစ်ကောင်ကြွက်တစ်ဦးဟည်းသောသမီးဟု ထင်ခဲ့သော်လည်း ကျွန်တော် အေးနှင့် လက်ထပ်ပြီးသည့်အခါ အေးတွင် မောင်တစ်ဦးရှိနေခဲ့ဖူးကြောင်း သိရသည်။

'အေးရဲ့မောင်အမည်က မောင်ညိုလေ၊ ဒါပေမယ့် အေးသူ့ကို မချစ်ဘူး၊ သူကလည်း 'အေးကို ချစ်ခင်ပာန်မရှိဘူး' ဟုပြော၏။

www.burmeseclassic.com



'သူက အခုဘယ်မှာလဲ၊ မရှိတော့ဘူးလား'

'မရှိတော့ဘူး၊ မောင်ညီက အသက်(၅)နှစ်လောက်မှာ ဆုံးသွားတာ မောင်၊ ဆုံးတာကလဲ ရိုးရိုးမဟုတ်ဘူး၊ ဖုတ်ဝင်ပြီးမှ ဖုတ်ထုတ်လိုက်လို့ ဆုံးသွားတာ'

'ဟုတ်လား'

ကျွန်တော် အံ့သြသွားသည်။ ပြီး တအံ့တသြနှင့်အေးကို ကြည့်ရင်း

'ဖုတ်ဆိုတော့ အစားတွေအရမ်းစားတာ၊ ခိုးစားတာတွေကို တွေ့ပြီး ဆရာနဲ့ဖုတ်ထုတ်လိုက်လို့ ဆုံးသွားတာလား'

ဟု မေးဖြစ်သည်။

'မောင်ညီက အဲလို ဖုတ်မျိုးမဟုတ်ဘူးလေ'

'ဒါဖြင့် ဘယ်လိုဖုတ်မျိုးလဲ'

'မောင်ညီက သွေးစုတ်ဖုတ်လေ၊ ဒီအကြောင်းကို အမေ့ကိုမေးရင် တိတိကျကျပိုသိမယ်'

ဟုပြောသဖြင့် ယောက္ခမဖြစ်သူ ဒေါ်အေးရွှေအားမေးကြည့်သည့်အခါ အဖြစ်စုံအားသိရသည်။

◆ ◆ ◆ ◆ ◆

ကျွန်တော့်ဇနီးသည်နှင့်သူ့မောင် မောင်ညီသည် အသက်ဆယ်နှစ်ကျော်ကွာပါသည်။ ကျွန်တော့်ဇနီးသည်အသက် ဆယ့်တစ်နှစ်တွင် မောင်ညီအားမွေးပါသည်။





မွေးစကမောင်ညီသည် ဖြူဖြူတုတ်တုတ်ကလေးဖြစ်ပြီး ချစ်စရာကောင်းသည်။

သူတို့က ရွှေညောင်ပင်လမ်းထိပ်၌နေသည်။

ဦးစိန်မြကကျောက်သွေးပြီး ဒေါ်အေးရွှေက (၄၂)လမ်းဈေး၌ မုန့်ဖုတ်ရောင်းသည်။ မိသားစုလေးယောက်ရှိပြီး စီးပွားရေးအဆင်ပြေသည်။

မောင်ညီနှစ်နှစ်ကျော်ကျော်ခန့်တွင် ကျွန်းတောလမ်းဘေး ဦးဥတ္တမသာရကျောင်းတွင်ကစားရင်း လက်ရန်းအကောက်အဆင်းမှ နေဝင်ရီတရောအချိန် လိမ့်ကျ၍ လန့်ပြီးနေမကောင်းဖြစ်ခဲ့သည်။

တစ်လခန့်ကြာသည်။

အိပ်ယာတွင်တစ်လကျော်ကျော်လဲပြီး ပြန်လည်နလန်ထလာတော့ မောင်ညီသည် သိသိသာသာပိန်ကျသွား၏။

အစားအသောက်လည်း ဟက်ဟက်ပက်ပက်မစားတော့ပါ။ တစ်ဦးဦးကချီထားမည်၊ အသားချင်းထိနေမည်ဆိုလျှင် ငြိမ်နေပြီး ကျန်အချိန်များ၌ ငိုနေတတ်ပါသည်။

အထူးသဖြင့် မိခင်နှင့်ကပ်နေတတ်ပါသည်။ မိခင်ဖြစ်သူ ဒေါ်အေးရွှေ ဈေးရောင်းသွားလျှင် ငိုမြဲပင်။

'အစ်မ အလုပ်မလုပ်နဲ့၊ အမေ အလုပ်လုပ်'

ဟု မပီကလာ ပီကလာ ပြော၍ ငိုနေတတ်ပါသည်။ ပို၍ ထူးခြားသည်က ဝဝဖြိုးဖြိုးရှိသောကလေးသည် ကျိုသို့နေ



www.burmeseclassic.com

www.burmeseclassic.com



မကောင်းဖြစ်ပြီးနောက် တဖြည်းဖြည်း ပိန်လာသလို ချောက်လာပါသည်။ ဆရာဝန်တွေပြ၊ ဆေးမျိုးစုံတိုက်သော်လည်း ဝဖြိုးလာသည်မရှိပါ။ အာဟာရအမျိုးမျိုးကျွေးသော်လည်း ထူးခြားမလာပါ။ ဆရာဝန်များနှင့်ပြ၍ ရောဂါရှာသော်လည်း ရောဂါရှာမရပါ။

'မောင်ညီကို မချစ်ဘူး၊ ဘာဖြစ်လို့လဲမသိဘူး၊ သူ့ကိုကြည့်ရတာကို ကြောက်နေတယ်၊ သူ့ပုံကလည်း တစ်နေ့တစ်ခြား ကမ္ဘာ့ဌာန်းရုပ်ပေါက်လာတယ်'

ဟု ဇနီးသည်ကပြောပြသည်။

◆ ◆ ◆ ◆ ◆

သည်လိုနှင့် နှစ်တို့ကြာခဲ့သည်။

အားရှိသည့် အစားအသောက်တွေ ကျွေးသော်လည်း ဝဖြိုးမလာဘဲ ပိန်သည်ထက်ပိန်၊ မည်းသည်ထက်မည်းလာသည်။

အေးက မောင်ညီကိုမချစ်သလို မောင်ညီကလည်း အေးကိုမချစ်ပါ။ သို့သော် မဝင်းကြည်ကိုမူ မောင်ညီကချစ်၏။ ဒါကလည်း အကြောင်းရှိပါသည်။

မောင်ညီကမိခင်မှ ပေးခဲ့သည့်မုန့်ဖိုးနှင့် မဝင်းကြည်ကိုကျွေးသကဲ့သို့ မဝင်းကြည်က မောင်ညီကို အမြဲ ချိုးပိုးထားသဖြင့်တည်း။

ထိုစဉ်က ရွှေညောင်ပင်လမ်းထိပ်၌ ညောင်ပင်ကြီးတစ်





ပင်ရှိသည်။ မုန့်လက်ဆောင်းကုန်းမီးလောင်မှ ထိုညောင်ပင်ကြီးမရှိတော့ကြောင်း၊ ဤလမ်းအားလည်း ညောင်ပင်ကြီးအားအစွဲပြု၍ ရွှေညောင်ပင်လမ်းဟု ခေါ်ခဲ့ကြောင်းသိရသည်။

ထိုစဉ်က ရန်ကုန်မြို့၏ လမ်းပေါ်တွင်အမှိုက်သိမ်း၊ အမှိုက်ရှင်းအလုပ်အား ပထန်ကုလားအများစု လုပ်ကြသည်။

တစ်ညနေ နွားရိုင်းသွင်းချိန်။ မောင်ညီသည် အိမ်ရှေ့ရေကမြင်း၌ထိုင်နေရာမှ အိမ်တွင်းသို့ ပြေးဝင်လာသည်။

'ဟဲ့ သား၊ ဘာဖြစ်တာလဲ'

ဟု ဒေါ်အေးရွှေကမေး၏။

'ကုလားကြီး ကုလားကြီး၊ သားကြောက်တယ်'

ဟုပြော၏။

'ဒီလိုဆို သားဒီမှာနေ၊ အမေ သွားကြည့်လိုက်မယ်'

ဟု ပြောပြီး ဘွားဖြစ်သူမဝင်းကြည်အားကြည့်ကာ

'မဝင်းကြည်၊ နင့်မောင်လေးကြည့်ထားနော်'

ဟုပြောပြီး အိမ်ရှေ့သို့ ထွက်ခဲ့သည်။

အိမ်ရှေ့၌ ပထန်ကုလားတစ်ယောက်ရပ်ပြီး အိမ်ထဲကို စိမ်းစိမ်းကြည့်နေသည်။

'ဟဲ့ကောင် ဘာကြည့်နေတာလဲ'

ဤအခါ ကုလားကြီးက

'အစ်မ ခုန အိမ်ဝမှာထိုင်ပြီး အိမ်ထဲပြေးဝင်သွားတာ



www.burmeseclassic.com

www.burmeseclassic.com



အစ်မ ကလေးလား'

'ဟုတ်တယ်၊ ဘာဖြစ်လဲ'

သည့်အခါ ဒေါ်အေးရွှေအား တည်ငြိမ်စွာကြည့်ပြီး

'အစ်မ စိတ်ဆိုးရင်ဆိုးနော်၊ ကျွန်တော် စေတနာနဲ့ပြောတာ၊ အဲဒီ ကလေးက ရိုးရိုးကလေးမဟုတ်ဘူး'

ဟုပြော၏။

'ဘာလဲ၊ ရိုးရိုးကလေးမဟုတ်လို့ ဘာကလေးလဲ၊ မဟုတ်တာ မပြောနဲ့နော်'

'အစ်မ၊ ကျွန်တော် စေတနာနဲ့ပြောတာပါ၊ ဒီကလေးက မကောင်းဆိုးဝါးလေး၊ ကြာရင်မကောင်းဘူး'

'ဘာ...'

'ဟုတ်တယ်၊ ဒီကောင့်ကိုယ်ထဲ မကောင်းဆိုးဝါးဝင်နေတယ်၊ သူ့ကို ပြန်ထုတ်လိုက်ပါ၊ အစ်မသားကိုယ်ထဲမှာ အစ်မသားအသက်မရှိတော့ဘူး။ ကျွန်တော်ပြောတာယုံပါ၊ ယုံရင် အစ်မ ကျွန်တော့်ကို ခေါ်လိုက်ပါ'

'ဟယ်၊ ဘာမှန်းမသိဘူး၊ သွား... သွား...'

ဒေါ်အေးရွှေနှင်ထုတ်ပြီး အိမ်ထဲပြန်ဝင်ခဲ့၏။ ကုလားကြီးလည်း ထွက်သွားပြီ။

◆ ◆ ◆ ◆ ◆





ထိုကုလားကြီးက သန့်ရှင်းရေးအလုပ်သမားဖြစ်သဖြင့် ညနေတိုင်း အိမ်ရှေ့မှဖြတ်သည်။ ကုလားကြီးလာတိုင်း မောင်ညီ အိမ်ထဲ ပြေးဝင်လာပြီး

'အမေ ကုလားကြီးကို အဝေးကြီးနှင်ထုတ်လိုက်ပါ၊ သား ကြောက်တယ်'

ဟုအမြဲပြောသည်။

ထိုအခါ ဒေါ်အေးရွှေရင်ထဲ၌ သူသည် မိမိသားဖြစ်သော်လည်း သူ့ကိုယ်ထဲ၌ မကောင်းဆိုးဝါးဝိညာဉ်ဝင်နေတယ် ဟုပြောသဖြင့် စိတ်ထဲမသန့်ဖြစ်နေမိသည်။

ထိုနောက်ပိုင်း ကလေးသည် ညလည်းမအိပ်တော့ပါ။ အမြဲတမ်း မျက်လုံးကြောင်ကြောင်နှင့် လူးလွန့်နေပြီး မိခင်အသားနှင့် အမြဲထိနေတတ်သည်။

ထို့ကြောင့် တစ်ညနေ ကျွန်းတောလမ်းဝမှ ထိုကုလားအား ဒေါ်အေးရွှေ သွားတွေ့ခဲ့သည်။

ကုလားအားတွေ့လျှင် ဆိုင်းမဆင့်ဗုံမဆင့်

'ငါ့သား ကိုယ်ထဲမှာ မကောင်းဆိုးဝါးဝင်နေတယ်လို့ နင်ပြောတာအမှန်ပဲလား'

ဟုမေးလိုက်လျှင်

'ကျွန်တော်မလိမ်ပါဘူး၊ သိလို့ပြောတာပါ၊ အစ်မသားကိုယ်ထဲ ဝင်နေတဲ့မကောင်းဆိုးဝါးကောင်ကို ထုတ်ချင်တယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုရင် ကျွန်တော် ထုတ်ပေးပါမယ်'

'နင်ဘယ်လို ထုတ်ပေးမှာလဲ'

သူက ဘာမှမပြော။ သူ့ခါးကြားမှ အိတ်ငယ်တစ်လုံးကို ထုတ်ပြီး အင်းပြားငယ်တစ်ချပ်ကိုထုတ်ကာ

'ဒါကို ဩဇာရွက် ခုနစ်ရွက်ထပ်ထားတဲ့ အပေါ်တင်ပြီး သူအိပ်တဲ့ အိပ်ယာအောက်မှာ ထားလိုက်ပါ၊ ထားပြီးနောက်နေ့ နက်၊ ဒါမှမဟုတ်ရင် ခုနစ်ရက်အတွင်း ဖုတ်ကထွက်သွားပါ လိမ့်မယ်၊ ဖုတ်က သွေးစုတ်ဖုတ်မို့ နစ်ကြာသွားရင် အန္တရာယ် ကြီးပါတယ် အစ်မ၊ ယူထားလိုက်ပါ၊ ကျွန်တော်သွားမယ် အစ်မ'

ထို့နောက် ကုလားကြီးထွက်သွားသည်။

ဒေါ်အေးရွှေချက်ချင်းမလုပ်ဖြစ်။ လုပ်သင့်မလုပ်သင့် ချင့်ချိန်နေသည်။ မိမိသား ခန္ဓာကိုယ်ထဲ၌ မိမိသားအသက် မဟုတ်ဘဲ ဖုတ်သက်သာရှိသည်ဆိုလျှင်မူ မထားသင့်။

လုပ်သင့်၊ မလုပ်သင့်၊ ချင့်ချိန်နေသည်မှာ သုံးရက်ကြာ သွားသည်။

အင်းရပြီး စတုတ္ထညမြောက်ည . . . ။

ထိုညတွင်မူ ဒေါ်အေးရွှေ ဆုံးဖြတ်ချက်တစ်ခုချလိုက် သည်။ ဆုံးဖြတ်ချက်သည်က အခြားမဟုတ်။

'ကုလားကြီးပြောတာ ဟုတ်မဟုတ်ဆိုတာ စမ်းကြည့် မှသိမယ်၊ သူဟာ မကောင်းဆိုးဝါးဆိုရင်တော့ထိရောက်မှာဘဲ





မကောင်းဆိုးဝါး မဟုတ်ရင်တော့ထိရောက်မှုရှိမှာ မဟုတ်ဘူး' ဟုဖြစ်သည်။

ထို့ကြောင့် ထိုနေ့ညနေပိုင်းတွင် ဩဇာရွက်ခူးပြီး ည ရောက်၍ အိပ်ယာခင်းလျှင် ဩဇာရွက်(၇)ရွက်ထပ်ပြီး ဩဇာ ရွက်(၇)ရွက်ထပ်ပေါ်တွင် အင်းတင်ကာ မောင်ညီ့အိပ်ယာအောက် တွင်ထားလိုက်သည်။

ထိုညက ထူးခြားချက်မှာ မောင်ညီသည် မိခင်ဖြစ်သူ အား သူ့အနားမှမခွာစေဘဲ မိခင်ရင်ခွင်ထဲသို့ တိုးဝင်နေလေသည်။

ဒေါ်အေးရွှေ သတိထားနေသည့်ကြားမှ နံနက်(၃)နာရီ ခန့်တွင် မှေးကနဲ အိပ်ပျော်သွား၏။

အပုပ်နံ့လိုလို အနံ့ဆိုးမှာ နှာခေါင်းထဲတိုးဝင်လာသဖြင့် ဖျတ်ကနဲလန့်နိုး၍ ကြည့်လိုက်ရာ မောင်ညီသည် အရိုးပေါ် အရေတင် မဲကျစ်ကျစ်ကလေး ဖြစ်ပြီးသေနေလေပြီ။

မောင်ညီသည် ဖုတ်ထွက်သွားလျှင် အသက်မရှိတော့။ ရုပ်က ပျက်နေသလို အနံ့ပါထွက်နေသဖြင့် ချက်ချင်း သင်္ဂြိုဟ်ရ သည်တည်း။

◆ ◆ ◆ ◆ ◆

ဒေဝေါ



www.burmeseclassic.com

www.burmeseclassic.com





# သချိုင်းစောင့်မဖဲဝါနှင့်တွေ့ဆုံခြင်း

တစ္ဆေ၊ သရဲလောကတွင် မဖဲဝါသည် ထင်ရှားသည့် သရဲမဖြစ်သည်။ သချိုင်းစောင့် မဖဲဝါ ဟုသိကြသည်။ သူ့ ဇာတ်လမ်းသည် စိတ်ဝင်စားဖွယ်ကောင်းသည်။ သနားစရာ ကောင်းသည်။





သို့သော် မဖဲဝါအကြောင်းကို ကောင်းကောင်းမသိသူတွေက မဖဲဝါကို စိတ်ဝင်စားမှုန်းသိသဖြင့် လုပ်စားသွားကြသည်လည်းရှိသည်။

သို့ဖြင့်မဖဲဝါသည် မသိသူတို့အတွက် ကြောက်စရာသရဲကြီးဖြစ်နေသည်။

စင်စစ် မဖဲဝါဆိုသည် . . .

◆ ◆ ◆ ◆ ◆

အထက်ပိုင်းရွာစာစ်ရွာ။

စင်စစ် ကျွန်တော် ထိုရွာသို့ရောက်ခဲ့သည်မှာ မဖဲဝါကို စိတ်ဝင်စားသောကြောင့်ဖြစ်သည်။ သူတို့ရွာ၏ ကနားအောင် နောက်ဆုံးနေ့အား လေ့လာရန်ဖြစ်သည်။

'ဆရာ ဦးအောင်ထူးရဲ့ ဒီနှစ်ကနားအောင်ပွဲမှာ မဖဲဝါကိုခေါ်တဲ့ပွဲလည်း ရှိတယ်'

ဟု ကျွန်တော့်သူငယ်ချင်းဖြစ်သူကပြောသည်၊ ကျွန်တော် သူ့ကိုကြည့်လိုက်ပြီး

'မင်းတို့ရွာမှာ နတ်ကနားအောင်ပွဲလုပ်ပြီးတိုင်း မဖဲဝါကိုခေါ်လား'

'တစ်ခြားမြို့ရွာတွေမှာတော့ မသိဘူး၊ ငါတို့ရွာမှာတော့ ခေါ်လို့ရတယ်၊ ဘာဖြစ်လို့လည်းဆိုတော့ ငါတို့ရွာမှာ သုသာန်ကွင်းဆိုတာရှိတယ်၊ အဲ့ဒီမှာ ကွင်းပိုင်က မဖဲဝါပဲ။ မဖဲဝါရဲ့



www.burmeseclassic.com

www.burmeseclassic.com



သုသာန်ကွင်းမှာ အများအယွင်းရှိရင် မဖဲ၀ါကို ခေါ်ရတယ်၊ မဖဲ၀ါကို တောင်းပန်ရတယ်'

ဟု သူကပြောသည်။

'အခု မင်းတို့ရွာမှာ အများအယွင်းရှိနေလား'

ဟု မေးတော့ သူက ခေါင်းညိတ်သည်။ ပြီးမှ

'ရှိတယ်၊ ငါတို့ရွာက တစ်ယောက်နဲ့ တစ်ဖက်ရွာက တစ်ယောက်လေ၊ အရက်မူးပြီး သုသာန်ကွင်းမှာ မဖဲ၀ါကို မရှိမသေပြောတယ်၊ မဖဲ၀ါကို ဘာညာနဲ့စော်ကားတယ်၊ အဲဒီညက နှစ်ယောက်စလုံးအရိုက်ခံရတာ၊ ကံကောင်းတ ကြာ လဲကျသွားပြီး ခွစီးထားတာ၊ လူမြင်လို့ သက်သာသွားတယ်၊ နို့မို့ဆို ပွဲချင်းပြီးဖြစ်မှာ၊ ဒါမျိုးရွာမှာ ဖြစ်ဖူးတယ်လေ'

ဟု သူကရှင်းပြသည်။ အမှန်ကိုဆိုသော် သည်ကနားကလည်း ဒီကိစ္စအတွက်၊ မယ်တော်များကို ပျော်ပွဲပေးသည့်ပွဲဖြစ်သည်။ သည်လိုဖြစ်တိုင်း ရွာမှာ ပျော်ပွဲလေးပေးပြီး အောင်ပွဲနေ့(နောက်ဆုံးနေ့)၌ မဖဲ၀ါကိုခေါ် ကျွေးမွေးပြီး တောင်းပန်ရသည်မှာ အစဉ်အလာ။

ဒီလိုဖြစ်တိုင်း ဦးစီးပျော်ပွဲပေးသည်က 'ဦးအောင်ထူး' ပင်။

သည်ရွာမှာက ဦးအောင်ထူးအား 'ကနားစီးနတ်ဆရာ' ဟုခေါ်သည်။ ဦးအောင်ထူးက မိန်းမရှာမဟုတ်သလို 'ကနားစီး





နတ်ဆရာ' ဟု အများကခေါ်ကြသော်လည်း နတ်ပူးသည့် အလုပ်မလုပ်။

သူသည် မည်သည့်နတ်ကိုယ်စားဝင်ပူးသည့် အလုပ်မျိုးမလုပ်။ နတ်ရုပ်ရှေ့တွင် တိုင်တည်ပြီး နတ်ကနားပွဲလာသူအား ဆိုင်ရာနတ် ဝင်စေသည်ချည်း။

သူ၏အဓိကအလုပ်သည် ကွင်းများမှုရှိပြီး ဒုက္ခနှင့်ကြုံသူအား ဆိုင်ရာအသံပေးကာ တောင်းပန်သည့် အလုပ်ပဲလုပ်သည်။

ဦးအောင်ထူးက အနေသန့်သည်။ စကားပြော ပြတ်သည်။ ရုပ်လည်းသန့်သည်။

'နတ်ဆိုတာ ကိုးကွယ်ဖို့မဟုတ်ဘူး၊ နတ်စာ ကျွေးရတယ်၊ သူတို့အတွက် အမျှပေးဝေရတယ်'

ဟု သူကအမြဲပြောသည်။

ဒီနေ့က ကနားနောက်ဆုံးနေ့။ ကနားအောင်ပွဲဖြစ်သဖြင့် လူစည်ကားသည်။ အထူးသဖြင့် သချိုင်းစောင့်မဖဲ၀ါ၊ သုသာန်ကွင်းပိုင်မဖဲ၀ါအား ခေါ်မည့်ပွဲဖြစ်သည့်အတွက် လူပို၍ စည်ကားသည်။

ပြောရလျှင် ကျွန်တော်ကိုယ်တိုင်လည်း သချိုင်းစောင့်မဖဲ၀ါ၊ သုသာန်စောင့်မဖဲ၀ါကို စိတ်ဝင်စားသဖြင့် ကနားအောင်ပွဲသို့ ရောက်ခဲ့သည်။ ကနားအောင်ပွဲ နောက်ဆုံးနေ့ ညနေပိုင်း၌



www.burmeseclassic.com

www.burmeseclassic.com



မဖဲဝါခေါ်ပွဲလုပ်သည်။ မဖဲဝါအား ခေါ်ပင်ခေါ်ငြားသော်လည်း ကနားအဆောက်အဦတွင်းမှ ဝင်ခွင့်မပြု။ ကနားအပြင်ဘက်တွင် မဖဲဝါကို အစာကျွေးသည်။

မဖဲဝါအား ခေါ်ယူအစာကျွေးပွဲက စိတ်ဝင်စားစရာကောင်းလှသည်။

မဖဲဝါခေါ်ပွဲ၌ ယောက်ျား(၆)ဦး၊ ဓါး(၆)လက်ပြင်ရသည်။ (၆)ဦးစလုံး ဓါးအိမ်မှ ဓါးမထုတ်ရ။ မဖဲဝါ ဝင်လာလျှင် ကနားတွင်းသို့ဝင်ရန် ကြိုးစားသဖြင့် လူ(၄)ဦးက မဖဲဝါကို ချုပ်ရသည်။ တစ်ဦးက အမဲရိုး၊ ငါးရိုးနှင့် ထမင်းအိုးထည့်ထားသည့် လင်ပန်းနှင့် မဖဲဝါကို အစာကျွေးရသည်။ တစ်ဦးက မဖဲဝါအား (၄)ဦးချုပ်၍ မနိုင်လျှင် ဝင်ကူပေးရန်ဖြစ်သည်။

မဖဲဝါကိုခေါ်သူက 'ကနားနတ်ဆရာ ဦးအောင်ထူး'။

'သုသာန်ကွင်းကို ပိုင်စိုးသည့် သင်္ချိုင်းဆရာအရှင်မဖဲဝါ၊ အသင့်အား ငါဆရာခေါ်သည်၊ အတုအယောင် အစွယ်အပါးမလာဘဲ မင်းကိုယ်တိုင်လာရမည်၊ မဖဲဝါ၊ သင်လာ၊ အခုလာလော့'

ဟုခေါ်ရသည်။ ယင်းသို့ခေါ်ပြီး သပြေခက်နှင့်ရေစက်ဖြန်းပက်လိုက်သည်။ ဗိန်းဗောင်းသံ ဆူညံလျက်။ မကြာမီ မဖဲဝါဝင်လာသည်။ ပရိသတ်ထဲမှ တစ်ဦးအားပူးကပ်ဝင်လာခြင်းဖြစ်သည်။





မဖဲဝါဝင်လာလျှင် သိသာသည်။

မျက်မှောင်ကြုံ၊ အံကြိတ်၊ လက်သီးဆုပ်ပြီး ခုန်၍ဝင်လာသည်။ အတည်အငြိမ်မရှိ။ ကနားတွင်းသို့ ခုန်ဝင်ရန်ကြိုးစားသည်နှင့် လူ(၄)ဦးက မဖဲဝါကို ချုပ်ကိုင်ရသည်။

မဖဲဝါက သန်မာလှသည်။

ယောက်ျားကြီး(၄)ဦး မနည်းချုပ်ရသည်။ နောက်တစ်ဦးက ဝင်ကူရသည်။ ကနားစီးဆရာ ဦးအောင်ထူးက……

'သင်္ချိုင်းဆရာ မဖဲဝါ၊ ဒီကနားအောင်ပွဲမှာ သင့်ကိုအသိအမှတ်ပြု ဖိတ်ခေါ်တယ်၊ ကနားစီးအောင်ပွဲအထိမ်းအမှတ်ပျော်ပွဲမှာ သင်ပျော်ရွှင်စွာစားသုံးပါ'

ဟုပြောသည်။ မဖဲဝါက ချုပ်ထားသည့် သူများကြားမှ ရန်းကန်ရင်း ဂနာမငြိမ်သောအကြည့်နှင့် ဟိုသည်ကြည့်သည်။

ထိုစဉ် မဖဲဝါအတွက် လင်ဘန်းနှင့်ပြင်ဆင်ထား အမဲရိုး၊ ငါးရိုး၊ ထမင်းအိုးအား မဖဲဝါရှေ့သို့ ယူလာသည်။

'ဟီး . . . ဟီး . . .'

မဖဲဝါက အတည်အငြိမ်မရှိ။

ထိုအတူ မဖဲဝါရှေ့သို့ လင်ဘန်းချလိုက်လျှင် မဖဲဝါက အငမ်းမရ စားသုံးသည်။ အမဲရိုး၊ ငါးရိုး၊ ထမင်းအိုးအား လက်နှင့်အားပါးတရယူစားသည်မဟုတ်။ လင်ဗန်းထဲမှ ထမင်းအား ပါးစပ်နှင့် ပလုပ်ပလောင်းစားသည်။ မဖဲဝါစားပုံမှာ အားရစရာ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းသည်။

ခဏအတွင်း၌ လင်ဘန်းတွင်းမှ ထမင်းများကုန်သွားသည်။ ကုန်သွားလျှင် မဖဲဝါထလိုက်သည်။

မဖဲဝါစားပြီးလျှင် 'ကနားသည်နတ်ဆရာဦးအောင်ထူး'က မဖဲဝါကိုကြည့်လိုက်သည်။ ပြီးလျှင် ဦးအောင်ထူးက

'သီချင်းဆရာမဖဲဝါ၊ သင့်အား ကျွန်ုပ်တို့အသိအမှတ်ပြုသလို ကျွန်ုပ်တို့ အခက်အခဲကို သင်ကူညီပါ မဖဲဝါ'

'ပြော ဘာဆိုတာ ပြော'

မျက်ထောင့်နီကြီးနှင့် ကြည့်ကာ ပြောသည်။

'တခြားတော့ မဟုတ်ပါဘူး၊ မဖဲဝါ သုဿန်ကွင်းမှာ မှားယွင်းခဲ့တဲ့ သူနှစ်ယောက်ရှိနေတယ်၊ သူတို့ ကျန်းမာရေးမကောင်းဘူး၊ သူတို့ ကျန်းမာရေးအခြေအနေကိုသိချင်တယ်၊ သင် ကူညီနိုင်လျှင် ကူညီပါ'

ဟု ပြောလျှင် မဖဲဝါဒေါသထွက်သွားပုံရ၏။ ခပ်ကြမ်းကြမ်းလှုပ်ရှားလိုက်ပြီး

'ငါ့ကွင်းမှာ ငါ့ကို စော်ကားတဲ့ ငမိုက်သားတွေလား၊ တစ်ယာက်ကတော့ လက်လွန်သွားပြီလေ၊ သူ့အတွက် မနက်ထက်မပို‌တော့ဘူး'

ဟုပြောလျှင်

'ဒါဆို တစ်ယောက်ကိုတော့ ကယ်နိုင်တယ်ပေါ့ မဖဲဝါ'





ဟုမေးလိုက်၏။

'အေး သူ့အသက်ကိုလိုချင်တယ်ဆိုရင်တော့ အနောက်ဘက်သုဿန်ရိုးမှာ နေဝင်ချိန်အရောက် သူ့နေ့နံနဲ့ ခေါင်းစာပစ်ပေးရမယ်'

'ဒါဆို သူ့အတွက် အသက်ဆက်နိုင်မယ်ပေါ့'

'မဖဲဝါဆိုတာ မမှန်တာမပြောဘူး၊ သင်တို့ဘက်က တိကျရင် မဖဲဝါဘက်က တိကျတယ်'

ဟု ပြောသည်။ ထိုစဉ် ဦးအောင်ထူးက

'မဖဲဝါ သင်လည်းပင်ပန်းရောပေါ့၊ သင်သွားလိုရာ သင့်ဌာနေကို သင်ပြန်နိုင်ပါပြီ'

ဟုပြောလျှင် မဖဲဝါ အသံနက်ကြီးနှင့်တစ်ချက်အော်လိုက်သည်။

ထိုစဉ်ဆိုင်းဝိုင်းဆီမှ ဆိုင်းသံတွေကျယ်လောင်စွာပေါ်လာ၏။ ဆိုင်းသံနှင့်အတူ မဖဲဝါသည် ခုန်ပေါက်ကာပြီးခုန်လိုက်သည်။

ထို့အတူ မဖဲဝါခန္ဓာကိုယ်ပြန်အကျတွင် မဖဲဝါပူးကပ်ခြင်းပြီးဆုံးသွားခဲ့သည်။ ပူးကပ်ခံရသူခမျာ တစ်ကိုယ်လုံးချွေးတွေရွှဲပြီး မောဟိုက်နေ၏။

ယင်းအရပ်ဒေသမှ လူများသည် မဖဲဝါအား ယုံကြည်မှုရှိကြပြီး ကနားအောင်ပွဲအပြီး သုဿန်ကွင်း၌ အမှားကြုံခဲ့ရသူ



www.burmeseclassic.com

www.burmeseclassic.com



အတွက် ဝမ်းနည်းဝမ်းသာဖြစ်နေကြ၏။ မည်သူက အသက်ရှင် ကျန်ရစ်သူဖြစ်ပြီး မည်သူက သေရွာသွားရမည့်သူ ဖြစ်မည်နည်း။

ထိုညနေ၌ပင် မဖဲဝါပြောသွားသည့်အတိုင်း ညနေ နေဝင်ချိန် နွားရိုင်းသွင်းချိန်၌ သုသာန်ကွင်းတွင် သုသာန်ကွင်း ပိုင်ရှင် သင်္ချိုင်းဆရာ မဖဲဝါအတွက် ခေါစာပစ်သည်။ ထိုနေ့ည ရွာတွင်း ရွာပြင် ခွေးဟောင်သံဆူညံသည့်နေ့။ လူ့အတော်များများအပြင် မထွက်ရဲကြ။ သုသာန်ကွင်း၌ မှားယွင်းခဲ့ပြီး အိပ်ယာတွင် လဲနေသည့် မောင်ဝင်းဇော်နှင့် မောင်တင်မြင့်အတွက် ပူပန်သူကပူပန်နေကြ၏။ ထိုသူနှစ်ယောက်အနက်. သေသူသည်မည်သူနည်း။

ထိုနေ့ည(၁၂)နာရီအချိန်တွင် သေသူရှင်သူဆိုသည့် အဖြေပေါ်ပေါက်ခဲ့၏။ မှန်သည်။ ညသန်းခေါင်(၁၂) နာရီအချိန်တွင် ခွေးအူသံ၊ ငှက်ဆိုးထိုးသံနှင့်အတူ မောင်တင်မြင့် ကျယ်လောင်စွာ တစ်ချက်အော်ဟစ်ပြီး အသက်ပျောက်သွားခဲ့သည်။

ယင်းကဲ့သို့ပင် နောက်တစ်နေ့ အရှေ့ကျွန်းမှ ထွက်ပေါ်လာသည့် နေမင်းနှင့်အတူ မောင်ဝင်းဇော်သည် မထနိုင်ဘဲ လဲနေရာမှ ငုတ်ကနဲထထိုင်ခဲ့ပြီတည်း။

◆ ◆ ◆ ◆ ◆

ဒေဝေါ







## သပိုးမှုတ်ဝင်ခြင်း

ကျွန်တော်သည် သရဲ၊ တစ္ဆေဟူသည့်လောက၌ တကယ်ရှိ မရှိ။ ကာလကြာမြင့်စွာသုတေသနပြုခဲ့သည်။ ရောက်လေရာတွင် တစ္ဆေသရဲ သုတေသနလုပ်ခဲ့သည်။

တစ္ဆေသရဲအခြောက်ခံရသူများ၊ တစ္ဆေ သရဲ ဖုတ် မှင်စာ သဘက်အား တွေ့ဖူးသူများအား ကိုယ်တိုင်တွေ့ဆုံကာ မေးမြန်းခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အချို့က ကိုယ်တိုင်တွေ့ကြုံခဲ့သည့်အကြောင်းဖြစ်ပြီး အချို့က တစ်ဆင့်စကားများ ပြန်လည်ပြောပြသည်များကို တစ်ဆင့်ပြောပြခဲ့ခြင်းများ ဖြစ်သည်။

ယခုတင်ပြမည့်အကြောင်းသည် တစ်ဆင့်ပြန်လည်ပြောပြသူ၏ အဖိုး ကိုယ်တွေ့ဖြစ်သည်။

ဖြစ်ခဲ့သည့်နေရာက ရွှေဘိုမြို့နယ်တွင်းဖြစ်ပြီး အချိန်က (၁၂၇၄) ခုနှစ်။ သီပေါမင်းပါတော်မူပြီးစအချိန်။

◆ ◆ ◆ ◆ ◆

ထိုအချိန်က အထက်မြန်မာပြည်အရပ်ရပ်၌ တည်ငြိမ်မှုမရှိ။ သူခိုး၊ ဓားပြတို့ကလည်း သောင်းကျန်းမင်းမူ နေချိန်ဖြစ်သည်။

အုပ်ချုပ်ရေးကလည်း ရှုပ်ထွေးနေပြီး မြို့ရွာအုပ်ချုပ်သည့် အမှုထမ်းအရာထမ်းတို့သည်လည်း လွန်စွာအလုပ်ရှုပ်နေချိန်။

ပြည်သူလူထု၊ ရပ်သူရွာသားတို့သည်လည်း အစဉ်အမြဲသတိနှင့်နေရပြီး အသက်ကို ဖက်နှင့်ထုပ်ထားရချိန်ပင်။

နေရာက ရွှေဘိုနယ်က ရွာတစ်ရွာ။

'ဒူ.... ဒူ......'

သူကြီးဦးထွန်းလူအိမ်မှ မောင်းသံသည် အရာရာ အားဖုံးအုပ်ကာ ကျယ်လောင်စွာပေါ်လာခဲ့သည်။

ရွာသူရွာသားတို့သည် မောင်းသံကြောင့် လှုပ်လှုပ်ရှားရှား





ဖြစ်သွားကြ၏။ သူကြီးအိမ်မှ မောင်းသံသည် အကြောင်းမဲ့ပေါ်လာခြင်း မဟုတ်။

အရေးတကြီးကိစ္စတစ်ခု ပေါ်ပေါက်ခဲ့သဖြင့် သူကြီးမှ ရွာသူရွာသားတို့အား မောင်းတီးနှိုးဆော်ခြင်းဖြစ်သည်။ မောင်းသံ၏ သင်္ကေတမှာ ရွာထဲရှိ ရွာသူရွာသားများ တစ်အိမ်တစ်ယောက် အမြန်လာဟု ဖြစ်သည်။

သူကြီးအိမ်သို့ လူအများစုဝေးရောက်လာ၏။

ထိုသို့ မောင်းသံကြားလျှင် ရပ်သူရွာသားများနှင့် အတူ အရက်မူးပြီးဆဲဆိုကာရောက်လာသူက ကာလသားခေါင်းဆောင် ဆယ်မောင်ဖြစ်သည်။

ယခုလည်းထိုနည်းလည်းကောင်းပင် ဆယ်မောင် မူးယစ်ဆဲဆိုပြီး ရောက်လာခဲ့၏။

သည်အခါ သူကြီးက

'ဆယ်မောင်တို့ကကွာ၊ မမူးတဲ့နေ့မရှိပါလား၊ အခုအရေးကြီးနေပြီ၊ လူဆိုးဖမ်းရတော့မယ်၊ မင်းဘယ်လိုလုပ်မလဲ'

ဟုပြောရာ ဆယ်မောင်က

'ဘာလုပ်ရမလဲသူကြီး ဆယ်မောင်လိုက်မှာပေါ့၊ ဆယ်မောင် ကြောက်မယ်ထင်လား၊ ကျွန်တော်မျိုးဆယ်မောင် ရင်မြေကတုတ်လုပ်ပြီး ရှေ့ကသွားမှာပါ'

ဟုပြော၏။ သည်အခါ သူကြီးက သဘောကျသွားသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ဟန်ဖြင့်ပြုံးပြီး

'ကဲ၊ ဒါဖြင့် ဆယ်မော်၊ မင်းအိမ်ပြန်ပြီး မင်းမိန်းမကို ပြောဦး'

ဟုပြော၏။

'ကောင်းပါပြီ သူကြီး'

ထို့နောက် ချက်ချင်း ဆယ်မောင်အိမ်သို့ပြန်ကာ မိန်းမကို တွေ့၏။ ပြီးနောက်

'မြရီ၊ ငါ ရပ်သူရွာသားတွေကို အနိုင်ကျင့်ဗိုလ်ကျတဲ့ ငမိုက်သားလူဆိုးတွေကိုဖမ်းဖို့ သူကြီးနဲ့အတူသွားရမယ်၊ မင်းက ကလေးတွေကို ကောင်းကောင်းကြည့်ထား၊ ငါ့အတွက် ဘာမှမပူနဲ့'

ဟုပြောပြီး သူကြီးအိမ်သို့ပြန်သွား၏။ သူကြီးအိမ်မှ လူစုံလျှင် လူဆိုးသောင်းကျန်းသူတို့ရှိရာသို့ ချီတက်ခဲ့ပြီ။

◆ ◆ ◆ ◆ ◆

သူကြီးနှင့်ရပ်သူရွာသားများ လူဆိုးဖမ်းရန်သွားသည့် နေရာသည် ရွှေဘိုနယ်က မဟာမြိုင်တောသို့ဖြစ်သည်။

ယင်းသို့သွားသည့်အချိန်တွင် ရွာသူရွာသားအားလုံး၌ လက်နက်ကိုယ်စီပါခဲ့ပါသော်လည်း ဆယ်မော်သည် လက်ချည်းသက်သက်ဖြစ်၏။ လက်နက်ဆို၍ အပ်တိုတစ်ချောင်းပင် မပါခဲ့ချေ။

ထို့ကြောင့် သူကြီး ဦးထွန်းလူက

'ဟဲ့ ဆယ်မောင်…. လူတိုင်းမှာ လက်နက်ကိုယ်စီရှိပြီး





မင်းမှာ လက်နက်မရှိပါလား၊ မင်းဘာလက်နက်လိုချင်သေး၊ ဓားလား၊ လှံလား'

ဟုမေးရာ ဆယ်မောင်က ပုခုံးတွန့်ပြီး

'သူကြီးဘုရား၊ ကျွန်တော်မျိုးဆယ်မောင်က ဒီလက်နက်မျိုးတွေမကိုင်ချင်ပါဘူး၊ ကျွန်တော်မျိုးကိုင်ချင်တာက သူကြီးဘုရားကိုင်တဲ့ သေနတ်ပဲ ကိုင်ချင်ပါတယ်ဘုရား'

မှတ်ချက်-ထိုစဉ်က သူကြီးကိုင်သည့်သေနတ်မှာ နိုင်ငံခြားဖြစ်နှစ်လုံးပြူး ခြောက်လုံးပြူးမဟုတ်။ ရှေးမြန်မာမင်းတို့လက်ထက်က သုံးသည့် လက်လုပ်သေနတ်တစ်လက်ဖြစ်သည်။

သူကြီးသည် စိတ်မဆိုးပါ။ သူ ဤကဲ့သို့ ရဲဝံ့စွာပြောင်းဆိုသည်မှာ ရွတ်ရွတ်ချွန်ချွန်လုပ်ဆောင်ရန်ဖြစ်မည်ဟု နားလည်ပြီး ဆယ်မောင်အား သူကြီးကိုယ်တိုင်သူ့သေနတ်အား ဆယ်မောင်ကို ပေးအပ်လိုက်လေသည်။ ဆယ်မောင်သည် သောက်တတ်စားတတ်သူဖြစ်သော်လည်း အရာရာပြောရဲဆိုရဲသူ၊ လုပ်ရဲသူဖြစ်သဖြင့် အားလုံးကြောက်ကြ၏။

ဤသို့ဖြင့် သူကြီးနှင့် ရွာသူရွာသားတို့ မဟာမြိုင်တောသို့ ရောက်လျှင် လူဆိုးများနှင့်ထိပ်တိုက်တွေ့ဆုံကြပြီး တစ်ဖက်နှင့်တစ်ဖက် ပစ်ခတ်ကြ၏။

ဆယ်မောင်က အရဲရင့်ဆုံးသူဖြစ်၏။ သေနတ်ကိုင်ကာ ရှေ့ဆုံးနေ၍ပစ်၏။ ဆယ်မောင်ပစ်ခတ်သဖြင့် လူဆိုးအတော်များ



www.burmeseclassic.com

www.burmeseclassic.com



များသေဆုံးခဲ့သလို လူဆိုးတို့ပစ်လိုက်အညှာ်ကျည်တို့သည် ဆယ်မောင်ကိုထိသွားသည်ကို အားလုံးမြင်တွေ့လိုက်ကြသည်။

ဆယ်မောင်မတ်တတ်မှ လဲကျသွား၏။

'ဟာ… ဆယ်မောင်ကို မှန်သွားပြီ'

ဟု အော်သူကအော်၏။

သူကြီးမှစ၍ အားလုံးမြင်တွေ့ကြသလို စိတ်မကောင်းလည်းဖြစ်ကြ၏။ ထို့အတူ သူခိုးဓားပြတို့ဘက်မှလည်း ဒဏ်ရာရသူ၊ သေဆုံးသူနှင့် အတော်ကလေးအားနည်းသွားပြီဖြစ်သည်။ ထိုအခါ ဆုတ်ခွာပြေးကြ၏။

သည်အခါ သူကြီးနှင့် ရွာသူရွာသားများသည် ဒဏ်ရာရသူများ၊ ကျဆုံးသူများအား ရွေးချယ်၍ ကောက်ယူကြ၏။

ထိုစဉ် ဆယ်မောင်သည်သေဆုံးသူအလောင်းတစ်လောင်းအားထမ်းကာ သူကြီးနှင့်ရွာသူရွာသားများနားသို့ ရောက်လာပြီး

'ကဲ… လာကြ ပြန်ကြစို့'

ဟုပြောသဖြင့် အားလုံးအံ့ဩနေကြသည်။

သူကြီးက

'ဆယ်မောင် မင်းရန်သူ့ကျည်မှန်သွားတာတွေ့လိုက်လို့ ငါတို့အားလုံး စိတ်မကောင်းကြဘူး၊ မသေဘဲမြင်ရလို့ ဝမ်းသာသကွာ'

ဟု ဝမ်းသာအားရပြောလေသည်။

◆ ◆ ◆ ◆ ◆





ထို့နောက် ဆယ်မောင်က မူးမြစ်မူးနေသကဲ့သို့ ဆယ်မောင့်အိမ်၏ မြည်တွန်းတောက်တီးသံကိုလည်း ကြားခဲ့ရ၏။

မြည်တွန်းတောက်တီးသည်မှာ ငါးပိနှင့် ငါးခြောက်များမကြာခဏပျောက်ဆုံးသည်ဟု မြည်တွန်းတောက်တီးခြင်းဖြစ်၏။

ထို့နှင့် များမကြာမီ ဓားပြ၊ သူခိုး တောပုန်းကိုသည်မဟာမြိုင်တောကို ခြေကုတ်ယူ၍ သောင်းကျန်းခဲ့ပြန်၏။

သည်အခါ၌လည်း ဆယ်မောင်က

'ဒီအတွက် ဘာမှမပူနဲ့ သူကြီးဘုရား၊ ကျွန်တော်မျိုးကိုယ်တိုင်ဦးစီးပြီး ဒီဇ. ပြတွေကို နှိမ်နင်းပေးပါမယ်'

ဟုပြောကာ ရွာသားများအား သူကိုယ်တိုင်ဦးဆောင်၍ မဟာမြိုင်တောသို့ချီတက်ခဲ့၏။ မဟာမြိုင်တောစပ်သို့ရောက်လျှင်

'မင်းတို့တောစပ်ကစောင့်ပြီး ထွက်လာတဲ့ကောင်တွေကို ချေမှုန်း၊ ငါက အထဲဝင်ပြီးတိုက်မယ်'

ဟုပြောကာ တောတဲဝင်ခဲ့၏။ တစ်နာရီခန့်ကြာသော် ဓားပြတောပုန်းတို့သည် ကစဥ့်ကလျားနှင့် ပြေးထွက်လာခဲ့ရာ တောအစပ်တွင် စောင့်နေကြသည့်ရွာသားတို့က နှိမ်နင်းရာ ကျဆုံးသူကျဆုံးပြီး အချို့အား လက်ရဖမ်းမိခဲ့သည်။ ထိုအချိန်မှ ဆယ်မောင်သည် တောထဲမှ ထွက်လာ၏။

ဤသို့ နှိမ်နင်းသည်မှာ တစ်ကြိမ်မဟုတ်၊ အကြိမ်ကြိမ်ဖြစ်၏။ သည်အခါ ဓားမြတောပုန်းတို့သည် ထကြွပုန်ကန်ခြင်း



www.burmeseclassic.com

www.burmeseclassic.com



မပြုနိုင်တော့။

ထိုနယ်သည် အေးချမ်းသွားခဲ့၏။

ယင်းကဲ့သို့ပင် သူကြီးဦးထွန်းလှသည်လည်း အသက်အရွယ်ကြီး၍ အနားယူလျှင် ဆယ်မောင်ကိုပင် သူ့ကိုယ်စား သူကြီးတာဝန် လွှဲခဲ့လေသည်။

◆ ◆ ◆ ◆ ◆

ဆယ်မောင်သူကြီးအဖြစ်တာဝန်ယူသည့်အခါ ထိုနယ်သည် အေးချမ်းသွားခဲ့၏။ သူခိုးသူဝှက်ရန်သည် အေးသွားချေပြီ။

ယင်းသို့ဖြင့် ဆယ်မောင် သူကြီးအဖြစ်တာဝန်ယူခဲ့သည်မှာ သုံးနှစ်ခန့်ကြာခဲ့ပြီ။

ထိုအခါ မန္တလေးသို့ဆေးကုရန်ထွက်သွားပြီး ရွာသို့မပြန်ဖြစ်ခဲ့သည့် ဆယ်မောင်၏ဦးလေးတော်သူ မြန်မာဆေးဆရာလည်းဖြစ်၊ အောက်လမ်းဆရာလည်းဖြစ်သည့် ဆရာဦးကိုနီသည် တူတော်မောင် ဆယ်မောင်နှင့် ဆွေမျိုးတို့ကို တွေ့ဆုံရန် ပြန်လာခဲ့သည်။

သို့သော် ထွက်သွားပြီး တစ်ခေါက်ကလေးမှ မပြန်ခဲ့သဖြင့် ဘယ်အမျိုး ဘယ်မှာနေသည်ကို ဦးကိုနီမသိခဲ့။

ထို့ကြောင့် သူကြီးဆယ်မောင်အိမ်မေးမြန်းရာ လူငယ်တစ်ဦးက ဦးကိုနီအား သူကြီးဆယ်မောင်အိမ်သို့လိုက်ပို့၏။

'သူကြီး... သူကြီး... ဧည့်သည်'





ဟု လူငယ်ကပြော၏။ ဦးကိုနီကလည်း

'ဟေ့ ဆယ်မောင်၊ တူကြီး ဦးကြီးလာတယ်လေ'

ဟု လှမ်းအော်ပြောရာ ဆယ်မောင်သည် အခန်းတွင်းမှ ကပျာကယာထွက်လာပြီး ဦးကြီးဖြစ်သူဦးကိုနီအား တွေ့လျှင် ခြေလှမ်းတွေ တုန့်ကနဲ ရပ်သွား၏။

ဦးကိုနီအား စိမ်းစိမ်းကြည့်နေ၏။

ဆေးဆရာလည်းဖြစ်၊ အောက်လမ်းဆရာလည်းဖြစ်သည့် ဦးကိုနီသည်လည်း တူတော်မောင် ဆယ်မောင်ကိုကြည့်ရင်း ထိုဆယ်မောင်ဆိုသူသည် ဆယ်မောင်အစစ်မဟုတ်မှန်း၊ အပမှီ ဖုတ်ဝင်နေသူဖြစ်မှန်းသိသဖြင့်

'အော်... ဆယ်မောင်သူကြီးက တယ်ကြီးပွားနေသကိုး'

ဟုပြောလိုက်စဉ်မှာပင် ဆယ်မောင်၏ခြေလက်တို့သည် တဆစ်ဆစ်မြည်သံပေး၍ ပြုတ်ကျကုန်လေတော့သည်။

သည်တော့မှ ဆယ်မောင်၏ဇနီးနှင့် တစ်ရွာလုံးသည် အံ့အံ့ကြွက်ကြွက်ဖြစ်ကာ လူသားဆယ်မောင်မဟုတ်၊ အပမှီ ဖုတ်ကောင်ဖြစ်မှန်း သိသွားလေတော့သည်။

**မှတ်ချက်။** ။ ဆယ်မောင်သည် သေနတ်မှန်ပြီးလဲအကျတွင် အပမှီဖုတ်ဝင်သွားသဖြင့် ဒဏ်ရာမရှိဘဲချက်ချင်းထကာ လူကောင်းကဲ့သို့ ဖြစ်နေခြင်းဖြစ်သည်။

အပမှီဖုတ်ကောင်ဖြစ်နေသဖြင့် ငါးပိ၊ ငါးခြောက်တို့



www.burmeseclassic.com

www.burmeseclassic.com



အား မိန်းမ မသိအောင်ဖြစ်စေ၊ ညအခါ၌ဖြစ်စေ ခိုးယူ၍စား၏။

ပယောဂဆရာနှင့်တွေ့လျှင် ရုပ်မဆောင်နိုင်သောကြောင့် အရိုးပုံဖြစ်ခဲ့ခြင်းပင်။

ဤသည်ကို အပမှီဖုတ်ဝင်သည်ဟု ဆိုကြသည်။

◆ ◆ ◆ ◆ ◆

ဒေဝေါ










မစိုးအိမ်သည် မုဆိုးမ၊ သားတစ်ယောက်မိခင်ဖြစ်သော်လည်း အရွယ်တော့မဟိုင်းသေး။ အသွားကြီးပုံ မပေါ်ကသေး။

တင်းရင်းပြည့်ဖြိုးသည့် ခန္ဓာကိုယ်အချိုးအဆစ်ကိုပိုင်ဆိုင်ထားသူဖြစ်သည်။ ပြုပြင်လိုက်လျှင် ပြုပြင်လိုက်သည့်အလျောက် လှပသေးသူဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မစိုးအိမ်၏သား မောင်သိန်းလွင်က အသက်(၁၀)နှစ် ရှိပြီး မစိုးအိမ်က အသက်(၃၅) နှစ်ရှိပြီ။

မစိုးအိမ် အသက်(၂၀)၌ ကိုသိန်းဆောင်နှင့်အိမ်ထောင်ကျခဲ့သည်။ ကိုသိန်းဆောင်က မစိုးအိမ်ကို အလွန်ချစ်သည်။ ခြေမွေးမီးမလောင် လက်မွေးမီးမလောင် ထားသည်။

ကိုသိန်းဆောင်နှင့်မစိုးအိမ်သည် အသက်ကွာခြားသော်လည်း မစိုးအိမ်က ကိုသိန်းဆောင်ကိုချစ်သည်။ ကိုသိန်းဆောင်က လင်ဝတ္တရားကျေပွန်သလို မစိုးအိမ်ကလည်း မယားဝတ္တရားကျေပွန်၏။

သားမောင်သိန်းလွင်ကလေးရတော့ သူတို့လင်မယားပို၍ချစ်ကြသည်။

"ငါတို့မှာ သားတစ်ယောက်ရလာပြီဆိုတော့ ဝမ်းသာစရာပဲစိုးအိမ်၊ လင်မယားဘဝမှာ သားယောက်ျားကလေးရတာဟာ အပါယ်တံခါးပိတ်ခြင်းပဲ၊ သားကိုရှင်ပြုဖို့ ငါပိုကြိုးစားရမယ် စိုးအိမ်"

ဟု ကိုသိန်းဆောင်က ပြော၏။ ကိုသိန်းဆောင်သည် အလုပ်ကိုလည်း ပို၍ကြိုးစားခဲ့သည်။ ရှာဖွေ၍ရသမျှအားလုံး ကိုသိန်းဆောင်က မစိုးအိမ်အား အပ်သလို မစိုးအိမ်ကလည်း "စီးတဲ့ရေ ဆည်တဲ့ကန်သင်း" ဆိုသလိုရသမျှ စုဆောင်း၏။

သို့သော် ကိုသိန်းဆောင်၏ ကံကြမ္မာသည် မကောင်းခဲ့၊





သားဖြစ်သူ မောင်သိန်းလွင်၏ရှင်ပြုကိစ္စစီစဉ်နေစဉ် ကားအက်ဆီးဒင့်ဖြစ်ပြီး သေဆုံးသွားခဲ့သည်။

မစိုးအိမ်သည် ခင်ပွန်းသည် ဆုံးပါးသွားသည့်နောက်ပိုင်း သားဖြစ်သူကို ရှင်ပြုရန်ကိစ္စကို ရှေ့တန်းမတင်ဖြစ်။ ခင်ပွန်းဖြစ်သူရှိစဉ်က ခြေမွေးမီးမလောင် လက်မွေးမီးမလောင်ထားခဲ့ပြီး ကိုသိန်းဆောင်သာ လုပ်ကိုင်ခဲ့သဖြင့် ကိုသိန်းဆောင် သေဆုံးသွားသည့်အခါ မစိုးရိမ်ဘဝက လမ်းပေါ်မှာလမ်းပျောက်သူ ဖြစ်သွားခဲ့သည်။

လုပ်ငန်းအကြောင်းမသိသဖြင့် လုပ်ငန်းကိုလည်း ဦးမစီးနိုင်ခဲ့။ ထို့ကြောင့် မောင်သိန်းလွင်အား ရှင်ပြုရန်ကိစ္စသည်လည်း ဓေးသွားခဲ့သည်။

ထိုအချိန်တွင် မစိုးအိမ်၏ဘဝ မမျှော်လင့်ဘဲအချိုး အဆစ်တစ်ခုဖြစ်ပေါ်ခဲ့သည်။

ဤကား အခြားမဟုတ်။

◆ ◆ ◆ ◆ ◆

မြန်မာစကား၌ "ကောင်းစားတော့ထည်၊ ဂုအတော့ခံ" ဟုရှိသည်။ ယခုအခါတွင်မစိုးအိမ်သည် ငယ်ငယ်ရွယ်ရွယ်နှင့် မုဆိုးမ ဖြစ်ခဲ့သလို ကိုသိန်းဆောင်ရှာဖွေပေးခဲ့သည့် ပစ္စည်းဥစ္စာပိုင်ဆိုင်မှုလည်းရှိနေသဖြင့် မစိုးအိမ်အားအပိုင်ကြံရန် ကြံစည်သူများရှိခဲ့သည်။ ထိကပါး ရိကပါးနှင့်ဓော်ကားရန်ကြံစည်သူများ လုပ်ငန်းခွင်တွင် အနိုင်ကျင့်ရန်ကြံစည်သူများရှိခဲ့သည်၊



www.burmeseclassic.com

www.burmeseclassic.com



သည်အခါတွင် မစိုးအိမ်၏ဘဝသည် မျက်စိသူငယ်၊ နားသူငယ်ဘဝဖြစ်ခဲ့သည်။ တချို့သောမစိုးအိမ်ကို ခင်မင်သူတွေက

'မစိုးအိမ်ရယ် နင်လည်းအရွယ်ရှိနေတာပဲ၊ နင် တစ်အိုးတစ်အိမ်ထူ ထောင်လိုက်စေချင်တယ်၊ ဒီအတိုင်း ကြာကြာနေရင် မလွယ်ဘူး၊ ပြီ.တော့ နင်အခုအချိန်မှာ တစ်အိုးတစ်အိမ်ထူထောင်ရင်လည်း အပြစ်မရှိပါဘူး၊ တစ်ပင်လဲလို့ တစ်ပင်ထူတာပဲ၊ လင်မရှိတဲ့မိန်းမက မတင့်တယ်ဘူးလေ၊ အထူးသဖြင့်ကတော့ နင်က အရွယ်ငယ်သေးသလို နင့်သားကလည်း အရွယ်ရောက်လာပြီ'

ဟု ဖျောင်းဖျပြောဆိုကြသည်။ ပြီးတော့ အသေအချာစဉ်းစားတော့ သူတို့အကြံဉာဏ်က မမှားဘူးဟု နားလည်၏။ ထို့အတူ

'စိုးအိမ်ရေ ခုဆိုငါတို့မှာ သားကလေးရှိလာလို့ ဒီသားကလေး ရှင်ပြုဖို့ကလည်း ရှိသေးတယ်၊ ဒါမှ တို့သာသနာအမွေခံဖြစ်ပြီး အပါယ်တံခါးပိတ်မှာ'

ဟု ကိုသိန်းဆောင်ပြောသည့် စကားကို ပြန်သတိရ၏။ သို့သော် မိတ်ဆွေတွေအကြံပေးသည့် နောက်အိမ်ထောင်ပြုရန်ကိစ္စကို မှန်သည်ဟု ခံစားမိသည်။

သို့ဖြင့် မစိုးအိမ်သည် ကိုချစ်စရာကို ဘဝလက်တွဲဖော်အဖြစ် ရွေးချယ်ရန်ဆုံးဖြတ်လိုက်သည်။ ကိုချစ်စရာက ကိုသိန်း





ဆောင်နှင့် ရင်းနှီးသလို ကိုသိန်းဆောင်ကွယ်လွန်ပြီး မရှိတော့သည့်နောက်ပိုင်း မစိုးအိမ်ကို ကူညီသူလည်းဖြစ်၏။

သို့သော် ကိုချစ်စရာတွင် အပြစ်ပြောစရာတစ်ခုရှိသည်။ အခြားမဟုတ်။ ညနေဆို ကိုချစ်စရာ အရက်ကလေးတစ်ခွက်တစ်ဖလားသောက်တတ်ခြင်းဖြစ်သည်။

သို့စေကာမူ သူက အရက်ကိုအလွန်အကျွံသောက်သူမူ မဟုတ်။ ဤသို့ဖြင့်ပင် မစိုးအိမ်ကိုချစ်စရာကို အိမ်ထောင်ဘက်အဖြစ် ရွေးချယ်ပြီး လက်ထပ်လိုက်သည်။

◆ ◆ ◆ ◆ ◆

အစကမူ ပြဿနာမရှိ။

သို့သော် ကိုချစ်စရာသည် မစိုးအိမ်နှင့် နှစ်ယောက်ဘဝတည်ဆောက်ပြီးသည့်နောက်ပိုင်း ကိုသိန်းဆောင်၏ လုပ်ငန်းအားဦးစီးလုပ်ကိုင်ရသလို အပေါင်းအသင်းအသိအကျွမ်းလည်းများလာသဖြင့်အသောက်အစားကစည်းကမ်းပျက်သလိုဖြစ်လာသည်။

ထိုအချိန် ပြဿနာစခဲ့သည်ဟု ဆိုရမည်။

တစ်ည . . .။

ကိုချစ်စရာအနည်းငယ် မူးလာသည်။ မစိုးအိမ်က ကိုချစ်စရာကိုကြည့်ပြီး

'ယောကျ်ားအရက်သောက်တာအပြစ်လို့ စိုးအိမ်မပြောပါဘူး၊ ဒါပေမယ့် တန်ဆေးလွန်ဘေးဆိုသလိုလွန်လာရင် မ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းဘူး၊ ဒါက စီးပွားပျက်ကိန်းပဲ ကိုချစ်စရာ'

ဟု စိုးအိမ်ကပြောရာ ကိုချစ်စရာက မူးနေသဖြင့်

'စိုးအိမ်တော်တော့၊ နွားရှေ့ထွန်နဲ့လာမကျူးနဲ့၊ ငါမကြိုက်ဘူး'

ဟု ပြော၏။ ထို့နောက် မစိုးအိမ်ကို ကျိန်းလိုက်၏။

ထိုအခါမအေဖြစ်သူအား ပြောနေပြီး ရိုက်တာ၊ ပုတ်တာလုပ်တော့ မောင်သိန်းလွင်ကအနားမှတုတ်ကိုဆွဲကာ ကိုချစ်စရာကို ရိုက်သည်။ သည်တော့ ကိုချစ်စရာက မောင်သိန်းလွင်ကို ရိုက်လိုက်သည်။ ထို့ကြောင့် ကိုချစ်စရာနှင့်မစိုးအိမ် ခွန်းကြီးခွန်းငယ် စကားများကြ၏။ အိမ်နီးနားချင်းတို့ လာရောက်ဖျန်ဖြေမှ အေးသွားသည်။

ထိုညက ကိုချစ်စရာက အိမ်ရှေ့ခန်းတွင်အိပ်ပြီး မစိုးအိမ်တို့ သားအမိက အိမ်တွင်းခန်းမှာ အိပ်ကြသည်။ ကိုချစ်စရာသည် ကောင်းစွာအိပ်၍ မရခဲ့။ ညလယ်လောက်တွင် အိမ်ရှေ့ခန်းတွင် ခြေသံတွေ တရှပ်ရှပ်ကြားရ၏။ တစ်ခါတစ်ရံခြေသံက အနားထိရောက်လာသည်။

'ဝုန်း'

'ဝုန်း'

'ချွမ်း . . . ချွမ်း'

နံရံကို ထုရိုက်သံ၊ ပစ္စည်းများကို ဆွဲမှောက်သံကြားရ၏။ တစ်ခါသော်ကိုချစ်စရာအိပ်နေရာပေါ်သို့ ရုတ်တရက်ဘီဒိုလဲကျရာ





ကိုချစ်စရာအထမြန်သဖြင့် အန္တရာယ်မဖြစ်ခဲ့ခြင်းဖြစ်သည်။

ထိုအတူ စင်ပေါ်မှ ပန်းကန်ကျကွဲသံများကြားရသဖြင့် ကိုချစ်စရာ အမူးပြေသွားပြီး

'စိုးအိမ် . . စိုးအိမ် ငါ့ကို ကယ်ပါဦး'

ဟုဆိုပြီး အိမ်ထဲ ဝင်ပြေးရ၏။

'ကိုချစ်စရာ ဘာဖြစ်တာလဲ'

ရန်ဖြစ်ထားကြသော်လည်း ခင်ပွန်းသည်ဒုက္ခနှင့်ကြုံလာတော့ စိတ်ဆိုးပြေသွားသည်။ တံခါးဖွင့်ပေးလိုက်ရသည်။ ကိုချစ်စရာ ကြောက်နေပြီ။

'မင်း မကြားဘူးလားစိုးအိမ်၊ သားရော၊ သားကိုအနားခေါ်ထား၊ မင်းဘယ်မှ မသွားနဲ့'

သားအမိ၊ သားအဖသုံးယောက် ချောင်တွင်ကုတ်နေကြ၏။ ကွဲသံရှသံ ပြိုလဲသံတွေက ကြောက်စရာ။ ထို့ကြောင့် အိမ်နီးချင်းတွေ ရောက်လာကြပြီး

'ဟဲ့ ဘယ်လိုဖြစ်ကြတာလဲ'

'မသိပါဘူးဗျာ၊ အိမ်ထဲမှာတစ်စုံတစ်ယောက်ရောက်လာပြီး သောင်းကျန်းနေသလိုပဲ၊ အား . .'

ကိုချစ်စရာပြောရင်း အလန့်တကြားအော်လိုက်သည်။

'ဘာဖြစ်တာလဲ ချစ်စရာ'

'ကျွန်တော်ပခုံးကို ဘယ်သူဆုတ်ကိုင်လဲမသိဘူး၊ လက်



www.burmeseclassic.com

www.burmeseclassic.com



က ရေခဲတုန်းလို အေးစက်နေတယ်ဗျ'

ကိုချစ်စရာပြော မဆုံးပြီး

'မှုန်း'

'အမယ်လေးဗျ'

ရိုက်လိုက်သံနှင့် ကိုချစ်စရာအလန့်တကြား အော်လိုက်မိသည်။

'ရိုက်တယ်၊ ကျွန်တော့်ကို ရိုက်တယ်ဗျ'

ဟု ကိုချစ်စရာပြော၏။ ကြောက်စိတ်ကြောင့်လားမသိ ကိုချစ်စရာမျက်နှာသည် သွေးမရှိသလို ဖြူရော်နေပြီး ဘယ်သူမှ လည်းမရှိပ်ရဲ။

ထိုညက မည်သူမျှ အိပ်မရ။ မိုးစင်စင်လင်းခဲ့သည်။

◆ ◆ ◆ ◆ ◆

နံနက်မိုးသောက် အလင်းရောက်လျှင် ထိုပြဿနာ အဖြေကို ရှာကြသည်။ ညကအဖြစ်အား တစ်ယောက်တစ်ပေါက် ဝေဖန်နေကြသည်။ ရှေးရင်ကျော်ဆရာ ဦးဉာဏ်ဝင်းက

'ငါ တစ်ခုစဉ်းစားမိတယ်'

ဟုပြောရာ

'ဘာများလဲဆရာ'

ဟု မေး၏။

'ညက အဖြစ်ကို ပြန်စဉ်းစားရင် ဖြစ်စဉ်တွေက ပရ





လောကနဲ့ ဆက်နွယ်မှုရှိနေတယ်လို့ ထင်တယ်၊ ပြီးတော့ မောင်ချစ်စရာနဲ့မစိုးအိမ် ရန်ဖြစ်ပြီး မောင်သိန်းလွင်ကို ရိုက်လိုက်တာက စတာဆိုတော့ ညက သောင်းကျန်းသူဟာ ကိုသိန်းဆောင်များ ဖြစ်နေသလားလို့ စဉ်းစားမိတယ်'

ဟုပြောရာ အားလုံးက လက်ခံကြ၏။

'ဟုတ်တယ်၊ ဆရာပြောတာဟုတ်နိုင်တယ်၊ ကိုသိန်းဆောင်က မစိုးအိမ်ကို သိပ်ချစ်သလို သူ့သားလေးကိုလည်း ချစ်တယ်၊ အခု ချစ်စရာက သူ့မိန်းနဲ့သူ့သားကို ရိုက်နှက်လိုက်တော့မကျွတ်မလွတ်သေးတဲ့ ကိုသိန်းဆောင်က မခံမရပ်နိုင်အောင် ဖြစ်သွားတာလဲ ဖြစ်နိုင်တယ်'

ဒေါ်အိတုန်က

'ဆရာပြောတာဟုတ်နိုင်တယ်၊ ကိုသိန်းဆောင်က မိန်းနဲ့သားကို သိပ်ချစ်သလို သူ့သားကို ရှင်ပြုဖို့ကြိုးစားရင်း ဆုံးသွားတာ၊ အခု ချစ်စရာက မစိုးအိမ်နဲ့ရပြီး အသောက်အစားများလာသလို မစိုးအိမ်နဲ့မောင်သိန်းလွင်ကို ကိုယ်ထိလက်ရောက်လုပ်လာတော့ ကိုသိန်းဆောင် မကျေမနပ်ဖြစ်တာဖြစ်နိုင်တယ်၊ ကျွန်မတို့ ကိုသိန်းဆောင်ပယောဂပါမပါသိအောင် ဘယ်လိုလုပ်ရင်ကောင်းမလဲ'

ဟုမေးသည်။

ဆရာဦးဉာဏ်ဝင်းက



www.burmeseclassic.com

www.burmeseclassic.com



"ဒီအတွက် ဆရာစီစဉ်ပါ့မယ်၊ ညကျရင်အဖြေပေါ်မှာပါ"

ဟုပြော၏။

ထို့ကြောင့် အားလုံး ညကာကိစ္စအား စဉ်းစားရင်းအဖြေကိုသိရှိရန် ဆန္ဒစောနေသည်။

ညရောက်လျှင် ကိုချစ်စရာနှင့်မဖိုးအိမ် အိမ်တွင် လူစုံနေ၏။ ဆရာဦးဉာဏဝင်းနှင့်လူငယ်တွေ ရောက်နေပြီး ဆရာဦးဉာဏဝင်းက ……

"ကဲ ကိုသိန်းဆောင်၊ သင် မကျွတ်မလွတ်သေးဘဲ ဤအနီးအပါးမှာ သင်ရှိနေတယ်ဆိုရင် သင့်ကို ကျွန်ုပ်ဖိတ်ခေါ်ပါတယ်၊ အသင်လာပါ"

ဟုဖိတ်ခေါ်သံနှင့်အတူ အိမ်ပေါ်သို့ ဒေါ်သံနှင့်လှမ်းလျှောက်လာသည့်ခြေသံကို ကြားရ၏။ လူကိုမူ မမြင်ရ။ ရုပ်မမြင်ရလည်း ကြားနေရသောခြေသံ၊ အပုပ်နံ့ သဲ့သဲ့ရှူရှိုက်ရတော့ ကိုသိန်းဆောင်ရောက်လာပြီဟု လူတိုင်းသိလိုက်၏။

ထိုစဉ် ခုံတစ်လုံးအား ဆရာဦးဉာဏဝင်းက ညွှန်ပြလိုက်သလို ထိုခုံပေါ်သို့ လူတစ်ယောက်ထိုင်လျှင် ကြားရသည့် အသံမျိုးကို ကြားရ၏။

အတန်ကြာလျှင် ဆရာဦးဉာဏဝင်းက

"ကဲ ကိုသိန်းဆောင်၊ ညက ဘာမကျေနပ်လို့ သောင်းကျန်းတာလဲဆိုတာ ကျွန်တော်တို့ သိပါရစေ"





ထိုအခါ လူမမြင်ရဘဲ အသံသာပေါ်လာ၏။

"ငါက ငါ့မိန်းကိုသိပ်ချစ်ခဲ့သလို ငါ့သားကိုလည်းချစ်တယ်၊ ဒါကြောင့် လက်ဖျားနဲ့တောင် မထိခဲ့ဖူးဘူး၊ အခု မင်းက ကိုယ်ထိလက်ရောက် စော်ကားတယ်၊ ပြီးတော့ ငါ့သားရှင်ပြုဖို့ ငါဘယ်လောက်ရှာခဲ့တယ်ဆိုတာ စိုးအိမ်သိတယ်၊ အခု မင်းက သုံးဖြုန်းနေတယ်၊ ဒါတွေကို မကျေနပ်လို့ ခုလိုသောင်းကျန်းတာပဲ၊ မင်း ဒီ့ထက်လွန်လာရင် လူပြည်မှာမထားဘူး၊ ငါ ရွှေအင်ပင်ကအမြဲကြည့်နေမယ်"

ဟုပြော၏။ အသံကို ပီပီသသကြားနေရသော်လည်း ရုပ်ကိုမူမမြင်ရ။

အားလုံးသည် ကြောက်စိတ်ကြောင့်မလှုပ်ရဲကြ။ ရွှေအင်ပင်ဆိုသည်မှာ ဘုရားဘွဲ့ဖြစ်ပြီး ထိုဘုရားတွင် သိုက်များရှိသည်ဟု အဆိုရှိ၏။ ဒီမြို့ကလူတိုင်းသိ၏။

ချစ်စရာသည် ငြိမ်နေရာမှ

"ကိုကြီး ကိုသိန်းဆောင်ကို ကျွန်တော်တောင်းပန်ပါတယ်၊ ကျွန်တော် မှားခဲ့ပါတယ်၊ နောက်နောင် ဒီလိုမဖြစ်စေရဘူးလို့လည်း ကတိပြုပါတယ်၊ ပြီးတော့ ကိုကြီးကိုသိန်းဆောင်ဆန္ဒဖြစ်တဲ့ မောင်သိန်းလွင် ရှင်ပြုဖြစ်အောင်လည်း ကျွန်တော်ကြိုးစားပါ့မယ်"

"ဝမ်းသာသကွာ၊ ငါကျေနပ်ပြီ၊ ပြန်မယ်"

ဟူသည့် စကားသံကြားရပြီး အိမ်ပေါ်မှ ဆင်းသွားသည့်



www.burmeseclassic.com

www.burmeseclassic.com



ခြေသံ အတိုင်းသားကြားရ၏။ မကြာမီ အပြင်တွင်ခွေးဟောင်သံ တွေ ဆူညံသွားသည်။

◆ ◆ ◆ ◆ ◆

နောက်ပိုင်းချစ်စရာသည် အရက် လုံးဝပြတ်သွားသည်။ အလုပ်ကိုလည်း ကြိုးစားလုပ်ခဲ့သဖြင့် စီးပွားရေးအခြေအနေလည်း တဖြည်းဖြည်း တိုးတက်လာခဲ့သည်။

ထို့ကြောင့် နောက်တစ်နှစ်တွင် မောင်သိန်းလွင်ကလေး အား စည်စည်ကားကား ရှင်ပြုနိုင်ခဲ့၏။ မကောင်းဆိုးဝါး နာနာ ဘာဝဖြစ်သည့်တိုင် သားကိုရှင်ပြုလိုသည့် တစ္ဆေကြီးကိုသိန်းဆောင် မှာလည်း အမျှဝေ သာဓုခေါ်နိုင်ခဲ့သည်တည်း။

◆ ◆ ◆ ◆ ◆

မှတ်ချက်။ ။မမျှော်လင့်ဘဲတွေ့ဆုံခဲ့ပြီး ဤစာတ် ကြောင်း အားပြောပြသည့် ဘဒ္ဒန္တဦးဧနိယအား ကျေးဇူးအထူးတင် ရှိကြောင်း မှတ်တမ်းပြုပါသည်။

ဒေဝေါ








တစ်ချိန်က အညာကျေးလက် ပုံတောင်ပုံညာဘက်တွင် "စဉ်သာနှင့်ထိန်တော" မည်သည့် ရွာနှစ်ရွာရှိခဲ့ဘူးသည်။ ထိုရွာ နှစ်ရွာကြား၌ ချောင်းငယ်လေးတစ်ခုရှိသည်။ ယမုံနာချောင်း ဟုခေါ်သည်။



www.burmeseclassic.com

www.burmeseclassic.com



စဉ်သာနှင့်ထိန်တောကို ခြားထားသည်က ချောင်းကလေး ဖြစ်သည်။ ချောင်းက ချောင်းကျယ်ကြီးမဟုတ်။

ချောင်းဒီဘက်တွင် စဉ်သာရွာရှိပြီး၊ ချောင်း၏ ဟိုမှာဘက်တွင် ထိန်တောရွာရှိသည်။ သို့သော် ထိုနှစ်ရွာက ချောင်းခြားနေသော်လည်း စိမ်းကားခြင်းမရှိ။ တစ်ရွာနှင့်တစ်ရွာ ကူးလူးဆက်ဆံမှုရှိသည်။ ချစ်ခင်ကြသည်။

စဉ်သာရွာ၏ အလှူရှိလျှင် ထိန်တောရွာမှ လာရောက်ကူညီကြပြီး ထိန်တောရွာအလှူရှိလျှင် စဉ်သာရွာက လာရောက်ကူညီကြသည်။ သူ့ရွာ ကိုယ့်ရွာအစွဲ မရှိ။

နွေဆိုလျှင် ချောင်းက ကောသွား၏။ ရေလည်းခန်းသွား၏။ ထိုအခါ ပို၍ထသွားထလာ အကူးအသန်းများခဲ့၏။

ပြီးတော့ နှစ်ရွာတစ်ရွာ မေတ္တာယှဉ်ခင်းသည်က ဒုနှဲ့ဒေး။ သည်အထဲတွင် မောင်သင်းဝေနှင့် ယုယုနွယ်တို့၏ မေတ္တာဇာတ်လမ်းက ထင်ရှား၏။ ပြောစမှတ်ဖြစ်ခဲ့၏။

အဘယ်ကြောင့်ဆိုသော်။

◆ ◆ ◆ ◆ ◆

မောင်သင်းဝေက ထိန်တောရွာသားဖြစ်ပြီး ယုယုနွယ်က စဉ်သာရွာသူဖြစ်၏။ သူတို့နှစ်ဦးချစ်သူဖြစ်ခဲ့ကြပြီး၊ နှစ်ယောက်တစ်ဘဝ၊ ဘဝတစ်ခုထူထောင်ရန် ဆုံးဖြတ်လိုက်သည်။

ပြည့်စုံသည့်ဘဝနှင့် နှစ်ယောက်တစ်ဘဝကို ဖြတ်သန်း





ရန် မောင်သင်းဝေဆုံးဖြတ်ခဲ့သည်။

ထို့ကြောင့် မောင်သင်းဝေက

'ယုနွယ်ကို ကိုတစ်ခုပြောချင်တယ်'

'ဘာလဲ ကိုသင်းဝေ'

'တခြားတော့မဟုတ်ဘူးယုနွယ်၊ ကိုယ်တို့နှစ်ယောက်လက်ထပ်ပြီးရင် ဘဝကိုဒီလိုနေရာမျိုးမှာ ဘဝရဲ့အချိန်တွေကို မကုန်ဆုံးစေချင်ဘူး၊ ပြည့်စုံကုံလုံတဲ့ဘဝနဲ့ ဘဝကိုကုန်ဆုံးစေချင်တယ်'

'ဒီစကားကြားရတာ ယုနွယ်ပျော်တယ်၊ ကိုသင်းဝေက ဘယ်လို စီစဉ်ချင်လို့လဲ'

'တခြားတော့မဟုတ်ဘူး ယုနွယ်၊ ကို ဒီမှာငွေရှာရင် အချိန်ကြာပြီး ရည်မှန်းချက်ပြည့်မှာ မဟုတ်ဘူး၊ ဒါကြောင့် လက်ထပ်တဲ့အခါ ကိုယ်တို့လက်ထဲမှာ ငွေရှိအောင် ကို ဖားကန့်ဘက်မှာ အလုပ်သွားလုပ်ဖို့ ဆုံးဖြတ်ထားတယ် ယုနွယ်'

'ကိုသင်းဝေဆန္ဒပြင်းပြနေတယ်ဆိုရင်ယုနွယ် မပိတ်ပင်ပါဘူး၊ ဒါပေမယ့် ယုနွယ်ကတော့ ကိုသင်းဝေနဲ့ ခွဲမနေချင်ဘူး၊ ချစ်သူနဲ့ခွဲနေရပြီး ရွှေဘုံပေါ်စံရမယ်ဆိုရင် ယုနွယ်ကတော့ ရွှေဘုံပေါ်မစံဘူး၊ ချစ်သူမျက်နှာကိုပဲ ကြည့်နေချင်တယ်'

'ယုနွယ်ရယ် ထာဝရအတွက် ကိုယ်တို့က တစ်ခဏခွဲနေရမှာပါ၊ ကိုယ်အမြန်ဆုံးပြန်လာနိုင်အောင်ကြိုးစားမှာပါယုနွယ်'



www.burmeseclassic.com

www.burmeseclassic.com



'ယုနွယ် လွမ်းနေမှာ ကိုသင်းဝေ'

သို့နှင့်မောင်သင်းဝေသည် ချစ်သူကောင်းစားရေးအတွက် မိမိမွေးရပ်မြေကို စွန့်ခဲ့သည်။ ဝေးသီခေါင်သည့်အရပ်၌ ကိုယ်မကျွမ်းကျင်သည့်အလုပ်နှင့် ငွေရှာခဲ့သည်။

ကိုသင်းဝေသည် အချိန်သာကြာခဲ့ပြီး စီးပွားမဖြစ်ခဲ့။ သည်ကြားထဲ ငှက်ဖျားရောဂါရခဲ့သလို ကျောက်တုံးပိ၍ ခြေတစ်ဖက်ကျိုးမလို ဖြစ်ခဲ့၏။

ဤသို့ဖြင့် သုံးနှစ်ဆိုသည့်အချိန်သည် ကုန်မှန်းမသိကုန်သွားခဲ့သလို နောင်တလည်းရခဲ့၏။ ထို့ကြောင့် စိတ်လျှော့ကာ ကိုယ့်ရပ်ကိုယ့်ရွာ၌ပင် ချစ်သူနှင့်လက်တွဲပြီး ဘဝရှေ့ရေးကြိုးစားမည်ဟု ဆုံးဖြတ်ပြီး ပြန်ခဲ့သည်။

မောင်သင်းဝေသည် သုံးနှစ်အတွင်း မည်သည့်အပြောင်းအလဲများ ပြောင်းလဲခဲ့သည်ကို မသိခဲ့ပါ။

◆ ◆ ◆ ◆ ◆

ချစ်သူနှင့်ဝေးကွာနေရခြင်းထက် ချစ်သူနှင့်လက်တွဲကာ အေးအတူပူအမျှ ရုန်းကန်ရခြင်းက အလှအပတစ်မျိုးဟုလည်းကောင်း၊ သာယာမှုတစ်ခုဟုလည်းကောင်းနားလည်ခဲ့သလို ချစ်သူကိုတွေ့လိုသည့်စိတ်က ပြင်းထန်ခဲ့၏။

ဆန္ဒကြောင့်တွက်ဆမှုအားနည်းခဲ့၏။ ရောက်လိုစိတ်ပြင်းထန်ခဲ့သဖြင့် အချိန်ကို မတွက်ဆမိသည့်အခါ ရွာသို့အချိန်နှောင်းမှ





ရောက်ခဲ့သည်။

ကားဂိတ်ရောက်တော့ နေဝင်နေပြီ။ ရွာကိုရောက်ဖို့ လမ်းလျှောက်ရဦးမည်။ မိုးချုပ်နေသော်လည်း ကိစ္စမရှိ။ ဤနေရာက နေရာစိမ်းမဟုတ်။ ပြီးတော့စဥ့်သာရွာမှ ဖြတ်ပြန်ရမည့်အတွက် ချစ်သူကို လည်းတွေ့နိုင်သည်။

မောင်သင်းဝေပျော်ရွှင်သွက်လက်စွာ လမ်းလျှောက်လာခဲ့သည်။ လဆန်း(၁၀)ရက်လသည် ဝင်းပနေ၏။ ဒီလက တပေါင်းလဟု သူသိနေ၏။

မကြာမီ တပေါင်းလပြည့်နေ့ ရောက်တော့မည်။

မောင်သင်းဝေ လျှောက်လာရင်း စဥ့်သာရွာနားသို့ ရောက်လာ၏။ ခွေးအူသံတွေ ကြားရသည်။ စဥ့်သာရွာကို လှမ်းကြည့်လိုက်သောအခါ အိမ်အချို့မှောင်ပြီး အိမ်အချို့ မီးလင်းနေ၏။ ရွာအနောက်စွန်းစွန်း၌ ယုယုနွယ်တို့အိမ်ရှိ၏။ ယုယုနွယ်တို့ အိမ်ကိုလှမ်းကြည့်လိုက်၏။ မီးရောင်မြင်နေရသေး၏။

'သူတို့ အိပ်ဟန်မရှိသေးဘူး'

သူတွေးရင်းပျော်သွားသည်။ ထို့ကြောင့် သူသည် သွက်သွက်လှမ်းလျှောက်ပြီး ယုယုနွယ်တို့အိမ်နားသို့ရောက်လျှင်

'ယုနွယ် . . . ယုနွယ်ရေ'

ဟု လှမ်းခေါ်လိုက်၏။

ညဖြစ်သည်မို့ ခေါ်သံက ဟိန်းသွားသည်၊ ယုနွယ်တို့



www.burmeseclassic.com

www.burmeseclassic.com



ခြံဝသို့ရောက်လျှင် သူရပ်လိုက်သည်။

'ယုနွယ် ကိုသင်းဝေပြန်လာပြီလေ'

ဟု အသံမြှင့်၍ ပြောလိုက်သည်။ မရှေးမနှောင်းတွင် တံခါးဖွင့်လိုက်သံ ကြားသည်။

'ကိုသင်းဝေ ကိုသင်းဝေပြန်လာပြီဟုတ်လား'

လှမ်းမေးသံ ကြားသည်။

'ဟုတ်တယ် ယုနွယ်၊ ကိုသင်းဝေ ပြန်လာပြီ'

'ဟုတ်လား၊ ပျော်လိုက်တာ ကိုသင်းဝေရယ်'

ယုယုနွယ်အိမ်ထဲမှ ထွက်လာသည်ကိုလည်းကောင်း၊ ကိုသင်းဝေရှိရာ ခြံဝသို့ထွက်လာသည်ကိုလည်းကောင်းတွေ့လိုက်ရသည်။ ခြံတံခါးဝဖွင့်ပြီးလျှင် မောင်သင်းဝေ ယုယုနွယ်ကိုပွေ့ဖက်လိုက်၏။ ယုယုနွယ် တစ်ကိုယ်လုံးအေးစက်နေ၏။

'ကိုပြန်လာပြီ ယုနွယ်၊ လုပ်ချင်သလိုမဖြစ်ရင် ဖြစ်သလိုပဲလုပ်မယ်လို့ ဆုံးဖြတ်ပြီးရောက်လာတာ၊ ကိုယ့်ရည်ရွယ်ချက်မပြည့်မြောက်ခဲ့တဲ့အတွက် ကိုယ့်ကို ခွင့်လွှတ်ပါယုနွယ်'

'ကိုသင်း၊ဝေရယ် ယုနွယ်အတွက် အမိကက ကိုသင်းဝေပါ'

'ယုနွယ်ရယ်'

ထိုညက မောင်သင်းဝေ ချစ်သူနှင့် အလွမ်းသယ်နေမိသဖြင့် ချက်ချင်းမပြန်ဖြစ်။ ယုနွယ်တို့အိမ်ရှေ့၌ရှိသည့် ထနောင်းပင်အောက်၌ ထိုင်ရင်းစကားတွေ ပြောခဲ့သည်။

ချစ်သူနှင့်တွေ့တော့ အားလုံးကိုမေ့နေသည်။ နံနက်လင်းကြက်တွေတွန်မှ မောင်သင်းဝေရွာသို့ ပြန်ခဲ့သည်။

◆ ◆ ◆ ◆ ◆

မောင်သင်းဝေသည် အာရုဏ်ပျိုးနှင့်အတူ ထိန်တောရွာရှိ မိဘတို့အိမ်သို့ ပြန်ရောက်လာခဲ့သည်။ မိဘတွေကလည်း မောင်သင်းဝေပြန်ရောက်လာသဖြင့် ပျော်ရွှင်နေကြ၏။

ဆွေမျိုးတွေလည်း ရောက်လာသဖြင့် ဟိုတစ်ယောက်သည်တစ်ယောက်နှင့် စကားတွေပြောမကုန်။ အပြန်တွင် စဉ်သာရွာရှိချစ်သူ ယုယုနွယ်တို့အိမ်သို့ ဝင်ခဲ့သည်ကိုလည်းကောင်း၊ ထိုရွာ၌ တစ်ညတာ အချိန်ကုန်ခဲ့သည်ကိုလည်းကောင်း မပြောဖြစ်ခဲ့။

ထို့အတူ ထိုညကလည်း မသွားဖြစ်ခဲ့။

သို့သော် ညရောက်၍ မိသားစုဆုံလျှင် မောင်သင်းဝေက

'ကျွန်တော် အမေတို့ အဖေတို့ကို ခွင့်ပန်ချင်တာရှိတယ် အဖေနဲ့အမေ'

ဟုပြောလျှင် အဖေက

'မင်းပြောမယ့် စကားက ကျောက်တူးတဲ့အလုပ်ကို ပြန်လုပ်မယ့်အကြောင်းလား၊ ဒါဆိုရင်တော့ မပြောနဲ့သား၊ အဖေတို့လုံးဝသဘောတူ ခွင့်ပြုတော့မှာမဟုတ်ဘူး'







www.burmeseclassic.com

www.burmeseclassic.com



ဟုပြောသည်။

'မဟုတ်ပါဘူး အဖေနဲ့အဖေ၊ သားရှည်းပြန်မသွားတော့ပါဘူး၊ သားအခုပြောမှာက သားရဲ့အနာဂတ်နဲ့ ယုယုနွယ် အကြောင်းပါ'

စင်စစ် ပြောသာပြောရသော်လည်း ယုယုနွယ်နှင့်သူ့အကြောင်းအား လူကြီးတွေလည်းသိထားသဖြင့် ပြဿနာမဖြစ်နိုင်မှန်း သူသိနေသည်။ သို့သော် ယုယုနွယ်အမည်ပါလာသည့်အခါ အားလုံး တအံ့တဩနှင့် ကြည့်ကြသည်။ အဖေက

'ယုယုနွယ့်အကြောင်းကို ပြောဖို့မလိုတော့ဘူးလေ၊ ပြောလည်းမပြောသင့်တော့ဘူး သား'

ဟုပြောသဖြင့် မောင်သင်းဝေ အံ့ဩရသည်။

'ဘာဖြစ်လို့ မပြောသင့်တာလဲအဖေ၊ ယုနွယ်ယောကျ်ားရသွားပြီလား၊ ညကတွေ့တော့လည်း ယုနွယ်ဘာမှမပြောပါဘူး'

'ဘာ သား၊ မင်း ညက ယုနွယ်နဲ့တွေ့တယ်ဟုတ်လား၊ ဟုတ်ရဲ့လား၊ သားရယ်'

'အဖေရယ် သားမလိမ်တာတော့ အဖေတို့ သိပါတယ်၊ ပြောရရင် ကျွန်တော်နဲ့ ယုနွယ်တစ်ညလုံး ထနောင်းပင်အောက်မှာ ထိုင်ပြီး စကားပြောခဲ့တာ အဖေ'

'ဒါဆို ဒါဟာ ယုနွယ်မဟုတ်နိုင်ဘူး'

'ဟုတ်ပါတယ် အဖေ၊ ယုနွယ်မှ ယုနွယ်အစစ်ပါ'





'မဟုတ်ဘူး၊ ယုနွယ်မဟုတ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ယုနွယ်တို့တစ်ရွာလုံးနီးပါး ကာလဝမ်းဖြစ်ပြီး သေသွားခဲ့တာ၊ ဒီထဲမှာ ယုနွယ်တို့ မိသားစုလည်း ပါသွားတယ်၊ ကျန်တဲ့သူတွေ ပြောင်းပြေးကြလို့ ရွာလဲပျက်သွားတယ်၊ မင်းညကတွေ့တာ လူသားယုနွယ် မဟုတ်ဘူး၊ တမလွန်ရွာသူယုနွယ်ပဲဖြစ်မယ်၊ သားရယ်၊ မင်းကံကြီးပေလို့ပေါ့'

အဖေကရှင်းပြသလို အမေကမျက်ရည်စက်လက်နှင့်

'မင်းအဖေပြောတာ အမှန်ပဲသား၊ သမီးယုနွယ် ကာလဝမ်းနဲ့ ဆုံးသွားရှာတယ်၊ သားပြောသလိုဆို ယုနွယ်မင်းစိတ်နဲ့ မကျွတ်မလွတ်ဘူးထင်တယ်၊ သမီး ယုနွယ်ရေ . . . အမျှ အမျှ . . . အမျှ'

ဟုကြေကွဲဆို့နစ်စွာ ပြောသည်။ အဖေက

'သား မယုံရင် ယုံအောင် မနက်ကျ အဖေရွာကို မြင်နိုင်တဲ့နေရာက လိုက်ပြမယ်၊ ဒါဆို သားယုံသွားမှာပါ'

ဟုပြောသည်။ ဘာပြန်ပြောရမည် မသိ။

ကိုယ်တိုင် ယုယုနွယ်ကိုတွေ့ရသည်မှာ အမှန်ဖြစ်သည်။ ထိုညက မောင်သင်းဝေ အိပ်မရ။

နံနက်မိုးသောက်အလင်းရောက်တော့ ထိန်တောရွာအစပ် ချောင်းနံဘေးမှ လှမ်းကြည့်လိုက်သည့်အခါ တွေ့ရသည့် မြင်ကွင်းကြောင့် မောင်သင်းဝေ ယူကြုံးမရဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



စဉ်သာရွာက အကောင်းမရှိတော့။

ရွာက ပျက်နေပြီ။

သို့သော် ယုယုနွယ်က တမလွန်ရွာသူအဖြစ် ဘဝခြား နေသော သူ့ချစ်သူ မောင်သင်းဝေကို တမ်းတနေပေလိမ့်မည်။

မောင်သင်းဝေသည် အချစ်ဆုံးချစ်သူ ယုယုနွယ်နှင့် ပေါင်းဆုံရန် မဖြစ်နိုင်သော်လည်း အသက်နှင့်ခန္ဓာမြဲနေသရွေ့ နောက်ဆုံး ထွက်သက်ထိ အချစ်ဆုံးတမလွန်ရွာသူအား မမေ့နိုင်ပါ။ မေ့နိုင်မည်မဟုတ်ပါချေ။

◆ ◆ ◆ ◆ ◆

မှတ်ချက်။ ။ဤဇာတ်လမ်းအား မှတ်မှတ်ရရပြောပြခဲ့သည့် ပုံတောင်ပုံညာသူ ဒေါ်ရွှေအိမ်ကို ကျေးဇူးတင်ပါသည်။

ဒေဝေါ







# ကျွတ်ကုန်းသို့ အလည်ရောက်ခဲ့သူ

'လောကမှာ စိတ်ကူးယဉ်ထက်ဆန်းကြယ်တဲ့အဖြစ်တွေရှိတာ ပြောမယုံ ကြုံမှသိဆိုတဲ့ အဖြစ်မျိုးတွေရှိတယ်ဆိုရင် ယုံမလား'

ဤစကား ဤမေးခွန်းကို မေးခဲ့သူက ကိုမြသိန်းဖြစ်သည်။ ကိုမြသိန်းသည် မျက်နှာဝိုင်းဝိုင်း၊ အရပ်မြင့်ရှည်။ သူ၏ထူးခြားမှုက စိတ်တိုခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုမြသိန်းနှင့်ကျွန်တော် ဆုံတွေ့ခဲ့ရသည်က အင်းစိန်ထောင်၌ ဖြစ်သည်။ သူက လူသတ်မှုနှင့် ထောင်ထဲရောက်လာသည်။

သူ့ပြစ်ဒဏ်က ၁၀ နှစ်။

ကျွန်တော်က အဖွဲ့အစည်းကိစ္စနှင့် အကျဉ်းသားဘဝသို့ရောက်ခဲ့ကာ အယူခံတင်ထားပြီး အထက်ရုံးအမိန့်ကို စောင့်နေချိန်။

သူက တန်းစီးတာဝန်ယူထားပြီး ကျွန်တော်က ဘုရားဘုတ်ကိုင်အဖြစ် တာဝန်ယူထားရသူ။ ကျွန်တော်တို့က အကျဉ်းသားဆိုသော်လည်း အခြားသောအကျဉ်းသားတို့နှင့်မတူ။

တစ်နည်းအားဖြင့်ဆိုရလျှင် ကျွန်တော်တို့က အနိုင်းခံမဟုတ်။ ခိုင်းစေသူ။ ကျွန်တော်တို့က နည်းပါးလှသည့် ထောင်ဝန်ထမ်းတို့အား ကူညီရသူဖြစ်သဖြင့် မနက်၊ ည အေးအေးလူလူ နေနိုင်သည်။

ကိုမြသိန်းကလည်း အကျဉ်းသားတွေ ညဘက်ဘုရားရှိခိုးပြီး ချိန်ပြီးလျှင် အေးဆေးစွာ ကော်ဖီသောက်ရင်း၊ ဆေးလိပ်ဖွာရင်း စကားပြောဖြစ်သည်။

ညစဉ် ရှေ့ဖြစ်နောက်ကြောင်းတွေ ပြောမကုန်။

ထိုညကမူ ကိုမြသိန်းသည် အထက်ပါစကားကိုစပြီး

'ခင်ဗျား သရဲတစ္ဆေ နာနာဘာဝတွေကို ယုံလား'

ဟုမေးသည်။

'ကျွန်တော်က ဗုဒ္ဓဘာသာဝင်ပီပီ ယုံတယ်'

'ခင်ဗျား သရဲခြောက်ခံရဘူးလား'

ကျွန်တော်က ကျွန်တော့အတွေ့အကြုံကို ပြောဖြစ်သည်။ သူက

'ကျွန်တော်လည်း ကျုတ်ကုန်းကိုရောက်ခဲ့ပြီး ကျုတ်တွေနဲ့





တွေ့ခဲ့တယ်'

'ဟာ ဒါဆိုစိတ်ဝင်စားစရာပဲ ပြောပြစမ်းပါ'

'ကျွန်တော်ပြောပြမှာပါ၊ ပြောရရင် ကျွန်တော်ကလည်း ပြန်ပြောပြချင်နေတာ'

ဟုစပြီး သူ့တွေ့ကြုံခဲ့ရဘူးသည့် နာနာဘာဝဟု ခေါ်ဆိုရမည့် သရဲတစ္ဆေအမျိုးအနွယ်ဝင် ကျုတ်တွေနှင့်တွေ့ခဲ့ရပုံကို ပြောပြသည်။

◆ ◆ ◆ ◆ ◆

ကိုမြသိန်းသည် ယခင်က တောတွင်းလက်နက်ကိုင်အဖွဲ့အစည်းတစ်ခုဟု ပြောရသည့် မြန်မာပြည် ကွန်မြူနစ်ပါတီဝင်တစ်ဦးဖြစ်သည်။ တစ်ခါသော် ကိုမြသိန်းနှင့် ပါတီဝင်တပ်သားသုံးယောက် ရွာကလေးတစ်ရွာသို့ ရောက်ခဲ့သည်။ သူတို့ ထိုရွာသို့ရောက်ခဲ့သည်က ရွာတွင် ဆက်ကြေးကောက်ခံရန်ဖြစ်၏။

သို့သော် ထိုရွာသို့ မရောက်ခဲ့သလို ဆက်ကြေးတောင်းခံခြင်းလည်း မပြုနိုင်ခဲ့ပါ။ အဘယ်ကြောင့်ဆိုသော် ဆက်ကြေးကောက်ခံရန် ရွာသို့လာနေစဉ် တပ်မတော်စစ်ကြောင်းနှင့် ထိပ်တိုက်တိုးခဲ့သောကြောင့်ဖြစ်သည်။

'ဒိုင်း . . ဒိုင်း'

'ဒက် . . ဒက်'

ကိုမြသိန်းတို့အဖွဲ့သည် တပ်မတော်စစ်ကြောင်းအား ရင်ဆိုင်တိုက်ခိုက်ခြင်း မပြုနိုင်ခဲ့။ ပစ်ပြေး ပြေးခဲ့ရသည်။

သုံးယောက်စလုံး အသက်လုပြေးရသည့်အတွက် တစ်ဦးကိုတစ်ဦး မစောင့်ရှောက်နိုင်ပါ။ မိမိအသက်မဆုံးရှုံးရေး အဓိကထားရ



www.burmeseclassic.com

www.burmeseclassic.com



ပြီး နောက်ဆုံး လှူခဲ့လိုက်ရသည်။ အသက်နှင့်ကိုယ်တည်မြဲရေးအတွက် ဘယ်ရောက်လို့ ဘယ်ပေါက်မှန်းမသိ။ ပြေးရင်း လွှားရင်း နေဝင်မိုး ချုပ်သွားသည့်အတွက်ပဲ ကျေနပ်ရသည်။

မိုးစုတ်စုတ်ချုပ်သွားမှာပဲ အသက်ဝဝရှူနိုင်တော့သည်။

ကိုမြသိန်းသည် သစ်ပင်တစ်ပင်ခွကြားပေါ်သို့တက်ပြီး မျက်လုံးမှိတ်နားလိုက်သည်။ ပင်ပန်းနွမ်းနယ်နေသည်မို့လားမသိ သူနှစ်နှစ်မြိုက်မြိုက် အိပ်ပျော်သွားခဲ့သည်။

ကိုမြသိန်း-ဘယ်လောက်ကြာကြာအိပ်ပျော်သွားသည်မသိ။ နားစည်တွင်းသို့ ပတ်မတီးသံ၊ ကြေးနောင်သံ၊ ဆိုင်းသံတိုးဝင်လာသဖြင့် သူမျက်လုံးဆတ်ကနဲဖွင့်လိုက်၏။

'ဆိုင်းသံပါလား၊ ဘယ်ကလဲ၊ ဒီအတိုင်းဆို ငါ ရွာတစ်ရွာရဲ့ အနီးအပါးရောက်လာပြီဆိုရမယ်၊ စားစရာ တစ်စုံတစ်ရာအဲ့လိုတွေ ကြားရှာရမယ်'

ဟုစဉ်းစားပြီး သူသစ်ပင်ပေါ်မှ ဆင်းလိုက်သည်။ ဆိုင်းသံကို နားစွင့်ပြီး ဆိုင်းသံလာရာသို့ လိုက်ခဲ့သည်။

ဆိုင်းသံနီးလာသဖြင့် ကိုမြသိန်းပျော်သွားသည်။

ထိုစဉ် ကိုမြသိန်းတစ်စုံတစ်ခုကို တိုက်မိပြီးလဲပြိုကျသွားသည်ကို သိလိုက်သည်။

ထို့နောက် . . .

◆ ◆ ◆ ◆ ◆

ကိုမြသိန်းဘယ်လက်နာကျင်နေသည်ကို သိသည်။ လက်က လှုပ်မရ။





'ငါ့ လက်များကျိုးသွားပြီလား'

သူစိုးရိမ်တကြီး စဉ်းစားပြီးမျက်လုံးကို ဖွင့်လိုက်သည်။ သည်အခါ ကိုမြသိန်းအကြီးအကျယ် အံ့ဩတုန်လှုပ်သွားသည်။ အဘယ်ကြောင့်ဆိုသော် ကိုမြသိန်းရှေ့၌ အသက်(၆၀)နီးပါးရှိမည့်ဟန်တူသည့် အသက်ကြီးကြီးလူကြီးတစ်ဦးနှင့် နုနယ်ပျိုမြစ်သည့်မိန်းကလေးငယ်တစ်ဦးကို တွေ့လိုက်ရသောကြောင့် ဖြစ်သည်။

'မင်းတို့ ဘယ်သူလဲ'

ဟုမေးမည်အပြု မိန်းကလေးက

'ရှင်စကားမပြောနဲ့ဦး၊ သိပ်ပြီးလှုပ်လှုပ်ရှားရှား မလုပ်နဲ့ဦး၊ ရှင်ကံကောင်းတာက ကျွန်မတို့သားအဖနဲ့တွေ့လိုက်ရတာပဲ၊ ရှင် ဘယ်သွားမယ်ဆိုတာ ကျွန်မတို့မမေးချင်ဘူး၊ ကျွန်မပြောချင်တာက ရှင်ကျွန်မတို့ရွာမှာ ဒီညအိပ်လိုက်၊ ကျွန်မတို့က အကူအညီ မကြီးဘူး၊ ကူညီ တတ်ပါတယ်'

သူမစကားကြောင့် သူဝမ်းသာသွားသည်။

'ကျေးဇူးပါပဲ၊ ကျေးဇူးမမေ့ပါဘူး'

ဟုပြောသည်။ သူတို့က အပြုံးတွေနှင့်။

ကိုမြသိန်းက အဘိုးကြီးကိုမှီခိုလိုက်ခဲ့သည်။ အတော်ဝေးသွားမိသောအခါ မီးရောင်တွေထိန်လင်းနေသည့် ရွာတစ်ရွာနှင့် ရွာထိပ်ဆီမှ ပွင့်ပျံ့လာသည့် ဆိုင်းသံကြားရ၏။ ပြီးတော့ သီချင်းသံသံ့သံ့။

'အငြိမ့်ရှိတယ်ထင်တယ်'

သူမေးလိုက်လျှင်

'ဟုတ်တယ်၊ ဒီနေ့က ရွာတည်တောင်ခြင်း အနှစ်(၁၀၀)ပြည့်



www.burmeseclassic.com

www.burmeseclassic.com



အငြိမ့်ပွဲလေ၊ ရှင်သွားလို့ မရသေးဘူးနော်'

'သိပါတယ်၊ ကျွန်တော် မသွားပါဘူး'

သို့နှင့် ရွာထဲသို့ရောက်သည်။ မန်ကျည်းပင်အကြီးကြီးရှိသည့် ခြံဝန်းတစ်ခုတွင်းသို့ ဝင်ပြီး

'ဒါ ကျွန်မတို့အိမ်လေ'

ဟုပြောသည်။ သူဝင်လိုက်ခဲ့သည်။

◆ ◆ ◆ ◆ ◆

သူတို့က လူမှုရေးပြည့်ဝသူတွေပင်။ အိမ်သို့ရောက်လျှင် သူ့ကို ကြည့်ပြီး

'ရှင် ဘာမှမစားရသေးဘူး မဟုတ်လား၊ ခဏနော်'

ဟုပြောသည်။ သူဘာမျှ မပြောပါ။

ကိုမြသိန်းနံရံကိုမှီကာ ထိုင်နေလိုက်သည်။ အဘိုးကြီးက အိမ်ထဲသို့ဝင်သွားသည်။ အမျိုးသမီးကလည်း စားဖို့သောက်ဖို့သွားပြင်ဆင်နေသည်မို့ အိမ်ရှေ့ခန်းမှာ သူတစ်ယောက်တည်းရှိနေသည်။

အချိန်က မနည်းတော့ဟု သူသိသည်။ နာရီမရှိသဖြင့် အချိန်ကိုမသိ။ သို့သော် သန်းခေါင်ရောက်တော့မည် ထင်၏။ လသာညမှ မဖြစ်နိုင်။ ကောင်းကင်ကို မော့ကြည့်လျှင် ကြယ်ကုဋေကုဋာ ရှမ်းလဲ့တောက်ပနေသည်ကို တွေ့ရမည်ဖြစ်ဗ၏။

ခြေသံကြား၍ သူကြည့်လိုက်သည်။

သူမဖြစ်သည်။ သူမကပြုံးကြည့်ပြီး

'ထမင်းပြင်ပြီးပြီ လာ'

ဟုဆိုသည်။ သူမ ဖေးကူသဖြင့် ကိုမြသိန်း မှီခိုလိုက်ခဲ့သည်။





ထမင်းစားခန်း ဖြစ်ဟန်တူ၏။ အခန်းက ကျယ်ကျယ်သန့်သန့်ကြီးမဟုတ်။ စားပွဲခုံအဝိုင်းချထားသည်။ စားပွဲဝိုင်းပေါ်၌ ထမင်းပန်းကန်နှင့်အတူ ဟင်းပန်းကန်တွေရှိသည်။ ဝက်သား၊ အမဲသား၊ ကြက်သားစုံလှ၏။ 'စားနော် အားမနာနဲ့' ဟု ပြောသည်။

'ကျေးဇူးပါပဲ'

ထို့နောက် ကိုမြသိန်းသည် မရှက်နိုင်တော့။ ဝမ်းထဲမှ ပိုးမျိုးများစွာ အစွမ်းပြနေပြီထင်၏။ ဆာလောင်မွတ်သိပ်လွန်းသဖြင့် သူ ထမင်းကို အားရပါးရစားသည်။ သူမသည် နွားငတ်ရေကျ စားနေသည့်ကိုမြသိန်းကို ငေးကြည့်နေ၏။

သူစားပြီး၍ လက်ဆေးတော့

'ရှင် စားကောင်းတယ်နော်'

သူပြုံးပြီး

'စားကောင်းတာမှ အရမ်းပဲ၊ ခင်ဗျားကိုသိပ်ကျေးဇူးတင်တယ်'

'မလိုပါဘူးရှင်၊ ဆာလောင်နေသူကို ကျွေးနိုင်လို့ကျေနပ်ပါတယ်'

'ဒါထက် အဘကော'

'အဘ အိပ်လောက်ပြီ၊ ရှင်လည်း အိပ်ချင်ရင် အိမ်ရှေ့ခန်းမှာ အိပ်ယာပြင်ထားတယ်'

'ကျေးဇူးပါပဲ'

ထို့နောက် သူမ ကိုမြသိန်းကို အိမ်ရှေ့ခန်းသို့လိုက်ပို့ပြီး အိမ်ခန်းတွင်းသို့ ဝင်သွားသည်။

ကိုမြသိန်းအိပ်ယာပေါ် လှဲလိုက်သည်။ သူတို့သားအဖကိုသည်း ကျေးဇူးတင်မိ၏။ အကယ်၍ သူတို့သားအဖနှင့်သာ မတွေ့ရင်



www.burmeseclassic.com

www.burmeseclassic.com



သူ့ဘဝက မတွေးရဲ။

တစ်နေ့ သူတို့သားအဖကို တုံ့ပြန်ကျေးဇူးဆပ်ရမည်ဟု စဉ်းစားထား၏။ ထို့နောက် သူ့အတွေးတို့ လွင့်သွားသည်။ အတွေးတို့က တောင်စဉ်ရေမရ။

သူ့စဉ်းစားရင်း ဤအိမ်၌ ဘုရားစင်မရှိသည်ကို သတိထားမိသည်။ ပင်ပန်းသည့်ဒဏ်၊ အစားများသွားသည့်ဒဏ်ကြောင့် သူ့အိပ်ချင်လာပြီ။

မျက်လုံးဖွင့်မရတော့။

သူ ခေါင်းနှင့်ခေါင်းအုံး ထိလိုက်လျှင် မေးကန်းအိပ်ပျော်သွားသည်။

◆ ◆ ◆ ◆ ◆

ခေါင်းတွေ၊ ကျောတွေနာသည်ဟု သူသိသည်။ သူ့မျက်မှုကနဲ တစ်ချက်ဖြစ်သွားသဖြင့် သူလန့်သွားသည်။ ကိုမြသိန်းမျက်လုံးကို ဖွင့်လိုက်သည်။

'အမယ်လေး'

သူ အလန့်တကြားဖြစ်သွားသည်။ သူ့ဆတ်ကနဲ ကိုယ်ကိုမတ်လိုက်သည်။ သူ့ကိုယ်တိုင်လည်း ဝေခွဲမရသလို ခံစားလိုက်ရသည်။ ညက သူ့အား သူမအိပ်ယာခင်းပေးသည်။ သူစောင်ခင်းပြီး ခေါင်းအုံးအိပ်ခဲ့ခြင်းပင်။ ယခု သူ့ကျောအောက်၌ စောင်မရှိ။ သူအုံးထားသည် ခေါင်းအုံးမဟုတ်။ တောင်ကမူ တစ်ခု။ ပြီးတော့ သူ ပတ်ဝန်းကျင်ကို ဝေ့ဝဲကြည့်လိုက်တော့ အိမ်တစ်လုံးမျှမရှိ။ ဖုန်းဆိုးမြေပဲ တွေ့ရသည်။

ဘာတွေဖြစ်ကုန်သနည်း။





ကိုမြသိန်း စဉ်းစားရင်း ကြက်သီးမွေးညင်းထသွားသည်။ ကြားဘူးနားဝ သက်ကြီးစကား သက်ငယ်ကြားပြောရလျှင် ပိမိသွားခဲ့သည်မှာ ကျွတ်ရှာလား။ သူနှင့်တွေ့ခဲ့သည် အဘိုးကြီးနှင့်အမျိုးသမီးငယ်လည်း နာနာဘာဝကျွတ်ကောင်တွေလား။

ဒါပဲ ဖြစ်သည်ဟု သူစဉ်းစားလိုက်သည်။ ဤသို့ဆိုလျှင် ဤနေရာလည်း မြေကောင်းမဟုတ်။ မြေဆိုးသာဖြစ်မည်။

မနေသင့်ဟု သူစဉ်းစားလိုက်၏။

ချက်ချင်း သည်နေရာမှ သူထွက်ခွာခဲ့သည်။ ပြီးခဲ့သည့်အချိန်တွေကို တွေးမိတိုင်း သူတုန်လှုပ်ရ၏။ သူ့အသက်ကို ရန်မရှာခဲ့သည့်အတွက် ကျေးဇူးတင်ရမည်။

စင်စစ်၊ သူက ပြောမယုံ ကြုံမှသိဆိုသော စကားနှယ် နာနာဘာဝတို့အား တွေ့ခဲ့သူ။

ကျွတ်ဆိုသည့် နာနာဘာဝကို တွေ့ခဲ့သူ။

◆ ◆ ◆ ◆ ◆

ဒေဝေါ



www.burmeseclassic.com

www.burmeseclassic.com






ကျွန်တော်၏ မြစ်ဝကျွန်းပေါ်ဒေသခရီးသည် အမှတ်တရခရီးဖြစ်ခဲ့သည်။ ပြောရလျှင် နာဂစ်မုန်တိုင်းကြောင့် ပျက်စီးသွားသောရွာများ၏ နောက်ပိုင်းပြုပြင်ပြောင်းလဲမှုများ။ အော မြင်မှုရခဲ့သည့်ဒေသနှင့် ပြည်သူတို့၏ပုံရိပ်အားလေ့လာရန်သွား သည့်ခရီးဖြစ်သည်။





ပြောရလျှင် ဒီခရီးစဉ်တွင် အမှတ်တရဖြစ်စရာအကြောင်း တစ်ခုနှင့်လည်းကြုံတွေ့ခဲ့ရ၏။ အကြောင်းက အခြားမဟုတ်။

ဘုန်းကြီးတစ္ဆေနှင့် တွေ့ခဲ့ရခြင်းပင် ဖြစ်သည်။

◆ ◆ ◆ ◆ ◆

ကျွန်တော်တို့ဇနီးမောင်နှံသည် သူငယ်ချင်းဖြစ်သူစိန်မောင်၏ အိမ်၌တည်းခိုပြီးအနီးအနားရွာများသို့ကျင်လည်ခဲ့သည်။ လေ့လာခဲ့သည်။

ညစဉ်ကြားရသည့်အသံများက ရင်နင့်စရာ။

တစ်နေ့။ ကျွန်တော်တို့ဇနီးမောင်နှံသည် ခရီးပန်းလွန်းသဖြင့် တစ်ရက်နားခဲ့၏။ စိန်မောင်တို့ဇနီးမောင်နှံက လယ်ထဲဆင်းသွားသဖြင့် စိန်မောင်၏သားနှစ်ဦးနှင့် ကျွန်တော်တို့ဇနီးမောင်နှံသာ အိမ်မှာကျန်ခဲ့၏။

အချိန်က နံနက် (၉) နာရီ။

ကျွန်တော်တို့ဇနီးမောင်နှံ အိမ်ရှေ့ဝရန်တာ၌ထိုင်နေစဉ်တွဲဖက်မညီသည့် သင်္ကန်းနှစ်ခု ပေါင်းစည်းကာ လျှောက်ဝင်လာသူကိုမြင်တွေ့လိုက်ရ၏။

ကျွန်တော်တို့ဇနီးမောင်နှံ အံ့သြရ၏။

အဖြစ်ကလည်း အံ့သြစရာပင်။ မြင်ကွင်းကလည်း အမြင်မတော် ဆင်တော်နှင့်ခလောက်ဆိုသည့်ကိန်းဖြစ်၏။ အဘယ့်ကြောင့်ဆိုသော် ခြံထဲသို့ ကျူးဝင်လာသည်မှာ ဘုန်းကြီးတစ်ပါးဖြစ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



သူ့ ခြေထောက်မှဆွဲကိုင်လာသည်က ကြက်သေတစ်ကောင်တည်း။

'ကြည့်ပါဦးမိန်းမ၊ ဘုန်းကြီးက ကြက်ကြီးဆွဲပြီး ခြံထဲ ဝင်လာတယ်'

'ဟုတ်ပ ယောက်ျားရယ်၊ ဘယ်လိုဖြစ်တာလဲ'

'မောင်လည်း ဘာပြောရမယ်မသိတော့ဘူး'

ထိုစဉ်ဘုန်းကြီးသည် ကျွန်တော်တို့နားသို့ ရောက်လာသည်။ အသက်က(၆၀)ခန့်ရှိသည်။ အသားဖြူဖြူထောင်ထောင် မောင်းမောင်း ဥပဓိရုပ်ကောင်းသည်။

'မောင် ဘာမှမပြောနဲ့နော်'

ဇနီးကပြောသည်။

'စိတ်ချပါ မိန်းမ'

ထိုစဉ် ဘုန်းကြီးက အနားသို့ရောက်လာသည်။

ကျွန်တော်တို့က ဗုဒ္ဓဘာသာမြန်မာလူမျိုးများပီပီ လက်အုပ်ချီမိုးရှိခိုးကြ၏။ ဘုန်းတော်ကြီးက ကြက်သေကို ရေကပြင်ဆီသို့ ပစ်တင်ပြီး

'ကဲ ဒကာ ဒီကြက်ကိုချက်ပြီး ငါ့ကိုဆွမ်းကပ်စမ်း'

ဤအဖြစ်သည် မဖြစ်သင့်သည့်အဖြစ် ဖြစ်သော်လည်း မပြောဖြစ်။ ဘုန်းတော်ကြီးအား ခေါင်းရင်းတွင်နေရာပေးပြီး ဇနီးက ချက်ပြုတ်သည်။

ထို့နောက် မွန်းမလွဲမီ ဆွမ်းကပ်၏။





ဘုန်းတော်ကြီးက ဆွမ်းအား မြိန်ရေယှက်ရေဘုန်းပေးပြီး

'ဒကာကို ငါပြောစရာရှိတယ်'

ဟုပြော၏။

'ပြောပါအရှင်ဘုရား'

'အေး တခြားတော့မဟုတ်ဘူးကွ၊ ငါ့ဘွဲ့က ဦးသာသနာပဲ၊ ဓမ္မိကာရုံကျောင်း ဆရာတော်ဆိုပါစို့'

'တင်ပါ့ မိန့်ပါဘုရား'

'မင်း ငါ့ကျောင်းကိုသွားပြီး ကျောင်းဥရုတိုင်အောက်မှာ သေတ္တာ ငါမြှုပ်ထားကြောင်းနဲ့ လုပ်စရာရှိတာလုပ်ပါလို့ ဂေါပက အဖွဲ့ကိုပြောပေးပါ'

ဟုမိန့်၏။

'တင်ပါ့ စိတ်ချပါဘုရား၊ တပည့်တော် ဆရာတော်သွန်ကြားချက်အတိုင်း လုပ်ပါ့မယ်'

'ကိုင်း ဒါဆို ငါကြွတော့မယ်'

ထို့နောက် ဆရာတော်သည် ဘာမှမပြောဘဲ ပြန်ကြွသွားပါသည်။

◆ ◆ ◆ ◆ ◆

စိန်မောင်တို့လင်မယား လယ်ထဲမှပြန်လာသည်နှင့် ကျွန်တော်တို့လင်မယားက အကျိုးအကြောင်းပြောပြရ၏။

'ဒါက ထူးဆန်းတာပဲကွ၊ ထူးခြားတာက ဦးသာသနာ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ ကြားဖူးသလို ခမ္မိကာရုံကျောင်းရှိတာလည်း သိတယ်၊ ခမ္မိကာရုံကျောင်းဆိုတာ မြောက်ဖျားက်ကျောင်းလေ'

ဟုရှင်းပြရာ

'ဒါဆိုရင်တော့ ငါမှာလုပ်စရာရှိသွားပြီ၊ ဒီကျောင်းကို အရောက်သွားရမယ်၊ ဂေါပကတွေနဲ့တွေ့ရမယ်'

ဟုပြောရာ စိန်မောင်က

'ဒါဖြင့် အမြန်လုပ်စရာရှိတာလုပ်လေ'

ထို့နောက် ကျွန်တော် ခမ္မိကာရုံကျောင်းသို့သွားသည်။ ကျောင်းကကျောင်းကြီးပင်။ မုခ်ဦးဆောက်လက်စရှိသည်။ ကျွန်တော်က ဦးသာသနာဘွဲ့တော်ကိုပြောပြရာ

'ခမ္မိကာရုံဆရာတော်ပဲ၊ အင်မတန်အကျင့်သိက္ခာနဲ့ပြည့်စုံတဲ့ ဆရာတော်ပါ၊ ပျံတော်မူသွားတာ တစ်လလောက်ရှိပြီ'

'ဗျာ ဟုတ်ရဲ့လား'

'ဟုတ်ပါသကောဗျာ၊ ဆရာတော်ရုတ်တရက် ပျံတော်မူသွားတာ၊ ဆရာတော်ရုတ်တရကပျံတော်မူသွားလို့ မုခ်ဦးဆောက်ဖို့ အလှူငွေဆရာတော် ဘယ်မှာထားသွားတယ်ဆိုတာ မသိဖြစ်နေတယ်၊ ဒါပေမယ့် ဆရာတော်မဟုတ်တာမလုပ်ဘူးဆိုတာ ဂေါပကအဖွဲ့ကယုံတယ်'

'မှန်တယ်ဗျ၊ ကျွန်တော်လည်း ဂေါပကအဖွဲ့နဲ့သွားတွေ့ရဦးမယ်၊ ခင်ဗျား ကူညီနိုင်မလား'





'ရပါတယ်'

ထို့နောက် ထိုမိတ်ဆွေ၏အကူအညီနှင့် ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးချစ်တင်နှင့်တွေ့ခဲ့သည်။ ကျွန်တော်က ဆရာတော်နှင့်တွေ့ဆုံပုံ၊ မှာကြားချက်များအားပြောပြရာ အားလုံးအံ့သြနေကြ၏။

ထို့အတူ ချက်ချင်း ဆရာတော်မှာကြားချက်အတိုင်း ဂေါပကအဖွဲ့နှင့် ကျောင်းဥရုတိုင်အောက်သို့တူးဖော်ကြရာ မကြာမီ ယွန်းအစ်ငယ်သေတ္တာတစ်လုံးအား တွေ့ရ၏။

'ဒါကဆရာတော့်ပစ္စည်းပဲ'

ဂေါပကဥက္ကဋ္ဌကပြောသည်။

မှန်သည်။ ထိုယွန်းအစ်သေတ္တာကိုဖွင့်လိုက်သည့်အခါ သေတ္တာထဲ၌ ရတနာပစ္စည်းများ၊ ငွေစက္ကူများ၊ စာရင်းဇယားများ တွေ့ရ၏။

ဂေါပကအဖွဲ့က ကျွန်တော့်အား ကျေးဇူးစကားပြောသည်။

'မောင်ရင်ပြောပုံအရဆို ဆရာတော်ဘုရားဟာ ကျောင်းမုခ်ဦးဝဆောက်ဖို့ ငွေကြေးစာရင်းမပေးရသေးတာ စွဲလန်းပြီး မကျွတ်မလွတ် ဖြစ်နေပုံရတယ်၊ ကျွန်တော်တို့အမြန်ဆုံး မုခ်ဦးဆောက်ပြီးဆရာတော်ကို အမျှဝေ သာခုခေါ်ပေးရမယ်'

ဟုပြောသည်။

ကျွန်တော့်ရင်ထဲလည်း ကြည်နူးနေရ၏။ ကျွန်တော်က မမျှော်လင့်ဘဲ ဒါနတစ်ခုပြုနိုင်ခဲ့ပြီ။ ဒီအဖြစ်က မမေ့နိုင်စရာ



www.burmeseclassic.com

www.burmeseclassic.com



အဖြစ်၊ မယုံကြည်နိုင်စရာအဖြစ်လည်း ဖြစ်သတည်း။

◆ ◆ ◆ ◆ ◆

မှတ်ချက်။ ။ ဘုရားရှင်လက်ထက်ကလည်း သတ်ိန်းကိုစွဲလမ်း မိသဖြင့် သကိန်းကြမ်းပိုး (သန်းကောင်ကြီး) ဖြစ်ခဲ့သည့်သာဓကရှိသည်။

'ဆရာတော်ဦးသာသနာ' လည်း ဤသို့ဖြစ်ခဲ့သည်ဟု ယူဆရမည်။

ဒေဝေါ







## ကြောက်အောင်ခြောက်တော့ကြောက်တာပေါ့

ကိုထွန်းမော်သည် ပြည်နှင့်ဝက်ထီးကန်အကြားတွင်တည်ရှိသည့် ဝက်ပုတ်ရွာတွင် အခြေချနေထိုင်သူဖြစ်သည်။

သူ၏ အသက်မွေးဝမ်းကျောင်းအလုပ်သည် ကြံ၊ ရာကျူဘာမ်းလှည်းအငှားလိုက်သည့်အလုပ်ဖြစ်သည်။ သူက အငှားလိုက်ရာတွင် နေရာဒေသ ရွေးချယ်သည့်အစဉ်အလာမရှိ။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်နေရာဘယ်ဒေသသို့မဆို သူကလိုက်ပါသူဖြစ်သည်။ အချိန် ကာလလည်း ရွေးသည်မရှိ။ နေ့ညမဟူလိုက်သည်။ သူနှင့် သူ့လှည်းကဲ့ ဖွားတော်ဖက်ပမာ။

ကိုထွန်းမော်က မနက်(၄)နာရီဆို အိပ်ယာမှထပြီး လှည်း ပြင်ကာ ထွက်လေ့ရှိ၏။ တစ်နေ့လုံးအလုပ်လုပ်ပြီး ညီ မိုးစုတ်စုတ် ချုပ်မှ ပြန်တတ်၏။ သူ့အား လူအများက အလုပ်ကြိုးစားသူဟု သိသလို သတ္တိကောင်းသူဟုလည်း သိကြသည်။

သူက အလုပ်ကိစ္စရှိလျှင် လွန်စွာနာမည်ကြီးပြီး သရဲ ခြောက်သည့်နေရာဖြစ်စေ၊ တစ္ဆေပေါသည့်နေရာဖြစ်စေ သွား၏။

ပြီးတော့ သူက ငွေရမည်ဆိုလျှင် သုသာန်သချိုင်းသို့သွား ကာ ခေါင်းစပ်၊ ငုတ်ရိုက်တတ်သူလည်းဖြစ်သည်။

တစ်နေ့ သူ ဝက်ထီးကန်မှ အလုပ်လုပ်ပြီး ဝက်ပုတ်သို့ ပြန်ယူရမည့်ပစ္စည်းအချို့ကိုယူကာ ဝက်ပုတ်ရွာသို့ ပြန်လာခဲ့သည်။

ထွန်းမော်သည် ဝက်ထီးကန်မှ အပြန်နောက်ကျသဖြင့် ဝက်ပုတ်ရွာသို့မရောက်မီ လမ်းခုလတ်တွင်ပင် မိုးချုပ်စပြု၏။

တစ်ခုရှိသည်က ထိုညက လပြည့်ည။

ကောင်းကင်၌ ပြည့်ဝန်းသည့်လမင်းသည် ထွန်းလင်း၏။ တောက်ပနေ၏။ ကြယ်ကုဋေကုဋာတို့ကလည်း တဖျတ်ဖျတ်နှင့်နှင့်။ ကြယ်ရောင်လရောင်တို့နှင့် ညသည် ဝင်းပနေ၏။ ငှက် အော်သံနှင့် သစ်ရွက်ကိုလေတိုးသံကိုလည်း ကြားနေရ၏။ သူ





မောင်းနှင်လာသည့်လှည်းသည် ရွာနှစ်ရွာစပ်ကြားရှိ တောရ ကျောင်းတစ်ကျောင်းအနားသို့ ရောက်လာခဲ့၏။

တောရကျောင်းကလေးက ဝါးကျောင်းဖြစ်ပြီး သစ်ပင် တို့က တောရကျောင်းအား အုပ်ဆိုင်းထား၏။

လရောင်က ဖြာလက်စီးကျနေသဖြင့် တောရကျောင်းနှင့် တောရကျောင်းနံဘေးသစ်ပင်အောက်တွင် တောင်ဝှေးထောက် ကာထိုင်နေသည့် လူကြီးတစ်ဦးကိုတွေ့ရ၏။

အသက် (၆၀)ခန့်ရှိပြီး အိုမင်းမစွမ်းရှိသည့် အသွင်အပြင် ဖြစ်သည်။ သူသည် ထိုအဖိုးကြီးအားကြည့်ကာ ဤအနီးအိုသည် ခရီးသွားဖြစ်နိုင်ကြောင်း၊ လှည်းကြုံစောင့်နေသူဖြစ်နိုင်ကြောင်း တွေးမိ၏။

'သူဟာခရီးသွားဖြစ်မယ်၊ လမ်းကြုံရင် သူ့ကိုခေါ်သွား ရမယ်'

ဟုတွေးလိုက်ပြီး အဖိုးအိုအနားတွင်လှည်းကို ရပ်လိုက်သည်။

◆ ◆ ◆ ◆ ◆

ထွန်းမော် လှည်းကိုရပ်ပြီး အဖိုးကြီးကိုကြည့်လိုက်သည်။

'အဘ မိုးချုပ်လုပြီ၊ အဘ ဘယ်သွားချင်လို့လဲ၊ အဘ ဘယ်ရွာကတုန်း'

ဟုမေးလိုက်ရာ အဖိုးကြီးက

'အဘက ဝက်ပုတ်ရွာကပါ၊ ပြန်မလို့လေ၊ အကြုံစောင့်



www.burmeseclassic.com

www.burmeseclassic.com



နေတာ မောင်ရင်ကောဘယ်လဲ'

ဟုပြော၏။

'ဟုတ်လား... ဒါဆို ကျွန်တော့်လှည်းနဲ့ လိုက်ခဲ့လေ၊ ကျွန်တော်လဲ ဝက်ပုတ်ရွာပြန်မှာပါ'

'ကျေးဇူးပဲ သူငယ်ရယ်'

အဖိုးအိုက ယင်းသို့ကျေးဇူးတင်စကားဆိုကာ တုန်တုန်ရင်ရင်နှင့် လှည်းပေါ်တက်သည်ကိုကြည့်ကာ ဂရုဏာသက်သွားမိသည်။

အဖိုးအိုလှည်းပေါ်ရောက်လျှင် လှည်းကိုမောင်းထွက်ခဲ့၏။ မိုးလဲချုပ်ပြီဖြစ်သဖြင့် ထွန်းမောင်လှည်းကို မြန်မြန်မောင်းခဲ့သည်။

အဖိုးအိုက

'မောင်ရင် အနှဲ ဘယ်ကပြန်လာတာလဲ'

ဟုမေး၏။

'ကျွန်တော် ဝက်ထီးကန်က ပြန်လာတာပါ အဘ'

'ရော် မိုးချုပ်လိုက်တာနော်၊ ငါ့မြေးက ဒီလိုအချိန်မရှိ သွားလာနေတာပဲလား၊ မကြောက်ဘူးလား'

'အဘရယ် ကျွန်တော်က ဒီအရွယ်ရောက်တဲ့အထိ အလုပ်နဲ့ နပန်းလုံးနေရသလို ကြောက်တယ်ဆိုတာလဲ မသိတော့ပါဘူး'

ဟုပြောရာ အဖိုးအိုက

'ဒါတော့ ဒါပေါ့ ငါ့မြေးရယ်၊ ဒါပေမယ့် နာနာဘာဝ





ဝိနာဘာဝဆိုတဲ့ကောင်တွေက အလွန်လည်းဆန်းကြယ်ကြတယ်လေ၊ သူတို့က တကယ်ခြောက်ပြီဆိုရင် တကယ်လဲကြောက်စရာကောင်းတာပဲ'

ဟုပြော၏။

ထွန်းမောင်က ပြုံးလိုက်မိ၏။ ပြီးမှ

'အိုအဘကလဲ၊ တကယ်ဆိုရင်နာနာဘာဝဆိုတဲ့မကောင်းဆိုးဝါးမိစ္ဆာကောင်တွေဟာ လူကိုဘာမှမလုပ်နိုင်ကြပါဘူး'

'ငါ့မြေး မကြုံဖူးလို့နေမှာပါ'

◆ ◆ ◆ ◆ ◆

လသာညဖြစ်သော်လည်း အချို့နေရာ သစ်ရိပ်ဝါးရိပ်ကင်းသည့်နေရာများ၌ လရောင်ကရွှန်းလက်နေစေကာမူ သစ်ရိပ်ဝါးရိပ်ကျသည့်နေရာရောက်လျှင် အမှောင်သိပ်သည်းသွား၏။

ထို့အတူ တိတ်ဆိတ်မှုက မင်းမူသွားပြီ။ သစ်ရွက်ရိုက်သံ၊ ငှက်အော်သံက ကျယ်လောင်သွားသည်။

'အဘလဲ ရွာရောက်ရင် ကျွန်တော့်အကြောင်းမေးကြည့်ပါ၊ ကျွန်တော် တစ္ဆေသူရဲခြောက်တဲ့နေရာ အတော်များများကို ရောက်ခဲ့ဖူး သွားခဲ့ဖူးတယ်၊ ဒီကောင်တွေ ကျွန်တော့်ကို ခြောက်ဘာလဲရှိခဲ့တယ်၊ ကျွန်တော်ကမကြောက်တော့ သူတို့ဘက်က လက်လျှော့သွားတယ် ထင်ပါ့၊ ကျွန်တော့်ကို မခြောက်ကြတော့ဘူးလေ။

အဖိုးကြီးက တည်ငြိမ်စွာကြည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



‘ငါ့မြေးက တကယ်ကြောက်စရာကောင်းတာနဲ့ မတွေ့ခဲ့ဘူးထင်ရဲ့’

‘ကျွန်တော် တွေ့ခဲ့ဖူးပါတယ်၊ ကျွန်တော်က ကြောက်ကို မကြောက်တာပါ’

◆ ◆ ◆ ◆ ◆

သူတို့ လှည်းကို ခပ်မြန်မြန်ကလေးမောင်းခဲ့သဖြင့် မကြာမီ ရွာနားသို့ရောက်လာ၏။

ရှေ့၌ ရွာဦးရေတွင်း။

ထွန်းမော်က

‘ရောက်ပြီ ဘကြီး၊ ဘကြီးက ရွာဘယ်ဘက်မှာ နေလဲ’

ဟု မေး၏။

အဖိုးကြီးက သူသွားလိုသည့်နေရာအား ပြောပြခြင်းမရှိ။

‘မင်း တစ္ဆေ သူရဲကို တကယ်မကြောက်ဘူးလား’

ဟုမေးသဖြင့် ထွန်းမော် အနည်းငယ်စိတ်ကွက်သွား၏။ သူသည် နောက်လှည့်မကြည့်ဘဲ လှည်းမောင်းရင်း

‘အဘကလဲ မကြောက်ပါဘူးဆိုနေမှ ဘာကြောင့်မေးနေတာလဲ’

‘မင်း တကယ်မကြောက်ဘူးလား’

အဖိုးအိုက ထပ်မေး၏။ တစ်ကြိမ်မဟုတ်၊ နှစ်ကြိမ် သုံးကြိမ် ထပ်မေး၏။





ထို့ကြောင့် ထွန်းမော်လည်း စိတ်မရှည်နိုင်တော့သဖြင့်

‘မကြောက်ပါဘူးဆိုမှ ဘာဖြစ်လို့မေးနေတာလဲ၊ မကြောက်ဘူး၊ ကျုပ်မကြောက်တတ်ဘူး’

ဟု ခပ်ထန်ထန်ပြောလိုက်၏။

အဖိုးအိုကဘာမှမပြော။ သို့သော် ရွာဝင်ဝ အနီး သို့ရောက်လျှင်……

‘ငါ့မြေး၊ မင်းတကယ်မကြောက်တတ်ဘူး၊ မကြောက်ဘူးဆိုရင် နောက်လှည့်ကြည့်လိုက်စမ်း’

ဟုပြောသဖြင့် ထွန်းမော်နောက်သို့ လှည့်ကြည့်လိုက်ရာ။

နွားရှက်ကြီးတစ်ဖက်ကိုခင်း၍ နွားရှက်တစ်ဖက်ကိုမြှုကာ သပိတ်လုံးခန့်ရှိသည့် မျက်လုံးနီနီနှင့်ကြည့်ပြီး သွားနီနီရဲရဲ အရှည်ကိုပုံလျှက် အမွေးစုတ်ဖွားနှင့် ထွန်းမော်ကိုကြည့်နေသည်ကို မျက်ဝါးထင်ထင်မြင်လိုက်သဖြင့် ထွန်းမော် ကြက်သီးဖြန်းဖြန်းထကာ ခေါင်းကြီးသွား၏။

‘အမယ်လေး’

ဟု အလန့်တကြားအော်ပြီး လှည်းဦးမှခုန်ချလိုက်ကာ ရွာထဲဆီသို့ တဟုန်ထိုးပြေးလေတော့သည်။ ရွာသားတို့သည် အလန့်တကြား အော်ဟစ်၍ ထွန်းမော် ပြေးဝင်လာသည်ကိုတွေ့၍ ထွန်းမော်ကို ဆီးဖမ်း၍မေးရာ ထွန်းမော်က မျက်လုံးပြူး မျက်ဆန်ပြူး၍



www.burmeseclassic.com

www.burmeseclassic.com



'ကြောက်တယ်၊ ကြောက်အောင်ခြောက်တော့ ကြောက်တာပေါ့'

ဟုသာအပ်ကြောင်းထပ်မျှ ပြောနေသဖြင့်ရွာသူရွာသားများသည် ထွန်းမော်တစ်ယောက် မကောင်းဆိုးဝါးနှာနှာဘာဝကောင်နှင့်တွေ့ပြီဟု သိလိုက်ကြ၏။

ချက်ချင်းလူစုကာ ရွာထိပ်တံခါးဝဆီသို့သွားကြည့်ရာ ရွာဝ၌ လှည်းကိုသာတွေ့ရ၏။

ထွန်းမော်သည် ကယောင်ကတမ်းပြောခြင်း၊ ပြူးတူးပြဲတဲလုပ်ခြင်း၊ လက်ယမ်းခြေခေါ့လုပ်ခြင်း စသည့်အပြုအမူလှုပ်ရှားမှုများကြောင့် ပယောဂဆရာနှင့်ပြသည်။ ပယောဂဆရာက

'ထွန်းမော် တစ္ဆေကြီးနဲ့ တွေ့လာဟန်ရှိတယ်'

ဟုပြောပြီး ကုသရာသက်သာရာရပြီး အိမ်ပျော်သွားခဲ့သည်။

◆ ◆ ◆ ◆ ◆

နံနက်မိုးသောက် အလင်းရောက်ခဲ့ပြီ။

နံနက်လင်းလျှင် ရွာသားအချို့သည် ထွန်းမော်အိမ်သို့ရောက်လာကြ၏။ ထွန်းမော်က စောင်ခြုံထိုင်နေသဖြင့် သက်သာမှု အခြေအနေနှင့် အကျိုးအကြောင်းမေးရာ ထွန်းမော်က

'နေကောင်းပါတယ်၊ ဒါပေမယ့် ကိုယ်တွေလက်တွေနာပြီး ရင်ထဲမှာ လှုပ်လှုပ်ဖြစ်နေတယ်'

ဟု ဖြေ၏။ မိတ်ဆွေတစ်ဦးက





'ဒါထက် ကိုထွန်းမော်… ခင်ဗျားက အမြဲတမ်း သရဲတစ္ဆေ မကြောက်ဘူးလို့ပြောတယ်၊ ခုကော ဘယ်လိုနေသေးလဲ'

ဟုမေးရာ ထွန်းမော်က ရှက်ကိုးရှက်ကန်းနှင့်

'တကယ်တော့ မကြောက်ဘူးဆိုတာ ကြောက်အောင်မခြောက်သေးလို့ပါ၊ အခု ကြောက်အောင်ခြောက်လိုက်တော့လည်း ကြောက်တာပေါ့'

ဟုပြောရာ မိတ်ဆွေများသည် ငိုအားထက်ရယ်အားသန်ဖြစ်ကာ..

'အော်… ကြောက်အောင်ခြောက်မှ ကြောက်တယ်ပေါ့'

ဟု ပြောရင်းရယ်ကြလေသည်။

◆ ◆ ◆ ◆ ◆

မှတ်ချက်။ ။ ၁၉၉၀ ပြည့်နှစ်က ဝက်ထီးကန်သို့ရောက်ပြီး ထိုအကြောင်းအားမှတ်တမ်းပြုနိုင်ခဲ့သည်။ ကံဇာတာမြင့်မားနေချိန်၌ သရဲတစ္ဆေအား တွေ့ချင်သော်လည်း တွေ့ခွင့်မရ၊ မတွေ့နိုင်ပါ။ ကိုထွန်းမော်၏အဖြစ်သည် မကောင်းဆိုးဝါးအား ဖိတ်ခေါ်သလိုဖြစ်ခဲ့သဖြင့် ခြောက်လှန့်ရန် အခွင့်သာခဲ့ခြင်းဖြစ်သည်။

ဒေဝေါ



www.burmeseclassic.com

www.burmeseclassic.com





တောင်ဆီမှ မိုးတွေညို့လာပြီ။

အပူငွေ့တို့သည် ချုပ်ငြိမ်းသွားပြီဆိုသည်နှင့် မုတ်သုန်၏ အငွေ့အသက်များအား ခံစားရသည်။

စိုထိုင်းထိုင်းမုတ်သုန်လေနှင့်အတူ မိုးသက်မိုးငွေ့များအား ခံစားရသည်။ မကြာမီ ဝင်းလက်သည့်လျှပ်ရောင်နှင့် မိုးထစ်ချုန်းသံကို ကြားရတော့မည်။





မိုးရေစက်တို့က လောကမြေပြင်သို့ ဖြန်းပက် ကျလာတော့မည်။ မိုးသံ၊ လေသံ၊ လျှပ်ရောင်နှင့် မိုးထစ်ချုန်းသံတို့အား ကြားရလေတိုင်း ကိုငြိမ်း၏ရင်ဝယ် မမေ့နိုင်သော အတိတ်ဝေဒနာတစ်ခုအား ခံစားရ၏။

'ဖြူရယ် ကိုယ် မင်းကိုမေ့မရနိုင်ဘူးကွယ်'

ဟု တိုးတိုးရေရွတ်မိသည်။

ပြီးတော့ နှင်းဆီပွင့်ဖတ်ကလေးနှင့်တူသော သူမမျက်နှာကို မြင်တွေ့ရသည်။ ခုဆို သူမသည် ဘယ်ဘဝ၊ ဘယ်ကမ္ဘာသို့ ရောက်နေပြီလဲ။

ပိတုန်းရောင်နက်မှောင်သော ဆံကေသာ၊ မကျဉ်းမကျယ်နဖူးပြင်နှင့် ဖင်ရော်တောင်နှယ်မျက်ခုံး၊ သောက်ရှုးကြယ်အလားထင်မှားရသည့် မျက်ဝန်းလဲ့ပြာပြာအစုံ၊ သွယ်စင်းသည့်နှာတံ။ ချူးနုတ်မောင် လေးကိုင်းသဏ္ဌာန် နှုတ်ခမ်းက ပန်းဆီသွေးရှိ၏။

အခုတော့ သူမသည် . . . .

◆ ◆ ◆ ◆ ◆

အမရပူရမြို့စွန်တစ်နေရာ။ အချိန်က ည။ တစ်ခုဟူးခြားသည်က ထိုညက မိုးသည်းသည်။ ကောင်းကင်ပြင်၌ မည်းမှောင်နေသလို လျှပ်ရောင်တွေက ဖြိုးကနဲလက်ကနဲ။

'ဝေါ . . .'

'ဝုန်း' 'ဂျိမ်း'



www.burmeseclassic.com

www.burmeseclassic.com



မိုးထစ်ချုန်းသံတွေက ကြောက်စရာ။ လျှပ်တွေပြိုး ပြက်လိုက်တိုင်း အမှောင်တို့က အလင်းရောင်အောက်၌ ပျောက်သွားသည်။ မိုးက အငြိုးကြီးစွာ ရွာသွန်းနေသလို လေက အတိုက်ကြမ်းသည်။ လျှပ်ရောင်ပြိုးပြက်ချိန်၌ မိုးစက်မိုးပေါက်များနှင့် အတူ လေအသင့်တွင် သစ်ပင်တို့ယိမ်းထိုးနေသည်ကို တွေ့ရသည်။

ကိုငြိမ်းသည် ကားကိုထိန်းမောင်းလာခဲ့သည်။ အမြင်အာရုံကောင်းစေရန် ဝိုက်ဘာတာကိုဖွင့်ထား၏။ ဝိုက်ဘာတာသည် ဟိုသည်ပြေးနေ၏။

မိုးသည်းနေသည်ကတစ်ကြောင်း၊ ဒီဒေသသို့ ပထမဆုံးရောက်လာသည့် မည့်သည်ဖြစ်သည်ကတစ်ကြောင်းကြောင့် ရုတ်တရက် ဘယ်နေရာဖြစ်သည်ကို ခန့်မှန်းရခက်နေသည်။

စင်စင် ကိုငြိမ်းက ဒီဒေသ၏ဧည့်သည်။ စီးပွားရေးလုပ်ငန်းကိစ္စ တစ်ခုနှင့် ဤနေရာသို့ရောက်လာခြင်းဖြစ်သည်။

♦ ♦ ♦ ♦ ♦

မိုးကသည်းဆဲ။

'ဝုန်း'

'ဂျိမ်း'

မိုးထစ်ချုန်းသံနှင့်အတူ မိုးကြိုးပစ်လိုက်သံကြား၏။ သူ့ကားစတီယာရင်ကို ထိန်းကိုင်မောင်းရင်း ကိုယ်ကိုဆန့်လိုက်သည်။

ထိုစဉ် ကိုငြိမ်း၏မျက်ဝန်းသူ့ငယ်အိမ်အပြင်းသို့ သဏ္ဍာန်





တစ်ခု ကျူးဝင်လာသည်။ လှပသည့်သဏ္ဍာန်။

မိန်းကလေးတစ်ယောက်။

♦ ♦ ♦ ♦ ♦

အရှေ့မှန်တွင် တင်နေသည့်မိုးစက်တို့အား ရေသုတ်တံ (ဝိုက်ဘာတံ)က သိမ်းပက်လိုက်သဖြင့် မှန်ကြည်လင်ပြတ်သားသွားသည်။ ထို့ကြောင့် ရှေ့မှအသွင်သဏ္ဍာန်ကို ပြတ်သားစွာပြင် စွာမြင်ရသည်။ မိုးရေရွှဲနေသည့် မိန်းကလေး။ သူမက ကားကို လက်ဆန့်တန်း၍ တားနေသည်။

'ကျွီ'

ဘရိတ်ကိုနင်းလိုက်သဖြင့် ကားဘီးနှင့်ကတ္တရာလမ်းမ ပွတ်တိုက်သံ ကျယ်လောင်စွာ ပေါ်ထွက်လာသည်။ ကားသည် သူမ အနား၌ ရပ်သွား၏။ ထို့အတူ ကိုငြိမ်း၏ အကြည့်များက သူမအား စူးဝင်သွားသည်။

စွဲမက်ဖွယ်မြင်ကွင်းပင်။ သူမ တစ်ကိုယ်လုံး မိုးတွေစိုရွှဲနေသဖြင့် ပင်ကိုယ်အလှသဘာဝတွေ အထင်းသား‌ပေါ်နေ၏။ အဖုအထစ်အလုံးအကြွတွေကို ထင်းကနဲမြင်ရ၏။

သူ့ နက်မှောင်သောဆံနွယ်တို့က သူ့ရင်နှစ်မွှာပေါ်သို့ ယှက်ဖြာကျနေ၏။ ကိုငြိမ်းက မျက်တောင်တစ်ချက်ခတ်ပြီး

'အကူအညီလိုနေလို့လားမိန်းကလေး၊ ကိုယ်ဘာကူညီရမလဲ'



www.burmeseclassic.com

www.burmeseclassic.com



ကိုငြိမ်းမေးလိုက်သည်။

သူမက ရှက်ကိုးဟန်ပန် အားနာဟန်ဖြင့် ဆွေကနဲပြန်ကြည့်သည်။

'ဒီက အစ်ကိုကြီးအတွက် အပန်းမကြီးဘူးဆိုရင်လေ စိတ္တရမဟီကို လိုက်ချင်တယ်'

'အပန်းမကြီးပါဘူး၊ ဒါပေမယ့် တစ်ခုရှိတာက ကိုယ်က ချည့်သည်လေ၊ ဒါကြောင့် ဒီက ကိုယ်ကို လမ်းပြရမယ်'

'ကျေးဇူးပါပဲ'

ဟုသူမကပြောသည်။ ကျွန်တော်က ကားအတွင်းဂျက်ကို ဖွင့်ပြီး တံခါးဖွင့်ပေးလိုက်သည်။ ကားတံခါးပွင့်သွားလျှင် သူမ ကားပေါ်တက်၏။

မွေးပျံ့သည့်ရနံ့တစ်ခုက ကျူးဝင်လာသည်။ ဒီအချိန်ကြီး သူမ ဘယ်ကပြန်လာတာလဲ။

သူတွေးရင်း ကားမောင်းလာသည်။

'ကျွန်မနာမည်က ဖြူဖြူပါ'

သူမကိုယ်သူမ မိတ်ဆက်သည်။ ထို့ကြောင့် သူကလည်း မိမိအမည်ကို မိတ်ဆက်လိုက်သည်။

'ကျွန်တော့်နာမည် ငြိမ်းဝေပါ၊ ဒီကို အလည်ရောက်လာသူလေ'

ပြောရင်း သူ့ကိုအကဲခတ်ကြည့်ရာ သူမ ချမ်းနေပုံရ





သည်ဟု တွေးမိသည်။ အဝတ်အစားတွေ မိုးစိုထားသဖြင့် သူမ ခန္ဓာကိုယ် အဖုအထစ်တွေက ရုန်းထွက်တော့မည့်အသွင်ရှိနေ၏။

ကိုငြိမ်း မိုးကာဂျာကင်အား လက်တစ်ဖက်နှင့်ယူပြီး

'ဒါလေး ဝတ်ထားလိုက်လေ၊ လေကိုကာကွယ်နိုင်လို့ အချမ်းလျော့သွားမှာပါ'

'ကျေးဇူးပါပဲ'

သူမက ဒါပဲပြောပြီး မိုးကာဂျာကင်ယူဝတ်သည်။ သူ့အသားက ဖြူးစင်သဖြင့် အပြာရောင်ဂျာကင်နှင့်လိုက်ဖက်သည်။

ထို့နောက် စကားမပြောဖြစ်။ အချိန်အနည်းငယ်ကြာသွားပြီဟုလည်း သိသည်။

ထိုစဉ် သူမက

'ရှေ့က လမ်းထိပ်မှာပဲရပ်ပေးပါ၊ ကျွန်မ လမ်းလျှောက်သွားပါ့မယ်'

ဟုပြော၏။

သူက ပြုံးပြီး ခေါင်းခါလိုက်သည်။ ပြီးမှ...

'အားမနာပါနဲ့ ဖြူ၊ မိုးကလည်း ရွာနေသေးလို့ ကျွန်တော် အိမ်ထိလိုက်ပို့ပေးခွင့်ပြုပါ၊ ပို့မယ်ပို့ ကူးတို့ရောက်အောင်ပို့ ဆိုတဲ့ စကားလိုလေ၊ ဟုတ်ဘူးလား'

ဖြူက မပွင့်တပွင့်ပြုံး၍

'ဖြူက အားနားလို့ပါ'



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောၶ၏။

'မိတ်ဖြစ်ဆွေဖြစ်ပေါ့'

ဟု သူကပြောၶ၏။

ထို့နောက် လမ်းရှေ့သို့ရောက်လျှင် ချိုးကွေ့လိုက်သည်။ လမ်းသည် အဖုအထစ်အခေါက်အကြောင်းသည့် မြေနီလမ်းဖြစ်သည်။

ဆေးတစ်ဖက်တစ်ချက်၌ အိမ်ကြီးအိမ်ကောင်းတွေရှိသည်။ ခက်လက်ဝေဖြာသည့် သစ်ပင်တွေရှိသည်။

မိုးကမူ မတိတ်သေး။

ခမ်းနားကျယ်ဝန်းသည့်ခြံတစ်ခြံရှေ့၌ ကားရပ်နိုင်းသဖြင့် သူရပ်လိုက်သည်။

'ဒါ ဖြူတို့အိမ်လေ'

'ကျေးဇူးပါပဲ၊ အင်္ကျီဝတ်သွားလေ၊ ဖြူ ခွင့်ပြုမယ်ဆိုရင် မနက်ဖြန်အပြန် ဝင်ခဲ့မယ်၊ အဲဒီတော့မှ အင်္ကျီပေးပေါ့'

'ကျေးဇူးပါပဲ'

သူကားပေါ်က ဆင်းသွားသည်။ သူကားကိုချိုးကွေ့လိုက်သည်။ ပြီးမှ ကြည့်လိုက်တော့ သူမ မရှိတော့။

♦ ♦ ♦ ♦ ♦

နောက်တစ်နေ့။

ဒီနေ့က ထူးထူးခြားခြား နေသာသည့်နေ့ဖြစ်သည်။ ည နှင့် မနက်၊ တစ်မနက်လုံး ခြံကိစ္စတွေ၊ စီစဉ်သင့်တာစီစဉ်သည်။





ပြီးနောက် ဦးမြအား နှုတ်ဆက်သည်။

'ဦးကမောင်ငြိမ်းဝေကို တစ်ရက်နှစ်ရက်နေဦးမယ်ထင်တာ'

ဟုပြောသည်။

'ကိစ္စလေးရှိလို့ပါ၊ နောက်များမှ အေးအေးဆေးဆေးနေမယ်၊ ခုတော့ ပွတ်ဘိုင်နော်'

ကိုငြိမ်းဝေပြန်ခဲ့သည်။

သူ့စိတ်ထဲ၌ သူမ ရုပ်သွင်ကိုမြင်နေသည်။ သူမ မိမိကို မျှော်နေမည်လား။ ထိုသို့သောအတွေးများဖြင့် သူကားအရှိန်မြှင့် မောင်းခဲ့သည်။

သူမ အိမ်ရှေ့သို့ရောက်လျှင် ကားရပ်ပြီး

'ပွမ်'

ဟွန်းသံပေးလိုက်သည်။

မကြာမီ ခြံထဲမှ အသက် ၆၀ အရွယ် အဖွားကြီးတစ်ဦး ထွက်လာသည်။ ရုပ်ရည်က နန်းဆန်ပြီး ခန့်ညားၶ၏။ သူလည်း ကားပေါ်မှဆင်းလိုက်သည်။

'ဘာကိစ္စရှိလဲ သူငယ်'

ခြံတံခါးဖွင့်ပြီး မေးလိုက်ၶ၏။

'ကျွန်တော် ငြိမ်းဝေပါ၊ ဖြူဖြူနဲ့တွေ့ချင်လို့ပါ'

အဖွားကြီး မျက်မှောင်ကြုံ့ပြီး အံ့သြဟန်ကြည့်ၶ၏။

'ဘာ သူငယ်... ဖြူဖြူနဲ့တွေ့ချင်လို့ဟုတ်လား'



www.burmeseclassic.com

www.burmeseclassic.com



ဟုမေးရ၏။

'ဟုတ်ပါပ . . ၄'

'မဟုတ်ဘူးနဲ့တူတယ်၊ ဒီမှာ ဖြူဖြူမရှိတာကြာပြီလေ၊ တစ်ခုခု မှားနေပြီထင်တယ်'

'ဗျာ . . . မဟုတ်ဘူး၊ ကျွန်တော် မမှားဘူး၊ ညက ကျွန်တော့် ကားပေါ်မှာ ဖြူဖြူနဲ့တွေ့လို့ ဒီအိမ်ရှေ့ထိလိုက်ပို့ခဲ့တာ'

အဖွားကြီးက သက်ပြင်းချခေါင်းခါလိုက်သည်။

'အေးလေ၊ ဒါဆိုရင်တော့ အဖွားရှင်းပေးရတော့မယ်လေ၊ အိမ်ထဲဝင်ပါဦး'

ဟုပြောသဖြင့် အဖွားကြီးနှင့်အတူ အိမ်ထဲသို့လိုက်ခဲ့သည်။ ခြံကကျယ်ဝန်းပြီး သစ်ပင်ပန်းမန်တွေရှိသည်။ အရောင်စုံအသွေးစုံ ပန်းတွေ ပွင့်နေသည်။ လေအသင့်၌ ပန်းရနံ့ရှူရှိုက်ရ၏။

အိမ်ထဲရောက်ပြီး ဧည့်ခန်းသို့ဝင်လိုက်လျှင် သူ ဝမ်းသာသွားသည်။ စီတန်းချိတ်ထားသည့်ဓာတ်ပုံများ၌ ဖြူ့ဓာတ်ပုံကို တွေ့လိုက်ရသောကြောင့်ပင်။

'ကျွန်တော်နဲ့ ညကတွေ့တဲ့ဖြူဟာ သူ့ပဲအဖွား'

ဟုပြောလိုက်သည်။ အဖွားကြီးက သက်ပြင်းရှိုက်ပြီး

'အော် ညက သူငယ် သူနဲ့တွေ့ခဲ့တာလား'

ဟုမေး၏။

'ဟုတ်ပါတယ်အဖွား၊ ညကတစ်ကိုယ်လုံးမိုးတွေစိုနေလို့ ကျွန်တော် ဂျာကင်တောင် ပေးလိုက်ပါသေးတယ်'



'ဟုတ်လား . . . သူ မင်းကို ကြည့်စယ်လိုက်ပြီနဲ့တူတယ်'

ဟုပြော၏။

'ဗျာ . . . ကြည့်စယ်တယ်ဟုတ်လား၊ အဖွားပြောတာ ကျွန်တော် နားမရှင်းဘူး'

'မင်းနားရှင်းအောင် အဖွားရှင်းပြမှာပါ၊ မင်း ညကတွေ့ခဲ့တဲ့ ဖြူဖြူက အခု လူ့ပြည့်မှာမရှိတော့ဘူးလေ၊ မင်း တွေ့ခဲ့တယ်ဆိုလဲ သူ့ဝိညာဉ်ပဲဖြစ်မယ်၊ တစ္ဆေအဖြစ်နဲ့ကြည့်စယ် ခြောက်လှန့်တာလဲ ဖြစ်နိုင်တယ်'

'ဗျာ . . . တစ္ဆေအဖြစ်နဲ့ ကြည့်စယ်ခြောက်လှန့်တာဟုတ်လား၊ သူ လူ့ပြည်မှာ တကယ်မရှိတော့တာလား'

'ဟုတ်တယ် သူငယ်၊ ဖြူဖြူက လွန်ခဲ့တဲ့ဘစ်လကျော် ကျော်လောက်က ကားအက်ဆီးဒင့်ဖြစ်ပြီး အခင်းဖြစ်နေရာမှာပဲ သေဆုံးသွားရှာပါတယ်'

'မဖြစ်နိုင်ဘူး အဖွား၊ သူက လူမှလူအစစ်'

'အဖွား မငြင်းမပွားချင်ဘူး၊ သက်သေပဲပြပါ့မယ်၊ လာ သူငယ်'

ဟုဆိုကာ ခြံနောက်သို့ခေါ်သွားသည်။ ယုဇနပန်းပင်၏ နောက်တွင် စစ်သချိုင်းကဂူသဏ္ဌာန် ဂူဘုံးခုယဉ်လှုက်ရှိနေသည် ကိုတွေ့ရ၏။





www.burmeseclassic.com

www.burmeseclassic.com



'ဒီဂူတွေက ဖြူ့ဂူနဲ့ သူ့ခမည်းတော်၊ မယ်တော်တို့ဂူလေ၊ အရိုးပြာနဲ့ အထိမ်းအမှတ်ပြုထားတာပါ၊ မင်း ကြည့်လိုက်ပါ'

သူ ကြည့်လိုက်တော့ ဂူငယ်သုံးခုနှင့်အတူတစ်ခုသော ဂူငယ်ပေါ်၌ ညကသူ့ကိုပေးလိုက်သည့်မိုးကာဂျာကင်ကို ခေါက်လျက်တွေ့သည်။ မိုးကာအင်္ကျီကို ဖယ်လိုက်တော့…

**ဖြူဖြူ**

**အသက် (၂၃)နှစ်**

**၁၃၅၆ ခု၊ နွှန်လ (၁၀) ရက်**

**နေ့ကွယ်လွန်သည်။**

ဟု ကျောက်တွင်းစာလုံးများကိုမြင်ရသည်။ သူ ဘာပြောရမည်မသိနိုင်တော့ပါ။ ကျွန်တော့်နားထဲတွင်မူ

'မင်းတွေ့ခဲ့တာ ဖြူ့ဝိညာဉ်ပဲဖြစ်မယ်၊ တစ္ဆေအဖြစ်နဲ့ ကြည်စယ်ခြောက်လှန့်တာပဲဖြစ်မယ်'

ဟူသော အဖွားအို၏စကားကဲ ပဲ့တင်ထပ်လျက်၊ ပဲ့တင်ထပ်လျက်။

◆ ◆ ◆ ◆

**မှတ်ချက်။** ။ ပရလောကသား တစ္ဆေသူရဲတို့သည်တစ်ခါတစ်ရံ ဤသို့ကြည်စယ်ခြောက်လှန့်တတ်သည်ဟု ရှေးလူဟောင်းတို့က ဆိုကြ၏။

**ဒေဝေါ**








မြန်မာနိုင်ငံ၏ နောက်ဆုံးဧကရာဇ်ဖြစ်သည့် သီပေါမင်း လက်ထက်တော်အခါက ဖြစ်သည်။

လယ်တီဆရာတော်ကြီးသည် မန္တလေးရွှေမြို့တော် "မဟာဇေတီကာရာမစံကျောင်း" ၌ စာပေကျမ်းဂန်များသင်ကြားပို့ချနေချိန် ဖြစ်သည်။

www.burmeseclassic.com



ဆရာတော်သည် သံဃာတော်တို့အား နေ့စဉ် ဆွမ်း၊ ကွမ်းနှင့် ရသာချိုချဉ်တို့အား ကပ်လှူခြင်း၊ ဆွမ်းအလို့ငှာ ဆွမ်းခံထွက် တော်မူခြင်းတို့အား နိစ္စဓူဝ၊ နေ့စဉ်မပျက် ဆောင်ရွက်တော်မူလေ့ရှိသည်။

တစ်ခုသောနံနက် အရုဏ်တက်ချိန်။

ဆရာတော်သည် စံကျောင်းတိုက်၌ရှိသော ကပ္ပိယကြီးအား……။

'ဒကာ၊ ကျုပ် ဆွမ်းခံထွက်တော့မယ်'

ဟုမိန့်၏။

ကပ္ပိယကြီးက လက်အုပ်ချီမိုး၍

'ကောင်းပါပြီဘုရား'

ဟုရိုကျိုးစွာ လက်ဆယ်ဖြာကြာစုံမိုး၍ လျှောက်ထား၏။

ထို့နောက် ဆရာတော်သည် သပိတ်ကိုပိုက်ကာ ကျောင်းတော်ကို ကျောခိုင်း၍ ဆွမ်းခံထွက်ခဲ့သည်။

မိုးမလင်းသေး။

◆ ◆ ◆ ◆ ◆

အရုဏ်ပျိုက မရဲတရဲကြည့်နေသလို၊ 'သိုက်မြုံမှထွက်ခွာရန် အသင့်ရှိနေသည့် ငှက်တို့၏အသံကို ကြားရသည်။ လေပြေ နှေးသွားပြီး အေးနေ၏။

ဆရာတော်သည်ကျဉ်းမြောင်းသည့် လမ်းသွယ်တစ်ခုအားမြင်တွေ့ပြီး ဝင်လိုက်စဉ် ဆရာတော်၏ ခြေလှမ်းများတုံ့ဆိုင်း





သွား၏။ ဆရာတော်သည်အပါယ်လေးဘုံသား တစ္ဆေကြီးတစ်ကောင်အား တွေ့လိုက်ရသောကြောင့် ဖြစ်သည်။

တစ္ဆေသည် ဆရာတော်၏လမ်းကို ဘာကြောင့်ပိတ်ဆို့ထားသနည်း။

'ဘာကြောင့် ငါ၏ ဆွမ်းခံကြွရာလမ်းကို ဟန့်တားထားသနည်း'

ဟုဆရာတော်က မေး၏။

ထိုအခါ ဆရာတော်သည် တစ္ဆေကြီးအတွက် စိတ်မချမ်းမြေ့ဖြစ်သွား၏။ သူသည် အကုသိုလ်များလှသူတည်း။ တစ္ဆေကြီး၏ ရုပ်သွင်သည် လွန်စွာအကျည်းတန်အရုပ်ဆိုးပြီး မသတီစရာကောင်း လွန်းလှသည်။

အနီရှာရုံမြင်ကွင်းလည်းဖြစ်၏။

ဆရာတော်ကြီးသည် တစ္ဆေကြီးအားမြင်လျှင် ဂရုဏာသက်ပြီး မေတ္တာပို့ အမျှပေးဝေလိုက်၏။

သာဓုအနုမောဒနာ သဘာက်ကြီးပြန်ဆိုသံကိုလည်းကြားရ၏။ သို့သော် သဘာက်ကြီးသည် မလှုပ်သေး။ မရွေ့သေး။

ဆရာတော်သည် အနီရှာရုံမြင်ကွင်းရှိသည့် မသတီစရာ သဘာက်ကြီးကိုကြည့်လိုက်၏။ အမျှပေးဝေ သာဓုခေါ်နိုင်ပါလျက် ဘာကြောင့်ပျောက်ကွယ်မသွားသနည်း။ ဆရာတော်၏ ဆွမ်းခံလမ်းအား ပိတ်ပင်ထားဆဲရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



သည်အခါ ဆရာတော်က တာခွေကြီးအား ကြည့်ကာ

'ငါ့မှာ ဆွမ်းခံဝတ်ရှိသည်ကို သင်မသိသလော၊ နေ့စဉ် အရုဏ်ဆွမ်းဆိုသည်မှာ ငါ၏နိစ္စဝတ်ဖြစ်၏၊ ယခု လင်းကြက် တွန်သံပင် ကြားနေရပြီ၊ ဒါယကာ ဤသို့ပိတ်ဆို့ထားသဖြင့် ဆွမ်းခံ ဝတ်ပျက်ဖွယ် ရှိသည်၊ လမ်းကို ဖယ်လော့ ဒါယကာ'

ဟုမိန့်တော်မူလိုက်၏။

သည်အခါ အရုပ်ဆိုးအကျည်းတန်လှသည့် တာခွေကြီး က ရိုကျိုးစွာဖြင့်

'အရှင်မြတ်ဘုရား သည်းခံတော်မူပါ၊ ဆွမ်းခံတော်လည်း မပျက်ရပါ ဘုရား၊ ယခုလို အရှင်မြတ်ဘုရားရှေ့တော်၌ ရပ်နေ ရသည်မှာ တပည့်တော်၏ ဝဋ်ဒုက္ခကြီးအား လွတ်မြောက်စေရန် အရှင်မြတ်ဘုရားထံ လျှောက်ထားရပါသည်ဘုရား'

ဟူ၍ ဆရာတော်ဘုရားကြီးအားဖွင့်လျှောက်၏။ ထို့နောက် သဘက်ကြီးက

'အရှင်မြတ်ဘုရား တပည့်တော်က လူ့ပြည် လူ့ဘဝက မကောင်းမှုအကုသိုလ်များသဖြင့် ယခုကဲ့သို့ မတင့်မတယ် စက် ဆုတ်ရွံ့ရှာဖွယ် ဖြစ်နေပါသည်ဘုရား'

'အရှင်မြတ်ဘုရား တပည့်တော်သည်(၁၅)ဝါအထိ သာ သနာတောင်၌နေခဲ့သည့် သာသနာ့ဝန်ထမ်း ရဟန်းတစ်ပါးဖြစ်ပါ သည် အရှင်မြတ်ဘုရား တပည့်တော်ဟာ ရဟန်းဘဝမှာ ဗျာဝါး





နိဝရထာန ဟူသည့် အမျက်ဒေါသကြီးခဲ့ပါတယ်အရှင်'

'အရှင်မြတ်ဘုရား၊ တပည့်တော်ဟာဒေါသလွှမ်းဖယက် ကြောင့်ကမ်းမမြင်လမ်းမမြင် ဝဲဂယက်၌နစ်မြုပ်သည့် လှေအလား ကဲ့သို့ နစ်မြုပ်ခဲ့ပါသည်အရှင်ဘုရား၊ ဒါကြောင့် အရှင်မြတ်ဘုရား အနေနှင့် တပည့်တော်အား အစဉ်သနားသောအားဖြင့် ယခုပစ္စက္ခ မျက်မှောက်ဘဝ၌ အပါယ်ဒုက္ခဝဋ်ဆင်းရဲသံသရာမှ အမြန်လွတ် မြောက်နိုင်ပါရန် အရှင်ဘုရားအား လျှောက်ထားရခြင်း ဖြစ်ပါသည် အရှင်ဘုရား၊ ထို့ကြောင့် ယခုတပည့်တော်နှင့် တွေ့ဆုံရာအရပ်အား အစဉ်အမြဲအမျှဝေပေးရန် မေတ္တာရပ်ခံပန် ကြားအပ်ပါသည် အရှင်ဘုရား'

ဟု တာခွေကြီးက ဝန်ခံလျှောက်ထားပြီးနောက် ဆရာတော် ၏ မျက်စေ့အောက်မှ ပျောက်ကွယ်သွားလေတော့သတည်း။

◆ ◆ ◆ ◆ ◆

ဆရာတော်ဘုရားကြီးသည် သိပေါမင်းပါတော်မူပြီး နောက် မုံရွာမြို့မြောက်ဘက်တွင် လယ်တီတောရကျောင်းကြီးအား တည်ထောင်၍ သီတင်းသုံးနေတော်မူခဲ့၏။ ထိုလယ်တီတောရ ကျောင်းတိုက်ကြီးနံဘေး၌ သုသာန်တစ်ခုရှိ၏။

ဆရာတော်ကြီး၏ သီလ၊ သမာဓိ၊ ပညာဘည်းဟူသော ဂုဏ်အကျင့်တို့ကြောင့် သုသာန်၌နေထိုင်ကြသော တာခွေ၊ သရဲ၊ မှတ်၊ ပြိတ္တာတို့ အစာရှာထွက်ပုံကို မြင်တွေ့ခဲ့ရသည်မှာ



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ဆရာတော်ကြီးသည် ထိုတစ္ဆေ၊ သရဲ၊ ပြိတ္တာများကို(ဖြုန်းစာ)ဟုခေါ်သည့် အစာအားကျွေး၍ မကြာခဏဆိုသလိုပုံကာကျွေးမွေးတော်မူသည်။ (ဖြုန်းစာဆိုသည်မှာ ဆန်၊ ဆန်ကွဲ အသီးအရွက်ရောနှော၍ ကျွေးချက်ထားခြင်းဖြစ်သည်)

◆ ◆ ◆ ◆ ◆

မှတ်ချက်။ ။ယင်းဖော်ပြပါ ဆရာတော်ဘုရားကြီး၏ တစ္ဆေ၊ သရဲ၊ ပြိတ္တာများနှင့် ကြုံတွေ့ရပုံအကြောင်းအား (၁၂၇၀) ပြည့်နှစ် မြောင်းမြမြို့နယ်၊ ဆားကျွန်းရွာတရားပွဲ၌ လယ်တီဆရာတော်ဘုရားကြီးကိုယ်တိုင် ထုတ်ဖော်ဟောပြောသည်ဟု မှတ်သားရသည်။

ဒေဝေါ








(၁၉၈၉) ခုနှစ်၌ရန်ကုန်မြို့နယ်နိမိတ်အတွင်းမှ ကျူးကျော်ရပ်ကွက်များအားဖျက်ပြီး လှိုင်သာယာ၊ ရွှေပြည်သာ၊ ဒဂုံ၊ အေးမြသာယာ စသည့်မြို့သစ်များ၌ နေရာချပေးခဲ့သည်။ အသွားအလာ ခက်ခဲသဖြင့်(၁၉၉၄)ခုနှစ် အထိ အသားမကျသေး။ ဈေးမှုန်တွေလည်း မဖွင့်ဖြိုးသေး။



www.burmeseclassic.com

www.burmeseclassic.com



လပြည့်လကွယ်ညများ၌ ကောင်းကင်ပြင်တွင်မီးလုံးကြီးများတက်လိုက်ကျလိုက်ကို မှတ်မိနေသေး၏။ မြို့လယ်မှပြောင်းလာသူများဖြစ်သဖြင့် ထူးခြားနေ၏။

"အဲဒီ မီးလုံးတွေကဘာတွေလဲဟင်⋯"

အထူးအဆန်းဖြစ်သဖြင့်မေးခွန်းမေးသံတွေက ဟိုနေရာဒီနေရာမှာကြားနေရသည်။ ထိုစဉ်က သဘော်ကိုသာအားကိုးနေရသဖြင့် အိမ်ပြန်မိုးချုပ်သူတွေကလည်းများသည်။ သရဲခြောက်ခံရတာတွေ တစ္ဆေအလိုက်ခံရတာတွေ လူတော်တော်များများကြုံကြရသည်။

ခြေသံတရှပ်ရှပ်နှင့် နောက်ကလိုက်တာတွေ၊ အပုတ်နံ့ရတာတွေကတော့ လူတော်တော်များများကြုံဖူးခဲ့ကြသည်မို့ သိပ်မထူးဆန်းတော့ပေ။ ဒီအထဲမှာမှ လှမေကျော့တစ်ယောက် တစ္ဆေနှင့် နဖူးတွေ့ဒူးတွေ့ တွေ့လိုက်ရပုံကတော့ တကယ့်ခြောက်ခြားစရာပင်တည်း⋯။

◆ ◆ ◆ ◆ ◆

လှမေကျော့ အိမ်ထောင်ကျပြီးတော့ ကျွန်းလှလမ်းမှာနေသည်။ လှမေကျော့ခင်ပွန်း ကိုစိန်ကြီးက အသေးစားဟိုတယ်တစ်ခု၏ ဝန်ထမ်းဖြစ်သည်။ ကိုစိန်ကြီးနှင့် လှမေကျော့တို့အိမ်ကကျွန်းလှလမ်းထိပ်နားမှာရှိပြီး ဆင်ဖြူရှင်လမ်းနှင့်နီးသည်။

ကျွန်းလှလမ်းမှ ထွက်လိုက်လျှင် အ.ထ.က (၂) ကို





တန်းရောက်သည်။ ညာဘက်ချိုးပြီး ခြေလှမ်းသုံးလေးဆယ်လောက်တွင်တံတားတစ်ခုရှိသည်။ (၁၀) ရပ်ကွက်နှင့် (၁၁)ရပ်ကွက်အား ပိုင်းဖြတ်ထားသည့် ချောင်းကလေးပေါ်က တံတားဖြစ်သည်။ ထိုချောင်းကလေးက မိုးအခါမှသာရေရှိပြီး နွေအခါတွင် ကောနေတတ်သည်။ တံတားက အုတ်တံတားမို့ခိုင်ခန့်၏။

တစ်ခါတရံထိုတံတားပေါ်တွင် အပျော်တမ်းဂီတာသံများတွေ့ရှိတတ်သည်။ သီချင်းသံကျူးတိုးကျဲတဲကြားရတတ်သည်။ အဲဒါကလည်း ည(၉)နာရီခန့်အထိသာ။ ကိုးနာရီနောက်ပိုင်းတွင် မည်သူမျှမရှိတော့။

လှမေကျော့တို့ ဇနီးမောင်နှံက ရပ်ကွက်ကို မီးစက်မောင်းကာ လျှပ်စစ်မီးပေးသည်။ ည(၁၀)နာရီတွင် မီးပိတ်ပြီး တစ်ခါတစ်ရံ တံတားဘက်သို့လမ်းလျှောက်ထွက်ဖြစ်သည်။ တံတားမှာခဏတစ်ဖြုတ်ထိုင်ကာ စကားပြောရင်းလေညှင်းခံလေ့ရှိကြသည်။

◆ ◆ ◆ ◆ ◆

တစ်ညတွင် ထုံးစံအတိုင်း လှမေကျော့တို့လင်မယားနှစ်ယောက် တံတားပေါ်တွင်လေညှင်းခံနေကြသည်။ လှကျော့မေက တံတားဘောင်ပေါ်၌ထိုင်ပြီး စိန်ကြီးကတံတားကို လက်ထောက်ကာရပ်နေ၏။ လင်မယားနှစ်ယောက် စကားကောင်းနေစဉ် ထိုစဉ် တံတားပေါ်သို့ တစ်စုံတစ်ယောက် ခေါင်းငုံ့လျှက် ဘက်ငှ

www.burmeseclassic.com



သည်ကို လှမေကျော့တွေ့လိုက်ရသည်။ စိန်ကြီးကမူ ကျောခိုင်းထားသဖြင့် မတွေ့။

ခေါင်းငုံ့ကာတံတားပေါ်တက်လာသူက တဖြည်းဖြည်း လှမေကျော့တို့နှင့် နီးလာလေလေ လှမေကျော့၏စိတ်ထဲတွင် မသိုးမသန့်ဖြစ်လာသဖြင့် တံတားဘောင်ပေါ်မှ အောက်သို့ဆင်းလိုက်သည်။ ထိုသူမှာလှမေကျော့တို့နှင့် လက်တစ်ကမ်းအကွာသို့ရောက်လာသည်တွင် ရုတ်တရက်သူ၏ခေါင်းကိုမော့လိုက်ရာ လှမေကျော့၏ ကြောက်လန့်တကြားအော်ဟစ်သံထွက်ပေါ်လာသည်။

'အောင်မလေး လုပ်ပါဦး ကိုစိန်ရဲ့ နောက်မှာ‥နောက်မှာ'

လှမေကျော့မြင်လိုက်ရသည်က တံတားပေါ်တက်လာသူ၏ မျက်နှာ။ ထိုမျက်နှာကြီးက မျက်လုံးမျက်ခုံး ပါးစပ်စသည့် လူတစ်ယောက်၏ သွင်ပြင်လက္ခဏာများ လုံးဝမပါဝင်ဘဲ အချောကိုင်ထားသော ကျောက်တုံးတစ်တုံး၏ မျက်နှာပြင်သဖွယ် ဖြစ်နေသည်။ လှမေကျော့က တစ်ကိုယ်လုံးတုန်ယင်လျက် စိန်ကြီးရင်ခွင်ထဲတိုးဝင်ကာ ခေါင်းကိုဝှက်ထားသည်။

စိန်ကြီးက နောက်သို့ချက်ချင်းလှည့်ကြည့်လိုက်သည်။ စိန်ကြီးမြင်ကွင်းထဲတွင်ဘာမှမရှိ။ တံတားပေါ်တွင် လှမေကျော့နှင့်သူ နှစ်ယောက်တည်းရှိသည်။

'မကြောက်ပါနဲ့မေရယ် ဘာမှမရှိပါဘူး'





'မဟုတ်ဘူးကိုစိန် မေ သေသေချာချာတွေ့လိုက်ရတာ'

လှမေကျော့ကတကိုယ်လုံးတဆတ်ဆတ်တုန်ရင်းမှ ပြောတော့

စိန်ကြီးလည်း ကျောတစ်လျှောက် စိမ့်ကာကြက်သီးများတစ်ကိုယ်လုံးထသွားသည်။

'ကိုစိန်တို့တော့ သရဲအခြောက်ခံရပြီ လာပြန်ကြစို့'

စိန်ကြီးက ချွေးတွေပြန်နေသော လှမေကျော့လက်ကိုဆွဲကာ အိမ်သို့ သုတ်ခြေတင်ပြန်ခဲ့ကြတော့သည်။ နောက်နေ့ညများတွင် လင်မယားနှစ်ယောက် တံတားပေါ်သို့ ခြေဦးမလှည့်တော့။ သို့သော် ထိုညကကြုံတွေ့ခဲ့ရသည့် အဖြစ်ကိုဘယ်တော့မှမေ့နိုင်တော့မည် မဟုတ်။

◆ ◆ ◆ ◆ ◆

မှတ်ချက်။ ။ ယခုတော့လှိုင်သာယာသည် စည်ပင်တိုးတက်သောမြို့နယ်တစ်ခုဖြစ်နေပြီဖြစ်ရာ ထိုအဖြစ်မျိုးဖြစ်သည်ကိုမကြားရတော့ပေ။ ဖြစ်ရပ်မှန်ကို သိခွင့်ပေးခဲ့သော ကိုစိန်ကြီးတို့လင်မယားကိုကျေးဇူးတင်လျက်။

တာရာသုတေသီ
သေဆွေ



www.burmeseclassic.com